
mgyoe.com




# မဟာလူသားဗုဒ္ဓ

ပါရဂူ

mgyoe.com

mgyoe.com



မဟာလူသားဗုဒ္ဓ

ပါရဂူ

ISBN9789997115393
PYG51
9 789997 115393
3,500.00KS

mgyoe.com

mgyoe.com

မဟာလူသားဗုဒ္ဓ ပါရဂူ
စာမျက်နှာ ၂၇၆ + မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဒိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇွန်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း အုပ်ရေ ၅၀၀။
၁၉၇၉ ယောမင်းကြီးစာပေ၏ တတိယအကြိမ်မှ

ရောင်းဈေး ၃ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# မဟာလူသားဗုဒ္ဓ

## ပါရဂူ

မြန်မာပြန်

မြန်လဘညီကိုကိုတိုက်နှိပ်ခြင်း၊ ၂၀၀၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဘဝဖြစ်စဉ် | ၁ |
| ၂။ | ဧေတဝန်အလှူ | ၁၆ |
| ၃။ | နောက်ဆုံးနှစ် | ၂၄ |
| ၄။ | ဗုဒ္ဓ၏ ထူးခြားချက်များနှင့် အတွေးအခေါ်များ | ၄၄ |
| ၅။ | ဗုဒ္ဓခေတ် ပြဇာတ် | ၇၅ |
| ၆။ | အဝန္တိ၌ တရားဓမ္မဖြန့်ဖြူးခြင်း | ၈၀ |
| ၇။ | လူဝတ်ကြောင်တို့၏ အကျင့်တရား | ၉၄ |
| ၈။ | အဟိံသာ | ၁၀၃ |
| ၉။ | ဘေသဇ္ဇဂုရု | ၁၂၄ |
| ၁၀။ | ဇာတ်သည် ဂုဏ်မဟုတ် | ၁၃၂ |
| ၁၁။ | မဟာဇနဝါဒီ ဗုဒ္ဓ | ၁၄၅ |
| ၁၂။ | ဝါဒ သဘောတရား | ၁၆၀ |
| ၁၃။ | ဗုဒ္ဓ၏ အဘိဓမ္မာ | ၁၈၁ |
| ၁၄။ | အနိစ္စဝါဒီ ဗုဒ္ဓအဘိဓမ္မာ | ၁၉၁ |
| ၁၅။ | ပညာပါရမိတာ | ၂၀၄ |
| ၁၆။ | ဗုဒ္ဓဘာသာ၏ အကျိုးပြုချက်များ | ၂၁၄ |
| ၁၇။ | သာသနာပြုလုပ်ငန်း | ၂၂၉ |
| ၁၈။ | ဗုဒ္ဓဘာသာ၏ အခြေခံ သဘောတရားများ | ၂၅၀ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



ဤစာအုပ်၌ ဗုဒ္ဓ၏ဘဝဖြစ်စဉ် သို့မဟုတ် ဗုဒ္ဓဝင်၏ အမျိုးမျိုးအထွေထွေသော အစိတ်အပိုင်းများနှင့် ပတ်သက်သော အကြောင်းအရာများကို ရေးသားဖော်ပြထားပေသည်။ ဆောင်းပါးစာတမ်းများမှာ သာသနာ ၂၅၀၀–ပြည့်နှစ် အထိမ်းအမှတ်အတွက် စာစောင်အသီးသီးတွင် ရေးသားထားသော ဆောင်းပါးများဖြစ်ပေသည်။ ဗုဒ္ဓ၏ဘဝဖြစ်စဉ်နှင့် ဗုဒ္ဓ၏တရားများကို အကျယ်တဝင့် သိလိုသူများသည် "ဗုဒ္ဓစရိယာ"၊ "ဒီဃနိကာယ်"၊ "မဇ္ဈိမနိကာယ်"၊ "ဝိနယပိဋက"၊ "ဗုဒ္ဓဒဿန (ဗုဒ္ဓအမြင်)" စသော ကျွန်ုပ် ရေးသားထားသော ဘာသာပြန်ဆိုထားသော စာအုပ်များကို ကြည့်ရှုလေ့လာသင့်ပေသည်။

မဆူရီ　　　　ရာဟုလာ သံကိစ္စာယန

၁၃-၈-၅၆

❁ ❁ ❁

mgyoe.com

mgyoe.com

# မြန်မာပြန်သူ၏ ရည်ညွှန်းချက်

အကြြင်စာအုပ်များမှ ကျွန်ုပ်သည် တိုးတက်သော အသိ၊ တိုးတက်သောအမြင်ကိုရရှိ၏။ ထိုစာအုပ်များကိုရေးသူ ရာဟုလာသံကိစ္စည်းအား ရည်ညွှန်းပါသည်။

❀ ❀ ❀

mgyoe.com

mgyoe.com



၁၉၅၆–ခုနှစ် သာသနာနှစ်ထောင့်ငါးရာ အထိမ်းအမှတ်ပွဲအတွက် အထူးထုတ်ဝေကြသော အိန္ဒိယပြည်စာနယ်ဇင်းများတွင် ရာဟုလာသံကိစ္စည်းသည် ဗုဒ္ဓဘာသာအကြောင်း ဆောင်းပါးများကို ရေးသားခဲ့လေသည်။ ထိုဆောင်းပါးများကို စုဆောင်းပြီးလျှင် အိန္ဒိယပြည်လပ်ခနောင်မြို့ ဗုဒ္ဓဝိဟာရမှ "မဟာမာနဝဗုဒ္ဓ" ဟူသောအမည်ဖြင့် စာအုပ်တစ်အုပ် ရိုက်နှိပ်ဖြန့်ချိခဲ့လေသည်။ ထိုစာအုပ်ကို "မဟာလူသား ဗုဒ္ဓ" ဟူသောအမည်ဖြင့် မြန်မာဘာသာပြန်ဆိုလိုက်ပါသည်။ ဤစာအုပ်ပါ ဆောင်းပါးများမှာ တစ်နေရာတည်းတွင် ရေးခြင်းမဟုတ်ဘဲ ထိုထိုစာစောင်များ၌ ရေးသားခြင်းဖြစ်သောကြောင့် တစ်ခါတစ်ရံ ဆောင်းပါးတစ်ခုနှင့်တစ်ခု အနည်းငယ်ထပ်နေသည်ကို တွေ့ရပါလိမ့်မည်။ သို့ရာတွင် အချက်အလက်တစ်ခုစ နှစ်ခုစထပ်နေသည်မှတစ်ပါး ဆောင်းပါးများ၏ ဆိုလိုရင်းများမှာ တစ်ခုနှင့်တစ်ခု မတူကြပေ။ သို့ဖြစ်၍ ထုတ်နုတ်ခြင်းမပြုဘဲ သူ့အတိုင်းပင် မြန်မာပြန်လိုက်ပါသည်။

၂၇-၁၀-၆၄ ပါရဂူ

✿ ✿ ✿

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဘဝဖြစ်စဉ်

**၁။ ထွက်တော်မူနန်းကခွာသည်**

သိဒ္ဓတ္ထဂေါတမကို ၅၆၃–ဘီစီ ပတ်ဝန်းကျင်တွင် မီးရှူးသန့်စင် ဖွားမြင်သည်။ သိဒ္ဓတ္ထဂေါတမ၏ ဖခမည်းတော် သုဒ္ဓေါဒနကို သကျ တို့၏ဘုရင် (ရာဇာ)ဟု ခေါ်ကြသည်။ သို့ရာတွင် ကျွန်ုပ်တို့ သိရ သည်မှာ သုဒ္ဓေါဒနနှင့် အတူတကွ ဘဒ္ဒိယနှင့် ဒဏ္ဍပါဏိတို့ကိုလည်း ရာဇာဟု ခေါ်လေသည်။ ယင်းကိုထောက်၍ သကျတို့၏ ပြည်သူ့ အုပ်ချုပ်ရေး ဂဏအဖွဲ့ (ဆီနိတ် သို့မဟုတ် ပါလီမန်)၏ အဖွဲ့ဝင်များ ကို လိစ္ဆဝီဂဏ အဖွဲ့ဝင်များကဲ့သို့ ရာဇာဟူ၍ပင် ခေါ်ဝေါ်ကြသည်ဟု အဓိပ္ပာယ်ကောက်ယူအပ်ပေသည်။ သိဒ္ဓတ္ထ၏မယ်တော် မာယာဒေဝီ သည် မိဘရပ်ရွာသို့ပြန်စဉ် ကပိလဝတ် နေပြည်တော်မှ မိုင်အနည်း ငယ်ခန့် အဝေးသို့အရောက်တွင် လုမ္ဗိနီအမည်ရှိ အင်ကြင်းဥယျာဉ်၌ သိဒ္ဓတ္ထကို ဖွားမြင်လေသည်။ သိဒ္ဓတ္ထ ဖွားမြင်ပြီးနောက် ၃၁၈ နှစ် ကြာသောအခါ၌ မိမိ၏ရာဇဘိသိက် ခပ်နိုပ်ပြီး အနှစ်နှစ်ဆယ် မြောက်တွင် အသောကဘုရင်သည် ထိုလုမ္ဗိနီဥယျာဉ်၌ ကျောက်တိုင် တစ်တိုင်ကို စိုက်ထူခဲ့လေ၏။ ထိုကျောက်တိုင်သည် ယနေ့ထက်တိုင် တည်ရှိနေသည်။

mgyoe.com

mgyee.com

သိဒ္ဓတ္ထ မွေးဖွားပြီး တစ်ပတ်အကြာ၌ပင် သူ၏မယ်တော်သည် နတ်ရွာစံ ကံတော်ကုန်ခဲ့သည်။ အဒေါ်လည်းဖြစ်၊ မိထွေးလည်းဖြစ်သူ မဟာပဇာပတိ ဂေါတမီက သိဒ္ဓတ္ထအား မွေးမြူကြည့်ရှုဖို့ တာဝန်ယူရလေသည်။ သိဒ္ဓတ္ထအား ကမ္ဘာလောကကို ငြီးငွေ့ပြီး တမှိုင်မှိုင် တတွေတွေ ဖြစ်နေသည်ကို တွေ့ရသောအခါ သုဒ္ဓေါဒနသည် ရသေ့ရဟန်းတို့၏ လှည့်ဖြားခြင်းခံရပြီး သူ၏သား တောထွက်သွားမှာ စိုးရိမ်ကြောင့်ကြခြင်း ဖြစ်မိလေ၏။ သို့ဖြစ်၍ သူသည် အိမ်နီးနားချင်းနိုင်ငံဖြစ်သည့် ကောလိယဂဏ (ပြည်သူ့အုပ်ချုပ်ရေးနိုင်ငံ)မှ သမီးတော်အလှ ဘဒ္ဒကဥ္စနာ (သို့မဟုတ် ယသောဓရာ) နှင့် စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားပေးလိုက်လေ၏။ သိဒ္ဓတ္ထသည် အတန်ကြာမျှ ဤကျန်ရသွားသည်။ ထိုအတွင်း သိဒ္ဓတ္ထတွင် သားတစ်ယောက် ဖွားမြင်လာလေ၏။ ထိုသားငယ်အား သိဒ္ဓတ္ထသည် မိမိ၏ တက်ကြွနေသည့် အကြံတည်းဟူသော လဝန်းကို မျိုပစ်လိုက်သည့် 'ရာဟု' ဟုပင် မှတ်ထင်အောက်မေ့သည်ဖြစ်၍ ရာဟုလာဟု အမည်နာမ မှည့်ခေါ်လိုက်လေ၏။ သူအို၊ သူနာ၊ သူသေနှင့် ရဟန်းတည်းဟူသော ရှုကွင်း၊ ရှုကွက်များကို ရှုမြင်ရသည်ဖြစ်၍ လူ့လောကအား ငြီးငွေ့သည်ထက် ငြီးငွေ့လာပြီးလျှင် တစ်ညသ၌ သူသည် တိတ်တဆိတ် နန်းတော်မှ ထွက်ပြေးခဲ့လေ၏။ ထိုအကြောင်းနှင့်စပ်လျဉ်းပြီး ဗုဒ္ဓကိုယ်တိုင် ကျူနာရ်(သုသုမာရဂိရိ)၌ ဝံသဘုရင် ဥဒယန၏ သားဖြစ်သူ ဗောဓိရာဇကုမာရအား ဟောပြတော်မူသည်။

(မဇ္ဈိမနိကာယ်၊ ၂၊ ၄၊ ၄)

"မင်းသား၊ ဘုရားမဖြစ်မီက ငါလည်း 'ချမ်းသာသုခနှင့် ရင်းနှီးသဖြင့် ချမ်းသာသုခကို မရနိုင်၊ ဆင်းရဲဒုက္ခဖြင့် ရင်းနှီးမှ ချမ်းသာသုခကို ရနိုင်၏' ဟူသော အကြံဖြစ်ပေါ်ဖူးပြီ။ ထို့ကြောင့် ပျိုမျစ်နုနယ်ပြီး နက်သောဆံပင်ရှိသော၊ ကောင်းသောအရွယ်ရှိသော ပထမအရွယ်၌

mgyee.com

mgyoe.com


ပင် မိဘများ မျက်ရည်စက်လက် ငိုကြွေးနေစဉ် လူ့ဘောင်မှ ခွာရှောင်ပြီး ... ရဟန်းဘောင်ဝင်ရောက်၏။ ... (ပထမတွင်) အာဠာရကာဠာမ (၏အထံသို့) ... ချဉ်းကပ်ခဲ့၏ ...”

အဠာရ ကာဠာမသည် ယောဂ(သမထ)အကျင့် ကျင့်ကြံအားထုတ်နည်းအချို့ကို ပြောပြသည်။ သို့ရာတွင် သိဒ္ဓတ္ထသည် နှစ်သိမ့်ရောင့်ရဲခြင်း မရှိပေ။ ထိုနေရာမှ တစ်ဖန်ထွက်ခွာလာခဲ့ပြီးလျှင် သိဒ္ဓတ္ထသည် ဥဒကရာမပုတ္တ၏အထံသို့ ရောက်သွားပြန်သည်။ ထိုနေရာ၌ ယောဂအကျင့် ကျင့်ကြံအားထုတ်နည်းအချို့ကို သင်ကြားဆည်းပူးသည်။ သို့သော်လည်း သိဒ္ဓတ္ထသည် အားရကျေနပ်ခြင်း မရှိခဲ့ပေ။ ထိုနောက်တွင် သူသည် ဗောဓဂယာ၏အနီး၌ ခြောက်နှစ်လောက် ယောဂအကျင့်နှင့် အစာမစားသောအကျင့်ကို ကြောက်ခမန်းလိလိ ကျင့်ကြံအားထုတ်ခဲ့သည်။ ထိုအကျင့်နှင့်ပတ်သက်ပြီး ဗုဒ္ဓကိုယ်တော်တိုင် ဟောပြထားခဲ့သည်။

“ငါ၏ကိုယ်ခန္ဓာသည် (အားနည်းပိန်ကြုံခြင်း)၏ အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ ငါ၏အင်္ဂါကြီးငယ်တို့သည် အနှစ် ၈၀ ကြာပြီဖြစ်သော သစ်ပင်၏အဖုအထစ်များကဲ့သို့ ယိုယွင်းနေကြလေကုန်ပြီ။ ... ငါ၏ တင်ပါးဆုံသားသည် ကုလားအုပ်၏ခြေထောက်ကဲ့သို့ ဖြစ်နေ၏။ ... ငါ၏ ကျောက်ကုန်းရိုးသည်လက်ပွတ်စူးများကိုတန်းထားသကဲ့သို့ အနိမ့်အမြင့်ဖြစ်နေ၏။ ...ငါ၏ နံရိုးတို့သည် ဖရိုဖရဲ အထက်တင်၊ အောက်ကျ ပျက်စီးနေသော ဇရပ်ဆွေး၏အခြင်တို့ကဲ့သို့ ဖရိုဖရဲ အထက်တင်အောက်ကျဖြစ်နေကုန်၏။ ... နက်သောရေတွင်းထဲက ကြယ်တာရာကဲ့သို့ ငါ၏မျက်ကွင်းအတွင်း၌ မျက်လုံးတို့သည် ဟောက်ပက်နက်ရှိုင်းစွာ ဝင်နေကြသည်။ ... အနုလိုက်ဆွတ်ထားသော ဘူးခါးသီးသည် လေ, နေပူဖြင့် တွေ့ထိကာ ရှုံ့တွနေသကဲ့သို့ ငါ၏ ဦးခေါင်းရေသည် ရှုံ့တွနေ၏။ ...ထိုကဲ့သို့ အစာဖြတ်ထားခြင်းကြောင့် ငါ၏ကျောရိုးများနှင့် ဝမ်းရေများလုံး၀ ကပ်နေကြ

mgyoe.com

mgyoe.com

လေပြီ။ အကယ်၍ ငါသည်ကျင်ကြီး၊ ကျင်ငယ် စွန့်ရန်အတွက် ဆလိုက်လျှင် ထိုနေရာ၌သာ မှောက်ခုံလဲကျ၏။ ကိုယ်ကာယကို သက်သာစေရန် လက်ဖြင့်ပွတ်သပ်လိုက်လျှင် ဆွေးနေသော အမွေး တို့သည် ငါ၏ကိုယ်မှ အမြစ်ပါကျွတ်ကျကုန်သည်။ "ရဟန်းဂေါတမ သည် မည်းနက်သော အဆင်းရှိ၏" ဟု လူများက ပြောကြသည်။ အချို့က "ရဟန်းဂေါတမသည် မည်းနက်သော အဆင်းရှိသည်မဟုတ် ညိုပြာသော အဆင်းရှိ၏"ဟု ဆိုကြသည်။ ... အချို့သော လူများက "ရဟန်း ဂေါတမသည် မည်းနက်သော အဆင်းရှိသည်လည်း မဟုတ် ညိုပြာသော အဆင်းရှိသည်လည်း မဟုတ်၊ ငါးခူရောင် အဆင်းရှိ၏" ပြောဆိုကြသည်။ ငါ၏ ထိုမျှလောက် ဖြူဖွေးစင်ကြယ်လျက်ရှိသော အရေအဆင်းသည် ပျက်စီးသွားကြလေကုန်သည်။

"... သို့ရာတွင် ငါသည် ဤသို့ကျင့်ခြင်းအားဖြင့် ထိုအထွတ် အထိပ်ဖြစ်သော ဉာဏ်အမြင်ထူးကို မရရှိပေ။ (ထိုအခါ၌) ဗောဓိ (ဉာဏ်)ကို သိရှိရန်အတွက် တခြားနည်းလမ်း ရှိသေးသလော–ဟု အကြံဖြစ်ပေါ်လာ၏။ ထိုအခါ၌ ငါသည် ခမည်းတော်(သုဒ္ဓေါဒန) သကျမင်း၏လယ်ထွန်မင်္ဂလာကိစ္စ၌ အေးသော သပြေပင်ရိပ်ဝယ် ထိုင်လျက် ... ပထမ ဈာန်ကိုရရှိကာ နေထိုင်ခဲ့ဖူးသည်ကို အမှတ်ရလာ ၏။ ... ယင်း ပထမဈာန်သည် သစ္စာတရားကို သိမြင်ရေးအတွက် လမ်းကြောင်းဖြစ်ပေလိမ့်မည်။ ... သို့ရာတွင် ဤကဲ့သို့သော အလွန် ပိန်ကြုံသော ကိုယ်ကာယဖြင့် ထို(ဈာန်)ချမ်းသာကို ရရန်မလွယ်။ ထိုနောက် ငါသည် အစာကြမ်းဖြစ်သော ထမင်းနှင့်ပဲဟင်းကိုစား၏။ ထိုအချိန်၌ ငါ၏အထံတွင် ပဉ္စဝဂ္ဂီ ရဟန်းငါးပါးသည် ဆည်းကပ်နေ ကြ၏။ ... ငါ ကြမ်းတမ်းသော အစာအာဟာရတို့ကို စားသောအခါ ထိုရဟန်း ငါးပါးသည် ... စိတ်ပျက်ပြီး ထွက်သွားကြလေသည် ..."

နောက်ပိုင်း ဘဝခရီးစဉ်နှင့်ပတ်သက်၍ ဗုဒ္ဓသည် အခြား တစ်နေရာ၌ ဟောပြတော်မူလေသည် – (မဇ္ဈိမနိကာယ် ၁၊ ၃၊ ၆)

mgyoe.com

mgyoe.com

"ငါသည် နှစ်လိုဖွယ်ကောင်းသော မြေပြင်တစ်ခု၌၊ တောရပ်တစ်ခု၌ မြစ်တစ်ခု (နေရဉ္ဇရာ) စီးဆင်းနေသည်ကို မြင်ရသည်။ ထိုမြစ်၏ဆိပ်ကမ်းသည် သာယာကြည်နူးဖွယ်ကောင်း၏။ သန့်ရှင်းစင်ကြယ်၏။ ဤနေရာသည် ကမ္မဋ္ဌာန်းဘာဝနာပွားများရန်အတွက် သင့်လျော်သောနေရာဖြစ်၏ဟု (စဉ်းစား၍) ထိုနေရာ၌ ထိုင်လိုက်သည်။ (ထိုနောက်) ... ဇာတိ၏ မကောင်းကျိုးကို သိရပြီး ... နှိုင်းခိုင်းစရာ ဥပမာ မရှိသော နိဗ္ဗာန်ကိုရရှိလေ၏။ ငါ့အား ဉာဏ်အမြင်သည် ဖြစ်ပေါ်လာသည်။ ငါ့စိတ်၏လွတ်မြောက်မှုသည် ယိမ်းယိုင်တုန်လှုပ်ခြင်း မရှိတော့ပေ။ ဤဘဝသည် အပြီးသတ်ဘဝ ဖြစ်သည်။ နောက်ထပ်တစ်ဖန် တခြားဇာတိ ဖြစ်တော့မည် မဟုတ်ပေ ..."

သိဒ္ဓတ္ထ၏ဤကဲ့သို့သော ဉာဏ်အမြင်သည် ဖြစ်၏–ဒုက္ခ၊ ဒုက္ခ၏အကြောင်း (သမုဒယ)၊ ဒုက္ခ၏ ချုပ်ငြိမ်းမှု (နိရောဓ)၊ ဒုက္ခချုပ်ငြိမ်းမှု၏လမ်းစဉ် (မဂ္ဂ)၊ "အကြင်ဓမ္မ (အရာဝတ္ထုအဖြစ်အပျက်)တို့သည် ရှိကြ၏။ ထိုဓမ္မတို့သည် အကြောင်းတရားကြောင့် ဖြစ်ပေါ်လာကြခြင်း ဖြစ်သည်။ ထိုဓမ္မတို့၏အကြောင်းကို ဗုဒ္ဓက ဟောပြတော်မူသည်။ ၎င်းတို့၏ ချုပ်ငြိမ်းမှုကိုလည်း ဗုဒ္ဓက ဟောပြတော်မူသည်။ ဤကဲ့သို့သော အယူအဆရှိသည့် မဟာသမဏ ဖြစ်လေသည် ..."

သိဒ္ဓတ္ထသည် နှစ်ဆယ့်ကိုးနှစ်အရွယ် (၅၃၄–ဘီစီ)တွင် လူ့ဘောင်ကို စွန့်ခွာလေသည်။ ခြောက်နှစ်တိတိ ယောဂအကျင့် ဒုက္ကရစရိယာအကျင့်ကို ကျင့်ပြီးနောက် တရားဘာဝနာပွားများခြင်းအားဖြင့်လည်းကောင်း၊ တွေးကြံခြင်းအားဖြင့်လည်းကောင်း၊ ၃၅ နှစ်အရွယ် (၅၂၈–ဘီ–စီ) ၌ (ဗောဓိဉာဏ်) ကိုရရှိပြီး ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူသည်။ ထိုနောက် ၄၅ နှစ်တိတိ ဗုဒ္ဓသည် မိမိ၏ ဂရားဓမ္မ (အဘိဓမ္မာ)ကို ဟောကြားပြီး အသက် ၈၀ အရွယ် (၄၈၃–ဘီ–စီ)တွင် ကုသိနာရုံ၌ ပရိနိဗ္ဗာန် ပြုတော်မူသည်။

mgyoe.com

၂။ အခြေခံတရား

ဗုဒ္ဓဖြစ်ပြီးနောက် ဗုဒ္ဓသည် ပထမဦးဆုံး အစာပြန်စားသည်ဖြစ်၍ မိမိအား ကျဆုံးသွားပြီဟုထင်ပြီး စွန့်ခွာထွက်သွားကြသော ရဟန်းငါးဦး(ပဉ္စဝဂ္ဂီ)တို့အား မိမိအသိဉာဏ်နှင့် ထိုက်တန်သူများဟုနားလည်သဘောပေါက်တော်မူသည်။ ရှာဖွေစုံစမ်းပြီးလျှင် ဗုဒ္ဓသည် ရဟန်းငါးဦးတို့၏ ကျောင်းသခ်မ်းရှိရာ ဣသိပတန မိဂဒါဝုန် (ဆာရ်နာထ်၊ ဗနာရဆီ) သို့ ရောက်လာတော်မူသည်။ ဗုဒ္ဓ၏ ပထမဦးဆုံးဖြစ်သော အဆုံးအမ ဒေသနာတော်သည် အစာဖြတ်ခြင်းကို စွန့်လွှတ်ပြီး အစာပြန်စားသော ဂေါတမအား ပဉ္စဝဂ္ဂီငါးဦးတို့ စွန့်ခွာသွားခြင်း၏အကြောင်းဖြစ်သော ယုံမှားသံသယကို ပယ်ဖျောက်ရန်အတွက် ဟောကြားသော အဆုံးအမ ဒေသနာတော် ဖြစ်လေသည်။ ဗုဒ္ဓက ဟောကြားတော်မူခဲ့လေသည်။ **(သံယုတ္တနိကာယ်-၅၅၊ ၂၊ ၁)**

"ရဟန်းတို့ ဤအစွန်းနှစ်ခု (လွန်သောလမ်းစဉ်)ကို မမှီဝဲအပ်။ (၁) ကာမချမ်းသာ၌ ငြိကပ်နေခြင်း – (၂) ကိုယ်ကာယ အပင်ပန်းခံခြင်း – ဤအစွန်းနှစ်ခုကိုစွန့်၍ (ငါ) သည် အလယ်အလတ်လမ်းကို ရှာဖွေထုတ်ဖော်ခဲ့၏။ (၎င်းလမ်းကား) အမြင်ကိုပေး၏။ အသိဉာဏ်ကိုပေး၏။ ငြိမ်းချမ်းမှုကို ပေး၏။ ထို(အလယ်အလတ်လမ်း) ကား ဤအရိယ (မြတ်သော) အဋ္ဌင်္ဂိက (အင်္ဂါရှစ်ပါးရှိသော) လမ်းစဉ်(မဂ်) ဖြစ်၏။ ၎င်းတို့ကား မှန်သောအမြင်၊ မှန်သောအတွေး၊ မှန်သောအပြော၊ မှန်သောအလုပ်၊ မှန်သောအသက်မွေးဝမ်းကျောင်းမှု၊ မှန်သော ကြိုးပမ်းမှု၊ မှန်သောသတိ၊ မှန်သောသမာဓိတို့ ဖြစ်ကြလေ၏။

[ ၁ ] လေးပါးသော အရိယသစ္စာ

ဒုက္ခ၊ ဒုက္ခသမုဒယ၊ ဒုက္ခနိရောဓ၊ ဒုက္ခနိရောဓဂါမိနီမဂ္ဂ အကြောင်းတို့ကို ပြောပြပြီးခဲ့ပြီ။ ယင်းတရားတို့ကို ဗုဒ္ဓက အရိယသစ္စာ (မြတ်သော အမှန်တရားများ) ဟု ဟောတော်မူခဲ့သည်။

mgyoe.com

[က] ဒုက္ခသစ္စာကို အဓိပ္ပာယ်ဖွင့်ပြလျက် ဗုဒ္ဓက ဤသို့ဟော တော်မူခဲ့၏။ "ဇာတိလည်း ဒုက္ခဖြစ်၏။ ဇရာလည်း ဒုက္ခဖြစ်၏။ မရဏ၊ သောက၊ ပရိဒေဝ၊ ဒေါမနဿ၊ ဥပါယာသလည်း ဒုက္ခဖြစ်၏။ မချစ်အပ်သည်နှင့် ပေါင်းဆုံရခြင်းသည်လည်း ဒုက္ခဖြစ်၏။ ချစ်အပ်သည်နှင့် ကင်းကွာရခြင်းသည်လည်း ဒုက္ခဖြစ်၏။ အလိုရှိအပ် တောင့်တအပ်သည်ကို မရခြင်းသည်လည်း ဒုက္ခဖြစ်၏။ အကျဉ်းချုပ် အားဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါးသည် ဒုက္ခဖြစ်၏။"

ဥပါဒါနက္ခန္ဓာ ငါးပါးကား– ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ ဖြစ်ကြ၏။

(၁) ရုပ် – မဟာဘုတ်လေးပါးဖြစ်သော ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောတို့သည် ရုပ်ဥပါဒါနက္ခန္ဓာ ဖြစ်ကြ၏။

(၂) ဝေဒနာ – အရာဝတ္ထုများ သို့မဟုတ် အရာဝတ္ထုများကို တွေးဆဆင်ခြင်မှု၏ အနီးသို့ ကပ်ရောက်လာသောအခါ သုခ၊ ဒုက္ခ သို့မဟုတ် သုခမဟုတ်၊ ဒုက္ခမဟုတ်သောအနေဖြင့် ကျွန်ုပ်တို့ခံစားရမှု ကို ဝေဒနာဟုခေါ်သည်။

(၃) သညာ – ဝေဒနာ၏နောက်၌ ဦးနှောက်တွင် ပထမ ကပင် စွဲထင်လာခဲ့သော သင်္ခါရများအားဖြင့် "ဤသူကား ထိုဒေဝဒတ် ပင်တည်း" ဟု ကျွန်ုပ်တို့ သိမှတ်မိကြ၏။ ၎င်းမှတ်မိသော သဘောကို သညာဟု ခေါ်သည်။

(၄) သင်္ခါရ – ရုပ်၏ဝေဒနာနှင့် သညာတို့၏ အထုံသည် ဦးနှောက်တွင်စွဲနေ၏။ ၎င်း၏အကူအညီဖြင့် "ဤသူကား ထိုဒေဝဒတ် ပင်တည်း" ဟု ကျွန်ုပ်တို့ သိမှတ်မိကြ၏။ ထိုဦးနှောက်တွင် စွဲကပ်နေ ပြီး မှတ်မိမှုတွင် ကူညီသော သဘောကို သင်္ခါရဟု ခေါ်လေသည်။

(၅) ဝိညာဏ် – အသိ သဘော သို့မဟုတ် မန (စိတ်)ကို ဝိညာဏ်ဟု ခေါ်လေသည်။

ယင်းခန္ဓာငါးပါးသည် ပုဂ္ဂိုလ်တစ်ဦးဦး၏ တဏှာ့အာရုံဖြစ်ပြီး

mgyoe.com

mgyoe.com


အနီးသို့ရောက်သောအခါ ၎င်းတို့ကို ဥပါဒါနက္ခန္ဓာဟု ခေါ်လေ၏။ ယင်း ဥပါဒါနက္ခန္ဓာ ငါးပါးကို ဒုက္ခသဘောရှိ၏ဟု ဗုဒ္ဓက ဟောတော်မူလေ၏။

[ ခ ] ဒုက္ခ၏အကြောင်း – ဒုက္ခ၏အကြောင်းကား အဘယ်နည်း။ တဏှာဖြစ်သည်၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဖြစ်သည်။ ဣန္ဒြေတို့၏နှစ်သက်အပ်သော အာရုံဟူသမျှနှင့်တကွ အဆက်အစပ်ပြုခြင်း၊ ထိုအာရုံတို့ကို တွေးတောသတိရခြင်းသည် တဏှာကို ဖြစ်ပွားစေလေ၏။ ကာမဂုဏ် (ချစ်နှစ်သက်အပ်သော သုံးဆောင်ခံစားမှု) အတွက် ဘုရင်၊ (ရာဇာ) ဘုရင်ချင်း တိုက်ကြခိုက်ကြ၏။ ခတ္တိယ၊ ခတ္တိယချင်း တိုက်ကြခိုက်ကြ၏။ ဗြာဟ္မဏ၊ ဗြာဟ္မဏချင်း တိုက်ကြခိုက်ကြ၏။ ကုန်သည်၊ ကုန်သည်ချင်း တိုက်ကြခိုက်ကြ၏။ မိခင်က သားကိုလည်းကောင်း၊ သားက မိခင်ကိုလည်းကောင်း၊ ဖခင်က သားကိုလည်းကောင်း၊ သားက ဖခင်ကိုလည်းကောင်း၊ ညီအစ်ကိုချင်းလည်းကောင်း၊ နှမက မောင်ကိုလည်းကောင်း၊ မောင်က နှမကိုလည်းကောင်း၊ မိတ်ဆွေချင်း လည်းကောင်း၊ တိုက်ကြခိုက်ကြ၏။ ၎င်းတို့သည် အချင်းချင်းငြင်းခုံရင်း၊ ခိုက်ရန်ဖြစ်ရင်း၊ ပဋိပက္ခဖြစ်ကြရင်း တစ်ယောက်နှင့်တစ်ယောက် ကိုယ်ထိလက်ရောက် ကျူးလွန်ကြ၏။ တုတ်တစ်ပြက် ဓားတစ်ပြက် ဖြစ်ကြ၏။ လက်နက်ဖြင့် သတ်ဖြတ်ကြ၏။ ၎င်းတို့သည် ထိုသို့ တိုက်ကြခိုက်ကြသဖြင့် သေသော်လည်း သေကြကုန်၏။ မသေသော်လည်း သေလုနီးပါး ဒုက္ခရောက်ကြကုန်၏။

[ ဂ ] ဒုက္ခ၏ချုပ်ငြိမ်းမှု – ထိုတဏှာ၏ အကြွင်းမဲ့ချုပ်ငြိမ်းမှု၊ စွန့်လွှတ်မှု၊ ပျောက်ပျက်မှုကို ဒုက္ခ၏ချုပ်ငြိမ်းမှု (ဒုက္ခနိရောဓ)ဟု ခေါ်သည်။ ချစ်ခင်နှစ်သက်အပ်သော အာရုံများနှင့် ထိုအာရုံများကို တွေးဆကြံစည်မှုများမှ တဏှာ လွတ်ကင်းသွားသောအခါ တဏှာ၏ ချုပ်ငြိမ်းမှု ဖြစ်လေသည်။

mgyoe.com

mgyoe.com


တဏှာချုပ်ငြိမ်း ကွယ်ပျောက်သွားသောအခါ ဥပါဒါန် (အာရုံများကို သိမ်းပိုက်စွဲလမ်းမှု) ချုပ်ငြိမ်းသွား၏။ ဥပါဒါန် ချုပ်ငြိမ်းခြင်းကြောင့် ဘဝ(လောက) ချုပ်ငြိမ်း၏။ ဘဝချုပ်ငြိမ်းခြင်းကြောင့် ဇာတိ (ဘဝသစ်) ချုပ်ငြိမ်း၏။ ဇာတိချုပ်ငြိမ်းခြင်းကြောင့် ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသများ ချုပ်ငြိမ်းကြ၏။ ယင်းသို့အားဖြင့် ဒုက္ခချုပ်ငြိမ်းလေ၏။

ယင်း ဒုက္ခချုပ်ငြိမ်းမှုသည်ပင်လျှင် ဗုဒ္ဓအဘိဓမ္မာ တစ်ခုလုံး၏ ဗဟိုချက်မ ဖြစ်လေသည်။

[ ဃ ]ဒုက္ခချုပ်ငြိမ်းမှုလမ်းကြောင်း – ဒုက္ခချုပ်ငြိမ်းမှုဆီသို့ ဆောင်ကြဉ်းသွားသောလမ်းကား အဘယ်အရာနည်း။ အရိယအဋ္ဌင်္ဂိကမဂ်ဖြစ်လေ၏။ ၎င်းကို ရှေ့ပိုင်းက ပြောပြပြီးခဲ့လေပြီ။ အရိယအဋ္ဌင်္ဂိက မဂ်၏ရှစ်မျိုးသောမဂ်ကို အသိဉာဏ်(ပညာ)၊ အကျင့်သီလ (သီလ) ယောဂအကျင့် (သမာဓိ) ဟူ၍ သုံးပိုင်းသုံးကဏ္ဍခွဲလျှင် အောက်ပါအတိုင်းဖြစ်သည်။

(က) ပညာ
- မှန်သော အမြင် (သမ္မာဒိဋ္ဌိ)
- မှန်သော အကြံ (သမ္မာသင်္ကပ္ပ)

(ခ) သီလ
- မှန်သော အပြော (သမ္မာဝါစာ)
- မှန်သော အလုပ် (သမ္မာကမ္မန္တ)
- မှန်သော အသက်မွေးမှု (သမ္မာအာဇီဝ)

(ဂ) သမာဓိ
- မှန်သော ကြိုးပမ်းမှု (သမ္မာဝါယာမ)
- မှန်သော သတိရမှု (သမ္မာသတိ)
- မှန်သော စိတ်တည်ငြိမ်မှု (သမ္မာသမာဓိ)

mgyoe.com

mgyoe.com


### (က) မှန်သော အမြင်

မှန်သော (သမ္မာ)အမြင် (ဒိဋ္ဌိ)–ကိုယ် နှုတ်နှလုံးဆိုင်ရာ ကောင်းသော၊ ဆိုးသော လုပ်ငန်းများနှင့်ပတ်သက်၍ မှန်ကန်စွာ သိမြင်ခြင်းကို မှန်သောအမြင် (သမ္မာဒိဋ္ဌိ) ဟုခေါ်လေသည်။ ကောင်းသော၊ ဆိုးသောလုပ်ငန်းများကား ဤသို့ ပြား၏။

**ဆိုးသော အလုပ် (ဒုစရိုက်)**

| | |
|---|---|
| ကာယကံ | ၁။ သတ်ခြင်း(ပါဏာတိပါတ)<br>၂။ ခိုးခြင်း (အဒိန္နာဒါန)<br>၃။ လိင်နှင့်ပတ်သက်၍ ဖောက်ပြားကျူးလွန်မှု (ကာမေသုမိစ္ဆာစာရ) |
| ဝစီကံ | ၄။ မုသားပြောခြင်း (မုသာဝါဒ)<br>၅။ ကုန်းတိုက်ခြင်း (ပိသုဏာဝါစာ)<br>၆။ ကြမ်းကြုတ်စွာပြောခြင်း (ဖရုသဝါစာ)<br>၇။ စကားဖျင်းပြောခြင်း (သမ္ဖပ္ပလာပဝါစာ) |
| မနောကံ | ၈။ လောဘ (အဘိဇ္ဈာ)<br>၉။ ရန်လိုခြင်း (ဗျာပါဒ)<br>၁၀။ အယူမှားခြင်း (မိစ္ဆာဒိဋ္ဌိ) |

mgyoe.com

## ကောင်းသောအလုပ် (သုစရိုက်)

| | | |
|---|---|---|
| ကာယကံ | ၁။ | မသတ်ခြင်း(ပါဏာတိပါတ ဝိရတီ) |
| | ၂။ | မခိုးခြင်း (အဒိန္နာဒါန ဝိရတိ) |
| | ၃။ | လိင်နှင့်ပတ်သက်၍ မဖောက်ပြား မကျူး လွန်ခြင်း (ကာမေသု မိစ္ဆာစာရ ဝိရတိ) |
| ဝစီကံ | ၁။ | မုသားမပြောခြင်း (မုသာဝါဒ ဝိရတီ) |
| | ၂။ | ကုန်းမတိုက်ခြင်း (ပိသုဏဝါစာ ဝိရတိ) |
| | ၃။ | ကြမ်းကြုတ်စွာမပြောခြင်း (ဖရုသဝါစာဝိရတိ) |
| | ၄။ | စကားဖျင်း မပြောခြင်း (သမ္ဖပ္ပလာပဝါစာ ဝိရတိ) |
| မနောကံ | ၁။ | အလောဘ (အနဘိဇ္ဈာ) |
| | ၂။ | ရန်မလိုခြင်း (အဗျာပါဒ) |
| | ၃။ | အယူမှန်ခြင်း (သမ္မာဒိဋ္ဌိ) |

ဒုက္ခ၊ ဒုက္ခ၏အကြောင်း၊ ဒုက္ခ၏ချုပ်ငြိမ်းမှု၊ ဒုက္ခချုပ်ငြိမ်းမှု လမ်းကြောင်းတည်းဟူသော သစ္စာလေးပါးကို မှန်စွာသိမြင်မှုကိုပင် မှန်သော အမြင် (သမ္မာဒိဋ္ဌိ)ဟုခေါ်လေသည်။ မှန်သော အကြံ– တပ်မက်မှု၊ ညှဉ်းပန်းနှိပ်စက်လိုမှု၊ ရန်လိုမှု ကင်းသော အကြံကိုပင် မှန်သောအကြံ (သမ္မာသင်္ကပ္ပ)ဟု ခေါ်လေသည်။

### (ခ) မှန်သောအကျင့်

မှန်သော အပြော–ဝစီကံ ဒုစရိုက်လေးပါးကင်းသော မှန်ကန် ချိုသာသော အပြောသည် မှန်သော အပြောမည်လေသည်။

မှန်သော အလုပ်–ကာယကံ ဒုစရိုက်သုံးပါးကင်းသော အလုပ်

mgyoe.com

mgyoe.com

သည် မှန်သောအလုပ် မည်လေသည်။

မှန်သော အသက်မွေးမှု–မတရား မမှန်ကန်သော အသက်မွေးဝမ်းကျောင်းမှုကို ရှောင်ကြဉ်ပြီး တရားမှန်ကန်သော အသက်မွေးဝမ်းကျောင်းမှုဖြင့် ဘဝခရီးကို သွားခြင်းသည် မှန်သော အသက်မွေးမှု မည်လေသည်။ ဗုဒ္ဓခေတ်အခါက အုပ်စိုးသူ ခြယ်လှယ်သူ လူ့အဖွဲ့အစည်းက ကျေနပ်စွာ ခွင့်ပြုထားသော အသက်မွေးဝမ်းကျောင်းမှု အားလုံးအနက် သက်ရှိသတ္တဝါများအပေါ် ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်သော အောက်ပါ အသက်မွေးဝမ်းကျောင်းမှုများကိုသာလျှင် ဗုဒ္ဓက မတရားမမှန်သော အသက်မွေး ဝမ်းကျောင်းမှုဟု ဟောတော်မူခဲ့လေ၏။

**"လက်နက်ကုန်သွယ်ခြင်း၊ သက်ရှိသတ္တဝါ ကုန်သွယ်ခြင်း၊ အသား ကုန်သွယ်ခြင်း၊ ယစ်မျိုး ကုန်သွယ်ခြင်း၊ အဆိပ်ကုန်သွယ်ခြင်း"**

## (ဂ) မှန်သော စိတ်တည်ငြိမ်မှု

မှန်သော ကြိုးပမ်းမှု–မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တည်း ဟူသော ဣန္ဒြေများကို စောင့်ထိန်းခြင်း၊ စိတ်ဆိုးစိတ်ယုတ်များ မပေါ်စေရန် နှင့် စိတ်ကောင်းစိတ်မြတ်များ ပေါ်ပေါက်လာစေရန် ကြိုးပမ်းမှု၊ ဖြစ်ပေါ်လာသော စိတ်ကောင်းစိတ်မြတ်များ ဆက်လက်ပွားစေရန် ကြိုးပမ်းမှုများသည် မှန်သော ကြိုးပမ်းမှုများ ဖြစ်ကြလေသည်။

မှန်သော သတိရမှု–ကိုယ်ကာယ၊ ဝေဒနာ၊ စိတ်နှင့် မနဆိုင်ရာ ဓမ္မာရုံများ၏အခြေအနေမှန်၊ ၎င်းတို့၏ ညစ်နွမ်းမှု၊ ခဏတိုင်း ပျက်စီးမှုသဘော အစရှိသည်၌ အမြဲမပြတ်သတိရမှုသည် မှန်သော သတိရမှု ဖြစ်လေသည်။

မှန်သော တည်ငြိမ်မှု–"စိတ်ဓာတ်၏ တည်ငြိမ်မှု (အာရုံတစ်ခုတည်းတွင် စွဲနေမှု)ကို သမာဓိဟု ခေါ်လေသည်" စိတ်ပျံ့လွင့်မှုများကို

mgyoe.com

mgyoe.com


ပယ်ရှားနိုင်သော သဘောသည် မှန်သော သမာဓိ (စိတ်တည်ငြိမ်မှု) ဖြစ်လေသည်။ ဗုဒ္ဓ၏အဆုံးမတော်များကို အကျဉ်းဆုံးအားဖြင့် ရှေးဟောင်းဂါထာတစ်ပုဒ်၌ ဤသို့ဆိုထားလေသည်။

"အဆိုးဟူသမျှကို မပြုခြင်း၊ အကောင်းဟူသမျှကို ပြည့်စုံအောင် ပြုခြင်း၊ မိမိစိတ်ကို ဖြူစင်စေခြင်း၊ ဤကား ဗုဒ္ဓ၏အဆုံးအမ ဒေသနာတော် ဖြစ်လေသည်။"

မိမိ၏ အဆုံးအမ မုချ အကျိုးကျေးဇူးကား အဘယ်နည်း ဟူသော ပြဿနာကို ဗုဒ္ဓက ဤသို့ ဟောကြားမိန့်ဆိုထားလေသည်–

"ရဟန်းတို့၊ ဤဗြဟ္မစရိယ (ရဟန်းဘဝ)သည် လာဘ်ပူဇော်သက္ကာ၊ ချီးမွမ်းမှုများအတွက်မဟုတ်၊ အကျင့်သီလ ရရှိရေးအတွက် မဟုတ်။ သမာဓိရရှိရေးအတွက်မဟုတ်။ အသိဉာဏ် အမြင်အတွက် မဟုတ်။ ခိုင်မြဲသောစိတ်၏ လွတ်မြောက်ရေးအတွက်သာလျှင် ဖြစ်ပေ၏။ ယင်းလွတ်မြောက်မှုသည်သာလျှင် ဗြဟ္မစရိယ၏ အနှစ်သာရဖြစ်၏။ ယင်းလွတ်မြောက်မှုသည်သာလျှင် ဗြဟ္မစရိယ၏ အဆုံးဖြစ်၏"

ဗုဒ္ဓ၏ အဘိဓမ္မာအယူအဆကို မပြောပြမီ ဗုဒ္ဓဝင်အတ္ထုပ္ပတ္တိ၏ ကျန်အစိတ်အပိုင်းကို လက်စသတ်ဖို့ရန် လိုအပ်ပေသည်။

ဆာရနာထ(မိဂဒါဝုန်)၌ မိမိ၏ တရားဓမ္မကို ပထမဦးဆုံး ဟောကြားပြီး ဗုဒ္ဓသည် ထိုအရပ်၌ပင် ဝါကပ်တော်မူသည်။ ဝါကျွတ်သောအခါ ထိုအရပ်၌ အားလုံးသော ကာမအနှောင်အဖွဲ့မှ လွတ်မြောက်ကြပြီးသော၊ ပထမအကြိမ် လေးလအတွင်း ရရှိသော၊ မိမိ၏ တပည့် ခြောက်ဆယ်တို့အား ဗုဒ္ဓသည် ဤသို့ ထုတ်ဖော်ညွှန်ကြားတော်မူလေ၏။ (သံယုတ္တနိကာယ် ၄၊ ၁၊ ၄)

"ရဟန်းတို့၊ လူအများ၏ အကျိုးစီးပွားအတွက်၊ လူအများ၏ ချမ်းသာမှုအတွက်၊ လောကအား ကြင်နာထောက်ထားရန်အတွက်၊

mgyoe.com

mgyoe.com

နတ်လူတို့၏ အကျိုးစီးပွားချမ်းသာအတွက် လှည့်လည်သွားလာကြကုန်လော့။ နှစ်ယောက်တွဲ၍ မသွားကြကုန်လင့်။ ငါလည်း ... ဥရုဝေလာ ... သေနာနိဂုံးရွာသို့ ... တရားဓမ္မဟောကြားရန် သွားပေအံ့"

ထိုနောက် ဗုဒ္ဓ ၄၄–နှစ်ကာလပတ်လုံး အသက်ရှည်တော်မူ၏။ ထို ၄၄–နှစ်အတွင်း ဝါတွင်းလေးလအချိန်များကို ချန်လှပ်ပြီးလျှင် ဗုဒ္ဓသည် အမြဲမပြတ် ဒေသစာရီ လှည့်လည်တော်မူပြီး ရောက်ရာအရပ်ဟူသမျှ၌ လူအပေါင်းတို့အား မိမိ၏ တရားဓမ္မနှင့် အဘိဓမ္မာကို ဟောကြားတော်မူခဲ့လေသည်။ ဗုဒ္ဓသည် ဗုဒ္ဓအဖြစ်သို့ ရောက်ရှိပြီးနောက် အောက်ပါဌာနများ၌ ၄၄ ဝါ၊ ဝါကပ်တော်မူလေသည်။ အောက်ပါဌာနများ၌ ၄၄ မိုး သီတင်းသုံးနေတော်မူသည်ဟု ဆိုလိုသည်။

| နေရာ | ခုနှစ် (ဘီ·စီ) |
|---|---|
| လုမ္ဗိနီ၌ မွေးဖွား | ၅၆၃ |
| ဗောဓဂယာ၌ ဘုရားဖြစ် | ၅၂၈ |
| ၁။ ဣသိပတန (ဆာရနာထ်) | ၅၂၈ |
| ၂–၄။ ရာဇဂြိုဟ် | ၅၂၇–၂၅ |
| ၅။ ဝေသာလီ | ၅၂၄ |
| ၆။ မကုလတောင် (ဗိဟာရ်) | ၅၂၃ |
| ၇။ (တာဝတိံသာ) | ၅၂၂ |
| ၈။ သုသုမာရဂိရိ (ကျူနာရ်) | ၅၂၁ |
| ၉။ ကောသမ္ဗီ (ဣလဟာဗာဒ်) | ၅၂၀ |
| ၁၀။ ပါရိလေယျက (မိရ်ဂျာပူ) | ၅၁၉ |
| ၁၁။ နာလာ (ဗိဟာရ်) | ၅၁၈ |
| ၁၂။ ဝေရဉ္ဇာ (ကန္နောဂျ်နှင့် မထုရာအကြား) | ၅၁၇ |
| ၁၃။ စာလိယတောင် (ဗိဟာရ်) | ၅၀၆ |

mgyoe.com

mgyoe.com



| | | |
|---|---|---|
| ၁၄။ | သာဝတ္ထိ (ဂေါဏ္ဍာ) | ၅၁၅ |
| ၁၅။ | ကပိလဝတ္ထု | ၅၁၄ |
| ၁၆။ | အာလဝီ(အာရ်ဝလိ) | ၅၁၃ |
| ၁၇။ | ရာဇဂြိုဟ် | ၅၁၂ |
| ၁၈။ | စာလိယတောင် | ၅၁၁ |
| ၁၉။ | စာလိယတောင် | ၅၁၀ |
| ၂၀။ | ရာဇဂြိုဟ် | ၅၀၉ |
| ၂၁–၄၅။ | သာဝတ္ထိ | ၅၀၈–၄၈၄ |
| ၄၆။ | ဝေသာလီ | ၄၈၃ |
| | | (ကုသိနာရုံ၌ ပရိနိဗ္ဗာန်စံ - ၄၈၃) |


ဗုဒ္ဓ ဒေသစာရီ လှည့်လည်တော်မူရာ အရပ်ဒေသများမှာ များသောအားဖြင့် ယူပီနယ်နှင့်ဗိဟာရ် နယ်တစ်ဝိုက်အထိသာလျှင် သတ်မှတ်ပိုင်းခြားအပ်ပေ၏။ ယင်းဒေသများ၏အပြင်ဘက်သို့ ဗုဒ္ဓသည် တစ်ခါတစ်ရံမျှ ကြွတော်မမူပေ။

❁ ❁ ❁

mgyoe.com

mgyoe.com

# ဇေတဝန်အလှူ

ဗုဒ္ဓသည် ဇာတ်ခွဲခြားမှုစနစ်နှင့် ယဇ်ပူဇော်မှုကို ဆန့်ကျင်သူဖြစ်သည်။ သို့သော်လည်း ကူဋဒန္တ၊ သောဏဒန္တကဲ့သို့သော မင်းဆရာဗြာဟ္မဏ ပညာရှိကြီးများသည် ဗုဒ္ဓ၏ခြေတော်ရင်းတွင် ဝပ်စင်းကြလေသည်။ ဗုဒ္ဓသည် သူ၏ဘိက္ခုသံဃအဖွဲ့အစည်းဖြင့် စီးပွားရေးသာတူညီမျှမှုနှင့် ပြည်သူ့အုပ်ချုပ်ရေးစနစ်မျိုးရှိသည့် လူ့လောက လူ့အဖွဲ့အစည်းတစ်မျိုးကို တည်ဆောက်ဖို့ရန် အိပ်မက်မြင်မက်ခဲ့သူ ဖြစ်သည်။ သို့ရာတွင် မာဂဓဘုရင်၊ ကောသလဘုရင်၊ ဝေသာလီနှင့် ကုသိနာရုံ ဂဏနိုင်ငံဘုရင်တို့သည် ဗုဒ္ဓအား သူ့ထက်ငါအပြိုင်အဆိုင် ကိုးကွယ်ဆည်းကပ်ကြသည်။ ယနေ့ ကျွန်ုပ်တို့ 'ဟရိဂျန်' ဟု ခေါ်သည့် အဖိနှိပ်အခံရဆုံး အမျိုးဇာတ်ကို လွတ်မြောက် ကယ်တင်ရာ၌မူ ဗုဒ္ဓသည် အပြောဖြင့်သာလျှင် မဟုတ်ဘဲ အလုပ်ဖြင့်လည်း ထင်ရှားပြခဲ့လေသည်။

ဗုဒ္ဓ၏ဘိက္ခုသံဃအဖွဲ့အစည်းထဲ၌ စဏ္ဍာလနှင့် ဗြာဟ္မဏသည် ထူးခြားခြင်းမရှိပေ။ အတူတူသာလျှင် ဖြစ်၏။ သူတို့နှစ်ဦးအနက် တစ်ဦးနှင့်တစ်ဦးကို အလေးပြုရန်အတွက် မည်သူက အရင်ရဟန်းဘောင်သို့ဝင်သနည်းဟူသော အချက်ကိုသာလျှင် ဂရုထားရလေသည်။

mgyoe.com

mgyoe.com


ထိုအချိန်သမယ၌ ကုန်သည်လူတန်းစားသည် အလွန်တရာ တန်ခိုးအာဏာရှိသည့် အင်အားစုတစ်ခု ဖြစ်နေသည်။ ယခုခေတ်ကာလ လမ်းပန်းဆက်သွယ်ရေးမျိုးမရှိသော်လည်း ထိုခေတ်သမယ၌ ရရှိနိုင်သော ရေကြောင်းနှင့် ကုန်းကြောင်း လမ်းပန်းဆက်သွယ်ရေးများကိုမူ အပြည့်အဝ အသုံးပြုခဲ့ကြလေသည်။ မြစ်များ၌ လှေကြီးများသွားလာကြသည်။ အချို့မြစ်များမှာမူ မိုးဦးကာလနှစ်လလောက်သာလျှင် လှေဖြင့် သွား၍ရသည့် မြစ်မျိုးဖြစ်ကြသည်။ ထိုမြစ်များကိုလည်း အသုံးပြုကြလေ၏။ ပင်လယ်သမုဒ္ဒရာ၌ ကုန်သည်လှေသင်္ဘောများ သွားလာကြလေသည်။ ကျွန်ုပ်တို့နိုင်ငံ၌ ထုတ်လုပ်သော ကုန်ပစ္စည်းများမှာ နေရာတကာတွင် အရောင်းရသွက်ခဲ့သည်။ ထိုခေတ်အခါက ပင်လယ်ရေကြောင်းကုန်သည်များတွင် ကုဋေကုဋာ ကြွယ်ဝချမ်းသာသူ အမြောက်အမြားရှိလေသည်။ ကုန်းကြောင်းခရီး၌မူ ယဉ်ဘုယျအားဖြင့် ကုန်သည်များသည် နွားလှည်းဖြင့် အသွားအလာ ပြုလုပ်ကြလေ၏။

သာဝတ္ထိသည် ကာသိကောသလတိုင်း၏ နေပြည်တော် ဖြစ်သည်။ ရာဇဂြိုဟ်သည် အင်္ဂ မဂဓတိုင်း၏၊ ကောသမ္ဗီသည် ဝဿတိုင်း၏၊ ဥဇ္ဇေနီသည် အဝန္တီတိုင်း၏၊ တက္ကသီလာသည် ဂန္ဓာရတိုင်း၏ နေပြည်တော်များဖြစ်ကြသည်။ ယင်းနေပြည်တော်များအပြင် အင်္ဂတိုင်း၌ ဘဒ္ဒိယာ၊ ကာသိတိုင်း၌ ဗာရာဏသီ၊ လာဋ၌ ဘရုကစ္ဆ (ဘရောက်ချ်)၊ နောက်လာဋ၌ သုပရိက (သုပ္ပါရက) အစရှိသော ကူးသန်းရောင်းဝယ်ရေးအချက်အချာ မြို့ကြီးများ ရှိကြလေသည်။ ထိုမြို့ကြီးများ၌ သူဌေး၊ သူကြွယ်ပေါင်းများစွာတို့ နေထိုင်ကြကုန်၏။ အလယ်ပိုင်းဒေသရှိ သူဌေး၊ သူကြွယ်ပေါင်း များစွာတို့သည် ဗုဒ္ဓ၏ တပည့်တပန်းများ ဖြစ်ကြသည်။ ၎င်းတို့အထဲ၌ ဥစ္စာစည်းစိမ်နှင့် ဂုဏ်သိမ်၏ အမြင်အားဖြင့်ကြည့်လျှင် သာဝတ္ထိမှ သူဌေး သုဒတ္တသည် ထိပ်တန်းအလွန်ကျသည့် ပုဂ္ဂိုလ်ဖြစ်လေ၏။

သုဒတ္တသည် အမည်နာမနှင့် လိုက်လျောသော ဂုဏ်အရည်

mgyoe.com

mgyoe.com


အချင်းရှိသူ ပုဂ္ဂိုလ်ဖြစ်သည်။ သူ၏ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ ထိုခေတ်က ယဉ်ကျေးသော အိန္ဒိယပြည်တွင် အနှံ့အပြားရှိခဲ့လေသည်။ သူသည် အလွန်ရက်ရောသော ပုဂ္ဂိုလ်ဖြစ်သည်။ ခိုကိုးရာမဲ့သူအတွက် သူ၏ဘဏ္ဍာတိုက်သည် အမြဲပွင့်လျက်ရှိသည်။ ထို့ကြောင့် သူ၏နာမည်ရင်းကို အသိနည်းပြီး သူ့ကို အနာထပိဏ္ဍိက (ခိုကိုးရာမဲ့သူများကို ထမင်းပေးသူ)ဟူ၍သာလျှင် အခေါ်များကြလေ၏။ အရွယ်အားဖြင့် သူသည် ဗုဒ္ဓနှင့်သက်တူရွယ်တူလောက်ပင် ဖြစ်ဟန်ရှိသည်။ သူ ဗုဒ္ဓနှင့် သိကျွမ်းခြင်းမှာလည်း မဆွကပင် ဖြစ်လေ၏။ ဗုဒ္ဓအဖြစ်သို့ ရောက်ပြီးလေးငါးနှစ်မြောက်၌ ပထမဦးစွာ အနာထပိဏ်သည် ဗုဒ္ဓအားဖူးတွေ့ပြီး တရားဒေသနာတော်ကို နာကြားလေသည်။ ထိုအချိန်၌ သူသည် ဗုဒ္ဓ၏တပည့်ဒါယကာ ဖြစ်သွားလေသည်။ သံယုတ္တနိကာယ်သုတ်တစ်သုတ် (၁၁၊ ၁၊ ၈)၌ အောက်ပါအတိုင်း ပါရှိလေသည်။

ဤသို့ ကျွန်ုပ်ကြားလိုက်ရသည် တစ်ချိန်တုန်းက မြတ်စွာဘုရားသည် ရာဇဂြိုဟ် သီတဝနတော၌ နေတော်မူ၏။

"ထိုအချိန်၌ ရာဇဂြိုဟ်သူဌေးကြီး၏ ယောက်ဖတော်စပ်သူ အနာထပိဏ်သူကြွယ်သည် အလုပ်ကိစ္စတစ်ခုဖြင့် ရာဇဂြိုဟ်သို့ ရောက်သွား၏။ ရာဇဂြိုဟ်သူဌေးကြီးသည် သံဃာနှင့်တကွသော ဗုဒ္ဓကို နောက်တစ်နေ့အတွက် ပင့်ဖိတ်ထား၏။ သို့ဖြစ်၍ သူသည် ကျေးကျွန်အလုပ်သမားများအား အမိန့်ပေးနေ၏"

"အချင်းတို့ ...၊ အချိန်နှင့်ထပြီး ပဲပွဲမ်းထမင်းကို ချက်ကြလော့။ ထမင်းကိုချက်ကြလော့။ ဟင်းကိုချက်ကြလော့ ..." အနာထပိဏ်သူကြွယ်က တွေးသည် "အရင်က ငါ ရောက်လာလျှင် ဤသူဌေးကြီးသည် ရှိသမျှအလုပ်ကို ဘေးဖယ်ထားပြီး ငါ့ကိုသာ ကြိုဆိုခဲ့သည်။ ဒီကနေ့မူ ပျာယီးပျာယာနှင့် ကျေးကျွန်အလုပ်သမားများအား အမိန့်ပေးနေသည်။ "အချင်းတို့ အချိန်နှင့်ထပြီး ..." ဒီသူဌေးကြီး၏အိမ်၌ အာဝါဟ ဝိဝါဟ မင်္ဂလာများ ကျင်းပပြုလုပ်မလို့လား၊ သို့မဟုတ်

mgyoe.com

mgyoe.com


ယစ်ပူဇော်ခြင်းများကိုပဲ ပြုလုပ်မလို့လား၊ သို့မဟုတ် မာဂဓဘုရင် ဗိမ္ဗိသာရကိုပဲ နက်ဖြန်ခါအတွက် ပင့်ဖိတ်ထားကြလေသလား"

"ရာဇဂြိုဟ်သူဌေးကြီးသည် ကျေးကျွန်အလုပ်သမားများအား အမိန့်ပေးပြီး အနာထပိဏ်သူဌေးရှိရာသို့ လာခဲ့လေ၏။ လာပြီး အနာထပိဏ်သူဌေးကို နှုတ်ဆက်လျက် တစ်ဖက်၌ထိုင်လိုက်သည်။ ရာဇဂြိုဟ်သူဌေးကြီးအား အနာထပိဏ်သူဌေးက ပြောလေသည် "အရင်က ကျွန်ုပ်လာလျှင် သင်သူဌေးကြီးသည် ..."

"သူဌေးကြီး ...၊ ကျွန်ုပ်အိမ်မှာ အာဝါဟ ဝိဝါဟ မင်္ဂလာလည်း မရှိ၊ မဂဓဘုရင်ကို ပင့်ဖိတ်ထားခြင်းလည်း မဟုတ်။ နက်ဖြန် ကျွန်ုပ်၏အိမ်၌ ယစ်ပူဇော်ပွဲကြီးရှိသည်။ သံဃာနှင့်တကွသော ဗုဒ္ဓကို နက်ဖြန်အတွက် ပင့်ဖိတ်ထားသည်"

"သူဌေး ...၊ 'ဗုဒ္ဓ' ဆိုသည့်အသံမျှပင် လောက၌ ကြားရခဲသည်။ အခု အဲဒီရှင်တော်ဗုဒ္ဓကို အဖူးအမြော်သွား၍ ဖြစ်ပါမည်လား"

"သူဌေး ...၊ အခုအချိန်ဟာ ရှင်တော်ဗုဒ္ဓကို အဖူးအမြော်သွားချိန် မဟုတ်ပါ"

ထိုအခါ အနာထပိဏ်သူဌေးသည် 'နက်ဖြန်ခါအချိန်ကျလျှင် ရှင်တော်ဗုဒ္ဓကို အဖူးအမြော်သွားမည်' ဤသို့ ဗုဒ္ဓအကြောင်းကို (စိတ်ထဲတွင်) တွေးပြီး အိပ်ပျော်သွားလေ၏။ ညအချိန်ကို နံနက်အောက်မေ့ပြီး သုံးကြိမ်ထ၏။ ထို့နောက် အနာထပိဏ်သူဌေးသည် (ရာဇဂြိုဟ်မြို့၏) သိဝ တံခါးရှိရာသို့ သွားလေ၏။ လူမဟုတ်သူ (နတ်စသည်) များက တံခါးကိုဖွင့်ပေးလေ၏။ အနာထပိဏ်သူဌေး မြို့ပြင်သို့ ထွက်လိုက်သည်နှင့် တစ်ပြိုင်နက် အလင်းရောင် ပျောက်ကွယ်သွားပြီး အမှောင်ပေါ်ပေါက်လာလေသည်။ သူသည် ကြောက်ရွံ့ခြင်း၊ ကိုယ်ခက်တရော်ရှိခြင်း၊ ကြက်သီးမွေးညင်းထခြင်း ဖြစ်မိလေသည်။ အနာထပိဏ်သူဌေးသည် သီတဝနသို့ သွားလေ၏။ ထိုအချိန်၌ မြတ်စွာဘုရားသည် နံနက်အရုဏ်တက်အချိန်၌ထပြီး လွင်တီးခေါင်အရပ်၌

mgyoe.com

mgyoe.com


စကြႍလျှောက်နေတော်မူ၏။ ဘုရားရှင်သည် အနာထပိဏ်သူဌေးကို အဝေးမှ မြင်ရသည်။ မြင်ရသည်ဖြစ်၍ စကြႍလျှောက်နေသည့်နေရာမှဆင်းပြီး ခင်းထားအပ်သည့် နေရာ၌ထိုင်ပြီး အနာထပိဏ်သူဌေးအား 'သုဒတ္တလာ' ဟု မိန့်တော်မူလေသည်။ အနာထပိဏ်သူဌေးသည် 'ဘုရားရှင်က ငါ့နာမည်ကို ထုတ်ဖော်ပြီး ခေါ်နေတယ်' ဟုတွေးပြီး ဝမ်းသာအားရနှင့် ဘုရားရှိရာသို့ သွားလေ၏။ သွားပြီး ဘုရားရှင်၏ ခြေတော်များကို ဦးတိုက်ပြီး လျှောက်ထားလေသည် –

"အရှင်ဘုရား ... ချမ်းသာစွာ အိပ်ပျော်ပါရဲ့လား ဘုရား ..."

"နိဗ္ဗာန်ကို ရပြီးသော(သူ)ဗြာဟ္မဏသည် ချမ်းသာစွာ အိပ်ပျော်လေသည်။ အကြင်သူသည် ချမ်းမြေ့၍ ညစ်ကြေးကင်းစင်ပြီး ကာမအာရုံတို့၌မကပ်ငြိ။ ကိလေသာအားလုံးကို ချိုးဖျက်လျက် စိတ်ချမ်းသာမှုကိုရပြီး ငြိမ်းချမ်းနေ၏။ ထိုသူသည် ချမ်းသာစွာ အိပ်ပျော်လေ၏"

ဗုဒ္ဓ၏တရားဓမ္မကို ကြားနာရ၍ အနာထပိဏ်သည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာတည်းဟူသော ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်၍ တပည့်ဥပါသကာ ဖြစ်သွားပြီးလျှင် နောက်တစ်နေ့တွင် ဗုဒ္ဓအား တပည့်ရဟန်းသံဃာတော်များနှင့်တကွ ဆွမ်းလုပ်ကျွေးလေ၏။ ဆွမ်းစားပြီးသောအခါ အနာထပိဏ်က ဗုဒ္ဓအား လျှောက်ထားလေသည် –

"ရဟန်းသံဃာနှင့် အတူတကွ ဘုရားသခင်သည် သာဝတ္ထိတွင် ဝါကပ်တော်မူပါ"

ဘုရားရှင်က မိန့်တော်မူ၏ – "သူကြွယ်၊ တထာဂတတို့ မည်သည် ဆိတ်ငြိမ်ရာကို နှစ်သက်ကြသည် ..."

ရာဇဂြိုဟ်မှ သာဝတ္ထိသို့ပြန်သည့်အခါ အနာထပိဏ်သည် လမ်းခရီးနေရာဟူသမျှ၌ လူအပေါင်းတို့အား ပြောသွားလေသည်–

"အချင်းတို့၊ အရာမ်ကို ဆောက်ကြလော့။ ကျောင်းကို ဆောက်ကြလော့။ လောက၌ ဗုဒ္ဓဘုရား ပွင့်လာလေပြီ။ ထိုဘုရားကို ငါပင့်လာခဲ့ပြီ။ သူ ဒီလမ်းက ကြွလာလိမ့်မည်"

mgyoe.com

mgyoe.com


သာဝတ္ထိသို့ ပြန်ရောက်သောအခါ အနာထပိဏ်သည် မြို့ရွာနှင့် မနီးမဝေး နေရာကိုရှာလေ၏။ သွားလာလိုသူများ လွယ်လင့်တကူ သွားလာနိုင်သည့် နေရာမျိုး၊ နေ့အခါတွင် လူစုလူဝေးနည်းပြီး ညအခါတွင် ဆူသံပူသံနည်းသည့်နေရာမျိုးကို ရှာလေ၏။ သာဝတ္ထိ အနောက်တောင်ထောင့်ရှိ ဇေတမင်းသား၏ ဥယျာဉ်သည် ယင်းအင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်ကြောင်း တွေ့ရသည်။ အနာထပိဏ်သည် ဇေတမင်းသားဆီက ထိုနေရာကိုတောင်းသည်။ မင်းသားက "အကယ်၍ အသပြာငွေများဖြင့်ခင်းပြီး ဝယ်တောင်မှ ထိုနေရာကို မပေးနိုင်"ဟု ပြောလေသည်။ နောက်မှ တရားသူကြီးက "အကယ်၍ သူဌေးက ထောင့်မှထောင့်အထိ မြေတစ်ပြင်လုံး ငွေအသပြာများဖြင့် ခင်းပေးနိုင်လျှင် ဥယျာဉ်ကို ဝယ်နိုင်သည်"ဟု အဆုံးအဖြတ်ပေးလိုက်လေသည်။

သာဝတ္ထိသည် ယခုခေတ် ဆာဟေတ် အမည်ဖြင့် ဂေါန်ဒါဒိ စတြိုက်ရှိ တိမ်ကောနေသော နေရာဖြစ်လေသည်။ ဇေတဝန်မှာ မဟေတ်ရှိ ပျက်စီးယိုယွင်းနေသောဌာန ဖြစ်လေသည်။ ပါဠိကျမ်းဂန်များ၌ ဒင်္ဂါး၏အမည်ကို ဟိရည (ရွှေဒင်္ဂါး) ဟုဆိုသည်။ သို့ရာတွင် ယခုအထိ ထိုကဲ့သို့သော မည်သည့် ရွှေဒင်္ဂါးမျိုးမျှကို မတွေ့ရပေ။ ငွေ သို့မဟုတ် ကြေးလေးထောင့်ဒင်္ဂါးများကား မုချပင်ရှိခဲ့သည်။ အကယ်၍ တံဆိပ်ငါးခုရှိသည့် ငွေဒင်္ဂါးကို ယူလျှင်မူ ထိုဒင်္ဂါးသည် ၁၆၆–မှ ၁၇၅–ဂရမ်ရှိသော ဒင်္ဂါးဖြစ်ကြောင်း သိရှိရပေသည်။ ကျွန်ုပ်တို့၏ ငွေဒင်္ဂါးသည် ၁၇၈–ဂရမ် (တစ်တိုလာ)နှင့် ညီမျှသည်။ ပါဠိကျမ်းဂန်များ၌ အနာထပိဏ်သည် ကဟာပဏ ၁၈–ကုဋေကို ဖြန့်ခင်းပြီး ဇေတဝန်ကိုဝယ်၏ဟု ရေးသားပါရှိလေ၏။ ဗုဒ္ဓ ပရိနိဗ္ဗာန်ဝင်စံပြီးနောက် နှစ်ပေါင်း နှစ်ရာ့ငါးဆယ်အကြာတွင် တည်သော ဘာရဟုတ်ပုထိုးတွင် တံဆိပ်ငါးခုရှိ ဒင်္ဂါးများကိုခင်းပြီး ဇေတဝန်ကို ဝယ်ယူကြောင်း ညွှန်ပြထားလေ၏။ ၎င်း၌ ဇေတဝန်ကို "ကောဋိသန္ထ တေနကေတေ" (ထောင့်မှစ၍ ဒင်္ဂါးပြားများခင်းပြီး ဝယ်ယူသည်) ဟု

mgyoe.com

mgyoe.com

ရေးသားထားသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၂၀၀ က ထိုရေးသားထားချက်အရ အနာထပိဏ်သည် ငွေကြေးအမြောက်အမြား အကုန်ခံပြီး ဇေတဝန်ကိုဝယ်ယူ၏ဟု သိရှိရပေ၏။

ဒင်္ဂါး ၁၈–ကုဋေဖြင့် ၁၄.၃၅ ဧကရှိ မြေနေရာကို ဖုံးမိပေလိမ့်မည်။ ယခုခေတ် ဇေတဝန်၏ အဓိက အစိတ်အပိုင်းမှာ ၁၄.၇ ဧကရှိ၏။ ဗုဒ္ဓသည် သူ၏ ဘဝတစ်လျှောက်၌ ဤနေရာတွင် အချိန်အများဆုံး (၂၅ ဝါ) နေထိုင် သီတင်းသုံးခဲ့လေသည်။ ပိဋကတ်သုံးပုံတွင် ပေါင်းချုပ်ထားသည့် သူ၏တရားဥပဒေသ အများဆုံးမှာ ဤနေရာတွင်ပင် ဟောကြားခဲ့ခြင်းဖြစ်သည်။ ဇေတဝန်သည် ဗုဒ္ဓဘာသာလောကအတွက် အလွန်လေးစားပူဇော်အပ်သည့် နေရာဖြစ်သည်။ ၁၃၉၁–ခုနှစ်က သီဟိုဠ်ကျွန်းမှ ပညာရှိ ရဟန်းတော်ပေါင်းများစွာသည် ဓမ္မာနန္ဒပါဒမဟာထေရ်နှင့်အတူတကွ ဇေတဝန်ကျောင်းတော်ရာကို အဖူးအမြော်ရောက်လာကြသည်။ ရဟန်းသံဃာပေါင်းများစွာ သီတင်းသုံးနေထိုင်ခဲ့သည့် ဇေတဝန်ကျောင်းတော်ကြီးမှာ ယခုအခါတွင် အပျက်အစီး အယိုအယွင်းမျှသာ ကျန်တော့၏။ ရှေးဟောင်းကမ္ပည်းကျောက်စာဌာနက အဆောက်အဦများ၏ အုတ်မြစ်ကို တူးဖော်ပြီး အပေါ်သို့ ထုတ်ထားသည်။

ဗုဒ္ဓ သီတင်းသုံးနေထိုင်သည့် ဤဌာနသည် ဤအခြေအနေမျိုးဖြစ်နေလိမ့်မည်ဟု ထင်ရုံမျှပင် သူ ဘယ်မှာထင်ခဲ့မည်နည်း။ လွန်ခဲ့သည့် နှစ်ပေါင်းခုနစ်ရာအထိ ဗုဒ္ဓနှင့် ဗုဒ္ဓ၏တရားသည် ကျွန်ုပ်တို့နိုင်ငံမှ ပျောက်ကွယ်သွားသည်။ ယနေ့ ဗုဒ္ဓသည် ဂုဏ်သိက္ခာကြီးမားစွာဖြင့် မိမိမွေးရပ်သို့ တစ်ဖန် ပြန်လာနေပြီဆိုသည့်အချက်ကို ပြောပြနေဖို့ရာ မလိုပေ။

အနာထပိဏ်သည် သူ၏ ဘဝနောက်ပိုင်း အချိန်၌ ဆင်းရဲသွားလေ၏။ သို့ပင်ဖြစ်သော်လည်း ဇေတဝန်သို့ လာသည့်အခါတိုင်း လက်ထဲတွင် တစ်ခုခုယူလာခဲ့လေ၏။ တခြားယူစရာမရှိလျှင် သဲကို
mgyoe.com

mgyoe.com


ယူလာပြီး အရာမ်ထဲတွင် ဖြန့်ခင်းလေသည်။ ဇေတမင်းသားသည် မြေနေရာအနည်းငယ်ကို ဒင်္ဂါးများဖြင့် ခင်းခွင့်မပြု။ ထိုနေရာ၌ သူပိုင်ငွေဖြင့် ကြီးမားသည့် ဝင်းတံခါးကြီးကို ဆောက်လုပ်ထား၏။ ဇေတမင်းသား၏ အမည်သည်လည်း ယနေ့ ဤဇေတဝန်ကျောင်းတော်ကြောင့် အသက်ရှင်လျက်ပင် ရှိနေသည်။

✿ ✿ ✿

mgyoe.com

mgyoe.com

# နောက်ဆုံးနှစ်

ဗုဒ္ဓ ပရိနိဗ္ဗာန် စံသောအချိန်ကို ဘီစီ ၄၈၃–ဟု ရာဇဝင်ဆရာများက သတ်မှတ်ဆုံးဖြတ်ကြသည်။ ရှေးဟောင်းစဉ်လာအယူအဆက ထိုခုနှစ်ထဲတွင် အနှစ်ခြောက်ဆယ် ထပ်ဖြည့်လိုက်လေသည်။ ယင်းသို့အားဖြင့် ၅၄၃–သို့မဟုတ် ၅၄၄ ဖြစ်ပြီးလျှင် ၁၉၅၆ ခုနှစ် မေလတွင် ဗုဒ္ဓ ပရိနိဗ္ဗာန်စံသောနှစ်သည် ၂၅၀၀ တင်းတင်း ပြည့်လာခဲ့လေ၏။ ပရိနိဗ္ဗာန်မစံမီ နှစ်ပေါင်း ၈၀ အလွန်က ဗုဒ္ဓသည် လုမ္ဗိနီဒြဲ ဖွားမြင်တော်မူသည်။ ရှေးဟောင်းစဉ်လာ အယူအဆအရ ကြည့်မည်ဆိုလျှင် ဗုဒ္ဓ၏ နောက်ဆုံးနှစ်သည် ဘီစီ ၅၄၅–နှစ်၏ ကဆုန်လပြည့်နေ့မှ ၅၄၄–နှစ် ကဆုန်လပြည့်နေ့အထိ ဖြစ်လေသည်။ ရာဇဝင် သမိုင်းဆရာတို့၏ အလိုအရကား ဗုဒ္ဓ၏နောက်ဆုံးနှစ်သည် ဘီစီ ၄၈၄–နှစ် နွေဥတုကာလမှ ၄၈၃–နှစ် နွေဥတုကာလအထိ ဖြစ်ပေလိမ့်မည်။ ထိုနှစ်တစ်နှစ်၏အကြောင်းကို တိပိဋက ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ်တွင် တွေ့ရပေလိမ့်မည်။ ပိဋကတ်ကဲ့သို့ပင် မဟာပရိနိဗ္ဗာနသုတ်သည်လည်း အမျိုးမျိုးအပြားပြားသော ဂိုဏ်းကိုလိုက်ပြီး အမျိုးမျိုးအစားစား မူများကွဲပြားနေ၏။ ၎င်းတို့အနက် များစွာသော မဟာပရိနိဗ္ဗာနသုတ်တို့၏ ဘာသာပြန်ကို တရုတ်နှင့် တိဗက်ဘာသာ

mgyoe.com

mgyoe.com


တို့တွင် တွေ့ရှိရပေသည်။ တရုတ်ဘာသာဖြင့်ရှိသော မဟာပရိနိဗ္ဗာန သုတ်တစ်သုတ်ကို ဤစာရေးသူသည် သက္ကတ ဘာသာဖြင့် တစ်ဖန် ဘာသာပြန်ဆိုပြီးလျှင် ဥဒယပူမှ ထုတ်ဝေသော 'သောစကာစောင်' ၌ ထည့်ဖူးလေသည်။

တရုတ်ဘာသာပြန်တွင်လည်း ရာဇဂြိုဟ်ရှိ ဂိဇ္ဈကုဋ်တောင်၌ သုတ်၏အစကို ပျိုးထားလေသည်။ ပါဠိတိပိဋကာ၌လည်း ထိုနည်း အတိုင်းပင် ဖြစ်သည်။ တရုတ်ဘာသာပြန်၌ အဇာတသတ်မင်း၏ အမတ်ကြီး ဝဿကာရသည် ဗုဒ္ဓ၏အထံသို့သွားပြီး ဝေသာလီရှိ ဝဇ္ဇီတို့ အင်အားတောင့်တင်းခြင်း၏ အကြောင်းကို စုံစမ်းကြည့်လေ သည်။ ပါဠိဘာသာ၌လည်း ထိုအကြောင်းပါရှိလေသည်။ ဗုဒ္ဓသည် ဘုရင့်အုပ်ချုပ်ရေးစနစ်ကို မနှစ်သက်၊ ဂဏ(ဒီမိုကရေစီ)အုပ်ချုပ်ရေး စနစ်ကို လိုလားတော်မူသည်။ ထိုဂဏ အုပ်ချုပ်ရေးပုံစံအတိုင်း ဗုဒ္ဓ သည် မိမိ၏ သံဃအဖွဲ့အစည်းကို တည်ထောင်တော်မူသည်။ သံဃ အဖွဲ့အစည်း၏ လုပ်ငန်းကိစ္စဟူသမျှ မဲ(ဆန္ဒ) ယူခြင်းနှင့် အခြား အချက်အလက်များသည် ဝေသာလီနှင့် အခြား ဂဏ(ပြည့်သူ) အုပ် ချုပ်ရေး နိုင်ငံမှလူများ မိမိတို့၏ ကိစ္စဆောင်တာများကို ပြုလုပ်ဆောင် ရွက်ကြသည့်အတိုင်းပင် ဖြစ်လေသည်။ ဝေသာလီကဲ့သို့သော ပြည့်စုံ ကြွယ်ဝသည့် ဂဏ(ပြည်သူ့)အုပ်ချုပ်ရေးနိုင်ငံ တစ်ခုအနေဖြင့် ဘုရင် တစ်ဦးဦး၏ ခြေရင်းတွင် သွားဝပ်စင်းရန် ဗုဒ္ဓသည်မည်သည့်အခါမျှ နှစ်သက်လိုလားခြင်း မဖြစ်နိုင်ခဲ့ပေ။ မဇ္ဈိမဒေသအိန္ဒိယနိုင်ငံ၏ ဝေသာလီ ဂဏ အုပ်ချုပ်ရေးသည် ဂရိစ်ပြည် အေသင်ဂဏ အုပ်ချုပ် ရေးနှင့် ခေတ်ပြိုင်ဖြစ်ခဲ့လေသည်။ အေသင်အကြောင်းကို ရေးသားပြီး ထိန်းသိမ်းထားသည့် ပုဂ္ဂိုလ်များကို တွေ့ရသော်လည်း ဝေသာလီနှင့် ပတ်သက်၍မူ ဥပေက္ခာပြုထားသူများကိုသာ တွေ့ရပေ၏။ သို့ဖြစ်၍ ဝေသာလီ၏ လျှမ်းလျှမ်းတောက် ရာဇဝင်သမိုင်းနှင့် စပ်လျဉ်း၍မူ ကျွန်ုပ်တို့သည် အလွန်တရာမှ အသိနည်းလှပေ၏။ သို့ရာတွင်

mgyoe.com

ဝေသာလီသည် အေသင်ထက် အဆများစွာပိုပြီး အင်အားတောင့်တင်း ခိုင်မာလေသည်။ ဝေသာလီ၏ အင်အားနှင့် သူရသတ္တိကိုမူ ထိုအချိန် သမယက စွမ်းအားအရှိဆုံး မဂဓဘုရင် အဇာတသတ်အနေဖြင့် အကြိမ်များစွာ ကြိုးပမ်းအားထုတ်သော်လည်း လိစ္ဆဝီတို့အား အရှုံး ပေးခဲ့ရသည့်အချက်ကပင် သက်သေခံနေပေသည်။ လိစ္ဆဝီနှင့် အဇာ တသတ်တို့၏ ပဋိပက္ခဖြစ်ရခြင်း အကြောင်းကို ပါဠိအဋ္ဌကထာ ဆရာ များက ဖွင့်ဆိုထားကြလေသည်။

ဂင်္ဂါမြစ်ကမ်းခြေအနီးအနားတစ်ပိုက်၌ အဇာတသတ်ဘုရင်၏ ပိုင်နက်မြေ ယူဇနာတစ်ဝက်ရှိပြီး လိစ္ဆဝီတို့၏ပိုင်နက်မြေ ယူဇနာတစ် ဝက် ရှိလေသည်။ ... ထိုဒေသ၌ တောင်ခြေမှ အဖိုးထိုက် အဖိုးတန် ဖြစ်သည့် ရနံ့ထုံသင်းသော စပါးသီးနှံထွက်လေသည်။ ထိုသတင်းကို ကြားရ၍ အဇာတသတ် ဘုရင်က 'ယနေ့သွားမည်။ နက်ဖြန်သွားမည်' လုပ်နေရင်း လိစ္ဆဝီတို့သည် တစ်သံတည်း တစ်သဘောတည်း ဖြစ်ကြ သည်ဖြစ်၍ အရင်ဦးအောင်သွားပြီး အားလုံးကိုယူခဲ့ကြလေသည်။ အဇာတသတ်ဘုရင်သည် နောက်မှသွားပြီး ထိုသတင်းကို ကြားရ သောအခါ အမျက်ဒေါသထွက်ပြီး ပြန်လာခဲ့လေ၏။ နောက်တစ်နှစ် တွင်လည်း ထိုအတိုင်းပင် ဖြစ်လေသည်။ ထိုအခါ အဇာတသတ်ဘုရင် သည် အလွန်အမျက်ထွက်ပြီးလျှင် ... ဂဏ အုပ်ချုပ်ရေးနိုင်ငံနှင့် စစ်ဖြစ်ဖို့ရန်မှာ မလွယ်ကူ။ ၎င်းတို့၏ တစ်ချက်သော ထိုးနှက်ချက် သည်ပင် အချည်းအနှီး အလဟဿမဖြစ်။ ပညာရှိတစ်ယောက် ယောက်နှင့် တိုင်ပင်နှီးနှောပြီးလုပ်လျှင် ကောင်းလိမ့်မည် ... ဟု အကြံ ဖြစ်လေ၏။ သို့ဖြစ်၍ သူသည် ဝဿကာရ ဗြာဟ္မဏကို ပို့လိုက်ခြင်း ဖြစ်လေသည်။ (ဒီဃနိကာယ် ... အဋ္ဌကထာ။)

အဇာတသတ်ဘုရင်က "ငါ ကြီးကျယ်ခမ်းနားသော ဝဇ္ဇီတို့ကို အမြစ်ဖြုတ်ပစ်မည်။ ဝဇ္ဇီတို့ကို ဖျက်ဆီးချေမှုန်းပစ်မည်။ ၎င်းတို့အပေါ် ၌ ဘေးရန်ဥပဒ် ကျရောက်စေမည်" ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။

mgyoe.com

mgyoe.com

သို့ရာတွင် ယင်းဆုံးဖြတ်ချက်ကို အကောင်အထည် မဖော်နိုင် ဖြစ်နေသည်။ အဇာတသတ်ဘုရင်၏ တိုက်တွန်းချက်အရ အမတ်ကြီး ဝဿကာရသည် ဗုဒ္ဓအား ထိုအကြောင်းနှင့် စပ်လျဉ်းပြီး မေးလျှောက်လေ၏။ ဗုဒ္ဓက ထိုမေးမြန်းစုံစမ်းချက်ကို နှစ်မြို့တော်မမူ။ ဗုဒ္ဓသည် ဝဿကာရအား ပြန်လည်ဖြေကြားခြင်းမပြုဘဲ မိမိနောက်နား၌ ရပ်နေသော အာနန္ဒာအား ဤသို့ ပြောကြားလေ၏။

"အာနန္ဒာ၊ ဝဇ္ဇီတို့သည် မကြာခဏ စည်းဝေးကြကုန်၏ ဟူ၍လည်းကောင်း၊ အကြိမ်များစွာ စည်းဝေးကြကုန်၏ ဟူ၍လည်းကောင်း၊ သင်ကြားသလော ..."

"ကြားပါသည် အရှင်ဘုရား။ ဝဇ္ဇီတို့သည် မကြာခဏ စည်းဝေးကြပါသည်။ အကြိမ်များစွာ စည်းဝေးကြပါသည်"

"အာနန္ဒာ၊ ဝဇ္ဇီတို့သည် မကြာခဏ စည်းဝေးနေသမျှ ကာလပတ်လုံး၊ အကြိမ်များစွာ စည်းဝေးနေသမျှ ကာလပတ်လုံး၊ ဝဇ္ဇီတို့၏ တိုးတက်ကြီးပွားခြင်းဟုသာ မှတ်ပေလော့။ ဆုတ်ယုတ်နိမ့်ကျခြင်းဟု မမှတ်လေလင့်။ (၂) အာနန္ဒာ၊ ဝဇ္ဇီတို့သည် တညီတညွတ်တည်း စည်းဝေးကြကုန်၏ဟူ၍လည်းကောင်း၊ တညီတညွတ်တည်း ထကြကုန်၏ ဟူ၍လည်းကောင်း၊ တညီတညွတ်တည်း ပြုဖွယ်ကိစ္စတို့ကို ပြုလုပ်ကြ၏ဟူ၍လည်းကောင်း၊ သင်ကြားသလော ..."

"ကြားပါသည် အရှင်ဘုရား ..."

"အာနန္ဒာ၊ ဝဇ္ဇီတို့သည် တညီတညွတ်တည်း စည်းဝေးနေသမျှ ကာလပတ်လုံး ...။ (၃) အာနန္ဒာ၊ ဝဇ္ဇီတို့သည် မပညတ်ခဲ့သော အရာကို မပညတ်ကြဟူ၍ လည်းကောင်း၊ ပညတ်ပြီးသော အရာကို မပယ်ဖျက်ကြဟူ၍လည်းကောင်း၊ ပညတ်ထားခဲ့ပြီးသည့်အတိုင်း ရှေးဟောင်း ဝဇ္ဇီဓမ္မ (ဝဇ္ဇီစည်းကမ်း ဥပဒေ)တို့ကို လိုက်နာကျင့်ကြံကြကုန်၏ဟူ၍ လည်းကောင်း သင်ကြားသလော ..."

"ကြားပါသည် အရှင်ဘုရား ..."

mgyoe.com

mgyoe.com

"အာနန္ဒာ ဝဇ္ဇီတို့သည် မပညတ်ခဲ့သော အရာကို မပညတ်ကြသမျှ ကာလပတ်လုံး ...။ (၄) အာနန္ဒာ၊ ဝဇ္ဇီတို့သည် အသက်ကြီးသော ဝဇ္ဇီတို့ကို ရိုသေခြင်း၊ လေးစားခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်း ပြုလုပ်ကြ၏ဟူ၍လည်းကောင်း၊ အသက်ကြီးသူတို့၏စကားကို နာယူသင့်သည်ဟု ယူဆကြကုန်၏ ဟူ၍လည်းကောင်း၊ သင်ကြားသလော..."

"ကြားပါသည် အရှင်ဘုရား ..."

"အာနန္ဒာ၊ ဝဇ္ဇီတို့သည် အသက်ကြီးသော ဝဇ္ဇီတို့ကို ရိုသေလေးစားမြတ်နိုးပူဇော်ခြင်း ပြုလုပ်သမျှကာလပတ်လုံး ...၊ (၅) အာနန္ဒာ၊ ဝဇ္ဇီတို့သည် အမျိုးသမီးကြီးငယ်များကို အတင်းဆွဲငင်ပြီး အနိုင်အထက်သိမ်းပိုက်ခြင်း မရှိကြဟူ၍ သင်ကြားသလော ..."

"ကြားပါသည် အရှင်ဘုရား ..."

အာနန္ဒာ၊ ဝဇ္ဇီတို့သည် အမျိုးသမီးကြီးငယ်များကို အတင်းဆွဲငင်ပြီး အနိုင်အထက် သိမ်းပိုက်ခြင်းမရှိသမျှ ကာလပတ်လုံး။ (၆) အာနန္ဒာ၊ ဝဇ္ဇီတို့သည် မြို့တွင်း မြို့ပြင်ရှိ စေတီ (နတ်ကွန်း)တို့ကို ရိုသေခြင်း၊ လေးစားခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်းပြုလုပ်ကြ၏ ဟူ၍လည်းကောင်း၊ ထိုနတ်ကွန်းတို့အတွက် ရှေးယခင်က ပေးလှူမြဲဖြစ်သော အလှူဒါနနှင့် ရှေးယခင်က ပြုလုပ်ခဲ့သော တရားနှင့် လျော်ညီသည့် ဗလိနတ်စာကို မဆုတ်ယုတ်စေကြ ဟူ၍လည်းကောင်း သင်ကြားသလော ..."

"ကြားပါသည် အရှင်ဘုရား ..."

"အာနန္ဒာ၊ ဝဇ္ဇီတို့သည် မြို့တွင်း မြို့ပြင်ရှိစေတီ(နတ်ကွန်း)တို့ကို ရိုသေလေးစား မြတ်နိုးပူဇော်ခြင်း ပြုသမျှ ကာလပတ်လုံး ...။ (၇) အာနန္ဒာ၊ ဝဇ္ဇီတို့သည် မကြွလာသေးသော ရဟန္တာများ ကြွရောက်လာစေရန်နှင့် ကြွရောက်လာပြီး ရဟန္တာများ ချမ်းသာစွာနေစေရန် အလို့ငှာ ရဟန္တာတို့အား ကောင်းစွာ တရားနှင့်အညီ စောင့်ရှောက်ကာကွယ်၍ လုံခြုံမှုကို ပြုလုပ်ကြ၏ဟူ၍ သင်ကြားသလော ...။"

mgyoe.com

mgyoe.com


"ကြားပါသည် အရှင်ဘုရား ...။"

"အာနန္ဒာ၊ ဝဇ္ဇီတို့သည် မကြွလာသေးသော ရဟန္တာများ ကြွရောက်လာစေရန်နှင့် ကြွရောက်လာပြီး ရဟန္တာများ ချမ်းသာစွာ နေစေရန် အလို့ငှာ ရဟန္တာတို့အား ကောင်းစွာ တရားနှင့်အညီ စောင့်ရှောက်ကာကွယ်၍ လုံခြုံမှုကို ပြုလုပ်ကြသမျှ ကာလပတ်လုံး ဝဇ္ဇီတို့၏ တိုးတက်ကြီးပွားခြင်းဟုသာ မှတ်ပေလော့။ ဆုတ်ယုတ်နိမ့်ကျခြင်းဟု မမှတ်လေလင့်"

ဗုဒ္ဓ၏ ယင်း အပရိဟာနိယတရား ခုနစ်ပါးတို့သည် ယခုအချိန်၌လည်း ဟောင်းနွမ်းသွားခြင်း မရှိပေ။ မည်သည့် ဂဏ(ဒီမိုကရေစီ) အုပ်ချုပ်ရေးနိုင်ငံအတွက်မဆို ယင်းတရား ခုနစ်ပါးတို့သည် လမ်းညွှန်လမ်းပြများ ဖြစ်ကြသည်။ မဟာဘာရတတွင်လည်း ဂဏအုပ်ချုပ်ရေးနိုင်ငံများ၌ ပြည်တွင်း ပဋိပက္ခကိုသာလျှင် "အကြီးမားဆုံး အန္တရာယ်ဟု ရေးသားဖော်ပြထားလေသည်။ ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီး နောက်သုံးနှစ်အကြာတွင်မှ အဇာတသတ်ဘုရင်သည် လက်နက်ဖြင့် မဟုတ်ဘဲ ဘေဒဥပါယ်ဖြင့်သာ ဝေသာလီအား ပြည်တွင်းကို သပ်လျှိုပြီး အနိုင်ယူနိုင်ခဲ့လေသည်။

ပါဠိသုတ်၌ ရာဇဂြိုဟ်မှ အမ္ဗလဋ္ဌိကာသို့ ဗုဒ္ဓကြွတော်မူပုံ ရေးသားပါရှိလေသည်။ ရာဇဂြိုဟ်မှ ပဋ္ဌနားသို့သွားရာ၌ ယခုခေတ်ကဲ့သို့ပင် ထိုအချိန်ကလည်း အမ္ဗလဋ္ဌိကာ ရှိနေသည်။ နာလန္ဒာနှင့် ရာဇဂြိုဟ်အကြား၌တည်ရှိသော စခန်းဖြစ်ပေလိမ့်မည်။ အမ္ဗလဋ္ဌိကာမှ နာလန္ဒာသို့ကြွ၍ နာလန္ဒာမြို့ ပါဝါရိက သူဌေး၏ သရက်ဥယျာဉ်၌ ရှင်သာရိပုတ္တရာနှင့် စကားဆွေးနွေးတော်မူသည်။ တရုတ်သုတ်၌ ရာဇဂြိုဟ်အပြီးတွင် ပါဋ္ဌလိပုတ်(ပတနာ)သို့ ဗုဒ္ဓရောက်ရှိလာတော်မူကြောင်း ပါရှိလေသည်။ ပါဠိသုတ်၌မူ အမ္ဗလဋ္ဌိကာမှ ပါဋ္ဌလိဂါမသို့ ကြွရောက်ကြောင်း ပြောပြထားလေသည်။

ထိုအချိန်၌ ပါဋ္ဌလိဂါမ၌ အဇာတသတ်၏ အမတ်ကြီးဝဿကာရ

mgyoe.com

mgyoe.com


နှင့် သုနိဓတို့သည် ဂင်္ဂါကမ်းပါး၌ မြို့တည်ဖို့ရန် ကြိုးပမ်းအားထုတ်ကြလေသည်။ ယင်းသို့ပြုလုပ်ခြင်းမှာလည်း ဝေသာလီ ဂဏ အုပ်ချုပ်ရေးနိုင်ငံ၏ အန္တရာယ်ကို စိုးရိမ်ကြောက်ရွံ့သောကြောင့် ဖြစ်လေသည်။ အဇာတသတ်သည် ဝေသာလီအား အခြေပျက် အနေပျက်ဖြစ်အောင် ဘယ်မှာလုပ်နိုင်မည်နည်း။ အဇာတသတ် ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခြင်း၏အကျိုးမှာ လိစ္ဆဝီတို့သည် ဂင်္ဂါကို ဖြတ်ကူးပြီး ပါဋ္ဌလိဂါမ၌ လပေါင်းများစွာ စခန်းချနေကြရပြီး အဇာတသတ်အနေဖြင့် ရာဇဂြိုဟ်တောင်ကြားများတွင် ဝင်ရောက်ပြီး မနေ၍ မဖြစ်သည့်အခြေသို့ ရောက်ခဲ့ရခြင်းပင် ဖြစ်လေသည်။

ပါဋ္ဌလိဂါမ၌ မြို့ကို စီမံကိန်းအပြည့်အဝဖြင့် တည်ဆောက်နေကြသည်။ ဘုရင်များ၊ ဘုရင့်အမတ်များ၊ သူဌေး၊ သူကြွယ်များ၊ သာမန် ရိုးရိုးလူများ၏ ရပ်ကွက်များကို သတ်မှတ်ပိုင်းခြားထားလေ၏။ ဗုဒ္ဓကြွရောက်လာသောအခါ ဝဿကာရ အမတ်သည် သူတို့၏နေရာသို့ ဗုဒ္ဓအား ဆွမ်းလုပ်ကျွေးရန်အတွက် ပင့်ဖိတ်လေသည်။ ဗုဒ္ဓအား ဆွမ်းလုပ်ကျွေးပြီးသောအခါ ဂင်္ဂါသို့ ဗုဒ္ဓဆင်းသည့်ဆိပ်အားဂေါတမဆိပ် ဟူ၍လည်းကောင်း၊ မြို့၏ ထိုတံခါးအမည်ကို ဂေါတမတံခါးဟူ၍လည်းကောင်း အမည်မှည့်ထား၏။ တရုတ်နှင့် ပါဠိသုတ်နှစ်မျိုးလုံး၌ ဂင်္ဂါမြစ်ကိုဖြတ်ကူးပြီး ပါဋ္ဌလိဂါမသို့ ဗုဒ္ဓကြွရောက်လာတော်မူသည့်အကြောင်း ရေးသားပါရှိလေသည်။ ထိုနေရာမှ နာဒိကာ (နာတိက) မှလည်းကောင်း၊ ထိုမှတစ်ဆင့် ဝေသာလီမြို့ ဥပစာ၌ရှိသော အမ္ဗပါလီ၏ ဥယျာဉ်သို့လည်းကောင်း၊ ကြွရောက် သီတင်းသုံးတော်မူလေသည်။ ပြည့်တန်ဆာ အမ္ဗပါလီသည် ဗုဒ္ဓအား နောက်တစ်နေ့အတွက် ဆွမ်းဘုဉ်းပေးရန် ပင့်ဖိတ်လေသည်။ ဗုဒ္ဓက အမ္ဗပါလီ၏ပင့်ဖိတ်ချက်ကို လက်ခံတော်မူလေသည်။ ဝေသာလီရှိ လိစ္ဆဝီတို့သည် ထိုအခွင့်ကို လက်လွတ်သွားကြသည်။ ထိုနောက် အတန်ငယ်ကြာသောအခါ လိစ္ဆဝီတို့သည် ဗုဒ္ဓအား ပင့်ဖိတ်ရန်အတွက် သူတို့၏

mgyoe.com

mgyoe.com


ယာဉ်ရထားများဖြင့် သွားကြလေ၏။ "ပြည့်တန်ဆာ အမ္ဗပါလီသည် လိစ္ဆဝီလုလင်တို့၏ (ရထားကို မိမိရထားနှင့်) ဝင်ရိုး၊ ဝင်ရိုးချင်း၊ ဘီး၊ ဘီးချင်း၊ ထမ်းပိုး၊ ထမ်းပိုးချင်း တိုက်စေ၏။" လိစ္ဆဝီတို့သည် အမ္ဗပါလီ၏ ယင်းမဖွယ်မရာပြုမှုကို တွေ့ရသည်ဖြစ်၍ အံ့အားသင့်သွားကြလေ၏။ အကျိုးအကြောင်း မေးကြည့်သောအခါ အမ္ဗပါလီက ဤသို့ပြောပြလေသည် –

"အရှင့်သားတို့၊ အကြောင်းက တခြားမဟုတ်ပါ။ ကျွန်ုပ်ရဟန်းသံဃာနှင့်တကွ ဘုရားရှင်အား နက်ဖြန်အတွက် ဆွမ်းပင့်ဖိတ်ခဲ့သည်" မှန်ပေသည်။ ပြည့်တန်ဆာ၏ ဆွမ်းပင့်ဖိတ်ချက်ကို ဗုဒ္ဓက လက်ခံတော်မူလိုက်လေသည်။

ဘုရားရှင်သည် အဝေးမှပင် လိစ္ဆဝီတို့လာသည်ကို တွေ့ရသည်ဖြစ်၍ မိမိတပည့် ရဟန်းများအား မိန့်တော်မူလေ၏ –

"ရဟန်း ...၊ လိစ္ဆဝီ အစုအဝေးကို ကြည့်ကြလော့၊ ရဟန်းတို့ လိစ္ဆဝီအစုအဝေးကို ကြည့်ကြလော့။ ရဟန်းတို့ ...၊ လိစ္ဆဝီ အစုအဝေးကို နတ်တို့၏အစုအဝေးဟူ၍ မှတ်ထင်အောက်မေ့ကြလော့ ..."

ဗုဒ္ဓ၏ ယင်း စကားဝါကျ၌ သူ့နှလုံးထဲတွင် ရှိနေသော ဂဏနိုင်ငံများနှင့် ပတ်သက်သည့် သဘောထား ထင်ရှားပေါ်လွင်နေပေသည်။ လိစ္ဆဝီတို့၏ ပင့်ဖိတ်ချက်ကို ဗုဒ္ဓသည် လက်ခံတော် မမူခဲ့ပေ။

ဝါဆိုလ ကျရောက်လာသည်။ ဝါတွင်းသုံးလ အခါသမယ၌ ရဟန်းပုဂ္ဂိုလ်တို့သည် ခရီးသွားလေ့ မရှိကြကုန်။ မိုးဥတုကာလအခါသမယ၌ ရဟန်းတို့သည် နေရာတစ်ခု၌ နေထိုင်သီတင်းသုံးရလေသည်။ ဘုရားရှင်သည် ဝေဏုဂါမ(ဝေဠုဝ) အမည်ရှိရွာလေးတစ်ရွာ၌ ဝါကပ်ရန်ကြွတော်မူလေသည်။ မိမိ တပည့်ရဟန်းများအား ဝေသာလီအနီးအနားပတ်ဝန်းကျင်ရှိ သင့်တင့်လျောက်ပတ်သော နေရာဌာနများ၌ ဝါကပ်ကြရန် မိန့်တော်မူလေ၏။ ဗုဒ္ဓသည် ပြင်းပြင်းထန်ထန် နာမကျန်းဖြစ်တော်မူလေသည်။ သေလုနီးပါး ဝေဒနာခံစားရတော်မူလေသည်။

mgyoe.com

mgyoe.com

ရောဂါသက်သာသောအခါ ဘုရားရှင်သည် ကျောင်းထဲမှ ထွက်တော်မူပြီး ကျောင်းအရိပ်တွင် ခင်းထားအပ်သည့် နေရာ၌ထိုင်နေတော်မူ၏။ ဘုရားရှင်သည် အရှင်အာနန္ဒာအား စိတ်ပျက်ဝမ်းနည်းနေသည်ကို တွေ့ရသည်ဖြစ်၍ မိန့်တော်မူလေ၏။

"အာနန္ဒာ၊ ရဟန်းသံဃာသည် အဘယ်အရာကို အလိုရှိသနည်း။ အာနန္ဒာ၊ ငါသည် အတွင်းအပြင်မထားဘဲ 'ဖွင့်ပြီး' တရားဒေသနာကို ဟောကြားခဲ့ပြီးလေပြီ။ အာနန္ဒာ၊ တရားဒေသနာအရာ၌ တထာဂတသည် မည်သည့်ကဲ့သို့သော လျှို့ဝှက်ချက် (အာစရိယမုဋ္ဌိ)ကိုမျှ မထားပေ။ အာနန္ဒာ၊ ငါသည် ရဟန်းသံဃာ၏ အချုပ်ဖြစ်၏ဟူ၍လည်းကောင်း၊ ရဟန်းသံဃာသည် ငါ၏ရည်ရွယ်ချက်အရဖြစ်၏ ဟူ၍လည်းကောင်း၊ အကြင်သူသည် ထင်မှတ်၏။ ထိုသူသည်သာလျှင် အမှန်မုချ၊ ရဟန်းသံဃာအတွက် တစ်စုံတစ်ခု မြွက်ကြားရာသည်။ အာနန္ဒာ၊ တထာဂတကမူ ထိုကဲ့သို့မထင်။ အာနန္ဒာ၊ တထာဂတသည် ရဟန်းသံဃာအတွက် (တခြား) တစ်စုံတစ်ရာကို ဘယ်မှာ မြွက်ကြားတော့မည်နည်း။ အာနန္ဒာ၊ ငါသည် အိုမင်းကြီးရင့်လှပါပြီ။ အရွယ်လွန်နေပါပြီ။ အဆုံးပိုင်းသို့ ရောက်နေပါပြီ။ ငါ့အသက် ရှစ်ဆယ်ရှိနေပါပြီ။ အာနန္ဒာ၊ လှည်းအိုသည် တုပ်နှောင်ထားခြင်းအားဖြင့် တည်တံ့နေသကဲ့သို့ ထိုနည်းအတိုင်း တထာဂတ၏ ကိုယ်ခန္ဓာသည်လည်း တုပ်နှောင်ခြင်းနှင့်တူသည့် ဖလသမာပတ်အားဖြင့် တည်တံ့လျက်ရှိသည်။ အာနန္ဒာ၊ အကြင်အခါ၌ တထာဂတသည် အလုံးစုံသော အာရုံတို့ကို နှလုံးမသွင်းခြင်းကြောင့် လည်းကောင်း၊ အချို့အချို့သော ဝေဒနာတို့၏ ချုပ်ငြိမ်းခြင်းကြောင့် လည်းကောင်း၊ သမာဓိ ရရှိနေ၏။ ထိုအခါ၌ တထာဂတ၏ ခန္ဓာကိုယ်သည် ပိုပြီး ချမ်းသာသုခ ရရှိပေ၏။ သို့ဖြစ်၍ အာနန္ဒာ၊ (သင်တို့သည်) မိမိကိုယ်ကိုသာလျှင် မီးရှူးတန်ဆောင်ပြုပြီး၊ မိမိကိုယ်ကိုသာလျှင် ကိုးကွယ်ပြီး၊ မိမိမှတစ်ပါး အခြားကို မကိုးကွယ်ဘဲနှင့် နေကြကုန်လော့။ တရားဓမ္မကို မီးရှူးတန်ဆောင်

mgyoe.com

mgyoe.com


ပြုပြီး၊ တရားဓမ္မကိုသာလျှင် ကိုးကွယ်ပြီး တရားဓမ္မမှတစ်ပါး တခြားကို မကိုးကွယ်ဘဲနှင့် နေကြကုန်လော့ ..."

ဗုဒ္ဓသည် ကိုယ့်ကိုယ်ကိုယ် အားကိုးရန်၊ ကိုယ်ထူးကိုယ်ချွန်ရန်၊ ကိုယ်ကိုယ်တိုင် အဆုံးအဖြတ်ပြုရန်အတွက် ဖြစ်သော အသိဉာဏ် လွတ်လပ်ခွင့် ညွှန်ကြားဆုံးမချက်ကို တစ်သက်ပတ်လုံး ပေးသွားတော်မူခဲ့သည်။ သက်တော် ၈၀–အရွယ်၌ ဗုဒ္ဓသည် အင်အား ဆုတ်ယုတ်သွားခဲ့လေသည်။ လှည်းအိုကြီးကို တုပ်နှောင်၍သာလျှင် မောင်းနှင်နေရ၏။ သို့ရာတွင် ထိုအချိန်၌ပင် ဖြစ်စေကာမူ ဗုဒ္ဓသည် မျှော်လင့်ချက် တရား အဆုံးအမကိုသာလျှင် သူတစ်ပါးတို့အား ပေးတော်မူလေ၏။

ဗုဒ္ဓသည် နှလုံးမွေ့လျော်ဖွယ်ကောင်းသည့် နေရာဌာနများကို အလွန်တရာ နှစ်သက်တော်မူသည်။ မွေ့လျော်ဖွယ်ကောင်းသည့် နေရာဒေသများစွာကို သတိတရနှင့် တမ်းတမူသည် ထိုအချိန်၌ပင် သူ၏နှလုံးထဲ၌ ရှိနေပေသည်။ တစ်နေ့သ၌ ဆွမ်းဘုဉ်းပေးပြီးသော အခါ ဗုဒ္ဓသည် ဝေဏုဂါမမှ စာပါလစေတီသို့ နေထိုင်သီတင်းသုံးရန် ကြွတော်မူလေ၏။ စေတီသည် နတ်ကွန်းကိုခေါ်ခြင်းဖြစ်သည်။ ထိုခေတ်သမယ၌ နတ်ကွန်းတွင် ရုပ်တုမရှိပေ။ များသောအားဖြင့် စေတီသည် ဥယျာဉ်ကြီးတစ်ခုခု အတွင်း၌ ရှိလေသည်။ မိမိနေထိုင်သီတင်းသုံးခဲ့သည့်နေရာဟောင်းများကို ပြန်လည်သတိရရင်း ဗုဒ္ဓက မိန့်တော်မူလေသည်။

"အာနန္ဒာ၊ ဝေသာလီသည် မွေ့လျော်ဖွယ်ကောင်းပေ၏။ ဥဒယန(ဥဒေန) စေတီသည် မွေ့လျော်ဖွယ်ကောင်းပေ၏။ ဂေါတမ,က စေတီသည်၊ သတ္တအာမက (သတ္တမ္ဗ)စေတီသည်။ ဗဟုပုတ္တက စေတီသည်။ သာရန္ဒဒစေတီသည်။ စာပါလစေတီသည် မွေ့လျော်ဖွယ်ကောင်းပေ၏။ အာနန္ဒာ၊ ကပိလဝတ်ရှိ နိဂြောဓာရုံသည် မွေ့လျော်ဖွယ်ကောင်း၏။ ရာဇဂြိုဟ်ရှိ ဂိဇ္ဈကုဋ်သည်။ စောရပပါတသည်။ ဝေဘာရတောင်၏နံပါးရှိ ကာဠသိလာသည်။ သီတဝနတော၌

mgyoe.com

mgyoe.com

သပ္ပသောဏ္ဍိကတောင်ဝှမ်းသည်။ တပေါဒါရုံကျောင်းသည်၊ ရှဥ့်စာကျွေးရာ ဝေဏုဝန (ဝေဠုဝန်)သည်၊ ဇီဝက၏ သရက်ဥယျာဉ်သည်။ မဒ္ဒကုစ္ဆိမိဂဒါဝုန်သည် မွေ့လျော်ဖွယ်ကောင်း၏။"

ဗုဒ္ဓသည် သူနှစ်သက်မြတ်နိုးသော ဂဏအုပ်ချုပ်ရေးနိုင်ငံ၏ နေပြည်တော် ဝေသာလီမှ ခွဲခွာတော်မူလေသည်။ ဝေဏုဂါမမှ မဟာဝုန်တောရှိ ကူဋာဂါရသာလာသို့ ကြွတော်မူသည်။ ထိုအရပ်ကား ယခုခေတ်တွင်လည်း ကောလဟုတာရှိ အသောကကျောက်တိုင် စိုက်ထူထားသည့်အရပ်ဖြစ်လေသည်။ ရဟန်းသံဃာများကိုခေါ်ပြီး တရားဓမ္မပြောပြဆုံးမတော်မူပြီးလျှင် ဝေသာလီ၌ နောက်ဆုံးအကြိမ် ဆွမ်းခံကြွတော်မူလေသည်။ မြို့၏အပြင်သို့ထွက်တော်မူပြီးနောက် တစ်ကိုယ်လုံး ပြန်လှည့်၍ (ဆင်ပြောင်ကြည့်နည်းဖြင့်) တစ်ကြိမ် ဝေသာလီအားကြည့်ပြီးလျှင် ...။ "အာနန္ဒာ၊ ယခု ကြည့်ရှုခြင်းသည် တထာဂတ၏ နောက်ဆုံး ဝေသာလီကို ကြည့်ရှုခြင်းဖြစ်ပေလိမ့်မည်" ဟု မိန့်တော်မူလေသည်။ မည်မျှ ကြေကွဲဖွယ်ကောင်းသည့် စကားဝါကျဖြစ်သနည်း။

ဗုဒ္ဓသည် ဝေသာလီမှ ပရိနိဗ္ဗာန်ပြုရာဌာနဖြစ်သည့် ကုသိနာရုံသို့ကြွတော်မူသည်။ ခရီးအကြား၌ ဘဏ္ဍ(ဘဏ္ဍု)ရွာ၊ အမ္ဗရွာ၊ ဇမ္ဗုရွာ၊ ဘောဂမြို့ငယ်တို့ကို တွေ့ပြပေသည်။ ယခုခေတ် ထိုဒေသများ မည်သည့်အရပ်တွင် ရှိသည်ဟု ပြောပြဖို့ရန် မလွယ်ကူတော့ပေ။ ထိုဒေသများသည် ဝေသာလီမှ ကုသိနာရုံသို့သွားရာလမ်း၌ ရှိကြမည်မှာ အမှန်ဖြစ်ပေသည်။ ထိုဌာနများကို မူဇတ်ဖာပူ၊ ကျန်ပါရန်၊ ချပရာ၊ ဒေဝရိယာ ခရိုင်တို့၌သာလျှင် ရှာဖွေရမည် ဖြစ်လေသည်။ ဘောဂမြို့သည် ဂန်ဒက်မြစ်၏ အရှေ့ဘက်တွင် ရှိပေလိမ့်မည်။ ထိုနေရာမှ ဗုဒ္ဓသည် ပါဝါရ်သို့ ရောက်တော်မူ၏။ ပါဝါရ်သည် မလ္လတို့၏ ဂဏကိုးနိုင်ငံအနက် နိုင်ငံတစ်နိုင်ငံ၏နေပြည်တော် ဖြစ်လေသည်။ ထိုမြို့ငယ်သည် ယခုခေတ် ပဒရောက်နာ ပတ်ဝန်းကျင်တစ်ဝိုက် တစ်နေရာရာ၌ ရှိပေလိမ့်မည်။ ပပေါက်ရ်ရွာသည် ယခုခေတ်တွင်လည်း ထိုနေရာ၌

mgyoe.com

mgyoe.com


ရှိလေသည်။ ထိုရွာသည် ပါဝါရ်မြို့၏ ပျက်စီးနေသော အသွင်သဏ္ဍာန်ဖြစ်သည်။

ပါဝါရ်ရှိ ရွှေပန်းထိမ်သည်သား စုန္ဒ၏ သရက်ဥယျာဉ်၌ ဗုဒ္ဓနားနေတော်မူ၏။ စုန္ဒသည် ဗုဒ္ဓအား နောက်တစ်နေ့အတွက် ဆွမ်းလုပ်ကျွေးရန်ပင့်ဖိတ်လေ၏။ ဗုဒ္ဓနှင့် ရဟန်းသံဃာအတွက် အကောင်းဆုံးဘောဇဉ်ကို စီမံဖန်တီးရန် စုန္ဒအကြံဖြစ်လေသည်။ သူတို့ ထိုခေတ်ထိုကာလ၏ အကောင်းဆုံးဟင်းလျာဖြစ်သည့် ဝက်ပျိုသား (သူကရမဒ္ဒဝ)ဟင်းကို စီမံလေသည်။ သူကရမဒ္ဒဝ ဟူသည်မှာ မငယ်လွန်းမကြီးလွန်း တစ်နှစ်သားအရွယ် ဝက်၏အသားဖြစ်သည်။ ချိုလည်းချိုသည်။ အဆီလည်း ရှိသည်။ ထိုအချိန်က ဝက်သားမှာ ရွာ၏ မစားကောင်း၊ မစားအပ်သည့် အသားလည်း မဟုတ်ပေ။ ယင်း ဝက်ပျိုသားမှာ ရွာရှိအသားသာလျှင် ဖြစ်နိုင်ဖို့ရှိလေသည်။ စုန္ဒသည် ဆွမ်းလုပ်ကျွေးလေသည်။ မကြာခင်ကမှ နာလန်ထလာသည်ဖြစ်၍ မိမိအတွက် ထိုဘောဇဉ်မှာ ကြေညက်ခဲသော ဘောဇဉ်ဖြစ်စေကာမူ ဗုဒ္ဓသည် စုန္ဒ၏ ထက်သန်သော သဒ္ဓါတရားကို တွေ့ရသည်ဖြစ်၍ ငြင်းပယ်ခြင်းငှာ မစွမ်းနိုင်ခဲ့ပေ။

တရုတ်ဘာသာပြန်သုတ်၌ ဝေသာလီမှ အမ္ဗဂါမ၊ ဇမ္ဗုဂါမ၊ ဟတ္ထိဂါမ၊ ဝေဏုဂါမ၊ ဘောဂ နဂရ၊ ပါဝါရ်တို့ကိုဖြတ်ပြီး ကုသိနာရုံသို့ ကြွရောက်ကြောင်းရေးသားပါရှိသည်။ ထိုတရုတ်ဘာသာပြန်သုတ်၌လည်း ပန်းထိမ်သည်သား စုန္ဒက သုံးနှစ်သား ဝက်သား မဒ္ဒဝ(စင်းကော)နှင့် ဆွမ်းလုပ်ကျွေးကြောင်း ရေးသားပါရှိလေသည်။

ပါဝါရ်မှ ဗုဒ္ဓကြွတော်မူသည်။ အားအင် ကုန်ခန်းနေသည်ဖြစ်၍ လမ်းခရီး၌ နေရာများစွာတွင် ရပ်နားရလေ၏။ ဗုဒ္ဓ၏ရည်မှန်းချက်မှာ ကုသိနာရုံ၏ တောဖြစ်လေသည်။ ကုသိနာရုံတော၌ အင်ကြင်းပင်အစုံတို့၏အကြား၌ ပရိနိဗ္ဗာန်ဝင်စံရမည်ဖြစ်လေသည်။ စုန္ဒ၏ဝက်သားဆွမ်းကြောင့် တစ်ဖန် ဝမ်းဥပဒ်ဖြစ်လာပြန်လေ၏။ တစ်စုံ

mgyoe.com

mgyoe.com

တစ်ယောက်က စုန္ဒအားအပြစ်မတင်စေရန်အလို့ငှာ ဗုဒ္ဓသည် အမ္ဗဝန၌ လေးထပ်ခေါက်ခင်းထားသည့် ဒုကုဋ်သင်္ကန်းပေါ်တွင် လျောင်းစက်ရင်း ရှင်အာနန္ဒာအား ထိုနောက်ဆုံးဘောဇဉ်သည် ဗုဒ္ဓ၊ မဖြစ်ခင်ဘုဉ်းပေးပြီး ဗုဒ္ဓအဖြစ်သို့ ရောက်ခဲ့သည့် သုဇာတာ၏ နို့ဆွမ်းကဲ့သို့ပင် မြင့်မြတ်သော ဘောဇဉ်ဖြစ်ကြောင်း မိန့်တော်မူလေသည်။

"အာနန္ဒာ၊ တစ်စုံတစ်ယောက်သောသူသည် ရွှေပန်းထိမ်သည်သား စုန္ဒအား "အချင်း စုန္ဒ၊ သင်၏ဆွမ်းကို နောက်ဆုံးဘုဉ်းပေးပြီး ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုတော်မူရ၏။ ထို့ကြောင့် သင်သည် လာဘ်မကောင်း၊ အရမတော်စွ" ဟု ပြောပြီး နှလုံးမသာမယာ ဖြစ်စေကောင်း ဖြစ်စေပေလိမ့်မည်။ အာနန္ဒာ၊ စုန္ဒ၏ ယင်းနှလုံးမသာမယာမှုကို ပယ်ဖျောက်ပြီး ဤသို့ပြောရမည် "ဒါယကာ စုန္ဒ၊ သင်၏ဆွမ်းကို နောက်ဆုံးဘုဉ်းပေးပြီး ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုတော်မူရ၏။ ထိုကြောင့် သင်သည် အကျိုးရှိလေသည်။ အရတော်ပေသည်။ ဒါယကာ စုန္ဒ၊ ငါသည် ဘုရားရှင်တို့၏နှုတ်တော်မှ ဤစကားကို ကြားလိုက်ရသည်။ မှတ်လိုက်ရသည်။ အခြားသောဆွမ်းတို့ထက် အကျိုးအာနိသင် ကြီးမားသော တစ်ခုနှင့်တစ်ခု အကျိုးတူညီသော ဆွမ်းနှစ်မျိုးရှိပေ၏။ ထိုနှစ်မျိုးကား အဘယ်နည်းဟူမူ (၁) အကြင်ဆွမ်းကို ဘုဉ်းပေးပြီး ဘုရားရှင်သည် ဗုဒ္ဓအဖြစ်သို့ ရောက်၏။ ထိုဆွမ်းနှင့် (၂) အကြင်ဆွမ်းကို ဘုဉ်းပေးပြီး ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြု၏။ ထိုဆွမ်းတို့ ဖြစ်ကြလေသည်"

ထိုနောက်တွင် ဟိရညဝတီမြစ်ကို တွေ့ရသည်။ ထိုမြစ်သည် ဆိုနာနာလာ၏ အဖြစ်ဖြင့် ယခုခေတ်တွင်လည်း ကဆိယာ၏ အနီး၌ ရှိနေပေသည်။ ထိုမြစ်ကို ဖြတ်ကျော်လိုက်သောအခါ မလ္လမင်းတို့၏ အင်ကြင်းတော ရောက်ရှိလာသည်။ ထိုတော၌ အင်ကြင်းအမြွာနှစ်ပင်၏အကြား၌ ညောင်စောင်းကိုခင်းလေသည်။ မြောက်ဘက်ကို ဦးခေါင်းပြုလျက်၊ တောင်ဘက်ကို ခြေဆင်းလျက်၊ လက်ယာနံတောင်း

mgyoe.com

mgyoe.com


ဖြင့် လျှောင်းစက်ပြီးလျှင် ဗုဒ္ဓသည်နှစ်ပေါင်း ၂၅၀၀ ကျော် လွန်လာခဲ့ပြီးသည့်နောက် ကျွန်ုပ်တို့ ယခု ပစ္စက္ခ တွေ့နေရသောအရာကို မြင်တော်မူလေသည်။ သဒ္ဓါတရားရှိသူ ပုဂ္ဂိုလ်များအတွက် ဤဌာန လေးပါးသည် ကြည့်ရှုဖူးမြင်အပ်သည့် ဌာနလေးပါး ဖြစ်လေသည်။ (၁) ဖွားတော်မူရာ လုမ္ဗိနီဥယျာဉ်၊ (၂) ဗုဒ္ဓအဖြစ်သို့ရောက်ရာ ဗုဒ္ဓဂယာ၊ (၃) ဓမ္မစကြာတရားဟောရာ မိဂဒါဝုန်၊ (၄) ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံ တို့ ဖြစ်ကြလေ၏။

ဗုဒ္ဓသည် ကဆုန်လပြည့်နေ့ ညနေအချိန်တွင် ထိုနေရာသို့ ရောက်တော်မူသည်။ ထိုအချိန်၌ ပရိနိဗ္ဗာန်ပြုရန်အတွက် ရှစ်နာရီ ကိုးနာရီမျှသာ ကျန်ရှိတော့သည်။ ထိုအချိန်ကိုပင်လျှင် ဗုဒ္ဓသည် အအားအနားမထားပေ။ အသုံးချတော်မူခဲ့လေ၏။ ရဟန်းများသည် ဗုဒ္ဓ၏ ကိုယ်ခန္ဓာအား ကိုးကွယ်ပူဇော်ရန်အတွက် စိတ်စောမနေသင့် ကြပေဟု ဗုဒ္ဓက မိန့်တော်မူလေသည်။ ကျွန်ုပ်တို့ ကုသိုလ်ကံကောင်းသည်မှာ၊ ကုသိနာရုံ၌ ဖုတ်ကြည်းသင်္ဂြိုဟ်ပြီးနောက် ဗုဒ္ဓ၏ ကိုယ်ကာယမှ ကြွင်းကျန်သော အရိုးတော်(ဓာတ်တော်)များအနက် အချို့မှာ ယခု ကျွန်ုပ်တို့အထံသို့အထိ ရောက်ရှိလာပြီး ထိုဓာတ်တော်များကို ဆာရနတ်(မိဂဒါဝုန်)၌ ကိုးကွယ်ထားနိုင်ခြင်းပင် ဖြစ်လေသည်။ ငါ၏ကိုယ်ခန္ဓာကို ဖုတ်ကြည်းသင်္ဂြိုဟ်ပစ်ကြလော့ဟု ဗုဒ္ဓက မိန့်တော်မူလေသည်။ ဗုဒ္ဓ၏ ယင်းမိန့်တော်မူချက်ကို ကြားရသည့်အခါ အာနန္ဒာသည် ဖြေမဆည်နိုင်တော့ပေ။ ကျောင်းခန်းတွင်းသို့သွားပြီး တိုင်ဇုတ်ကို ကိုင်လျက် ငိုလေတော့သည်။ အာနန္ဒာကို မတွေ့ရသည်ဖြစ်၍ ဗုဒ္ဓသည် အာနန္ဒာအား အခေါ်ခိုင်းပြီးလျှင် ဤသို့ မိန့်တော်မူသည်–

"အာနန္ဒာ၊ တော်တော့၊ မပူဆွေးလင့်။ မငိုကြွေးလင့်။ ချစ်ခင်မြတ်နိုးသူအားလုံးနှင့် ကွဲကွာရခြင်းသဘောကို ငါမဆွကပင် ဟောကြားခဲ့သည် မဟုတ်လော။ အကြင်တရားသည် ဖြစ်ပေါ်လာ၏။ ပေါ်ပေါက်လာ၏။ ထင်ရှားလာ၏။ ပြုပြင်စီရင်အပ်၏။ ထိုတရားသည်

mgyoe.com

mgyoe.com


ပျက်စီးတတ်သော သဘောရှိ၏။ ထိုတရားသည် မပျက်စီးပါစေလင့်" ဤသို့မဖြစ်နိုင်ပေ။ အာနန္ဒာ၊ သင်သည် ကြာမြင့်စွာသော ကာလပတ်လုံး ... အလွန်တရာကြီးမားသော မေတ္တာနှင့်ပြည့်စုံသည့် ကာယကံအားဖြင့်လည်းကောင်း၊ အလွန်တရားကြီးမားသော မေတ္တာနှင့်ပြည့်စုံသည့် ဝစီကံအားဖြင့် လည်းကောင်း၊ အလွန်တရာကြီးမားသော မေတ္တာနှင့်ပြည့်စုံသည့် မနောကံအားဖြင့်လည်းကောင်း၊ တထာဂတအား လုပ်ကျွေးပြုစု၏။ အာနန္ဒာ၊ သင်သည် ကုသိုလ်ကောင်းမှုကို ပြုထားပြီးသူ ဖြစ်ပေ၏။

မလ္လတို့၏ ဂဏအုပ်ချုပ်ရေး နိုင်ငံများထဲမှ နိုင်ငံတစ်နိုင်ငံ၏ နေပြည်တော်သည် ကုသိနာရုံဖြစ်လေသည်။ ပရိနိဗ္ဗာန် မပြုမီကပင် ဗုဒ္ဓသည် အာနန္ဒာအား မလ္လတို့၏အထံသို့ စေလွှတ်ပြီး ဤသို့ အပြောခိုင်းထားလေ၏။ "ဝါသေဋ္ဌ အနွယ်ဝင်တို့၊ ယနေ့ည နောက်ဆုံးပဟိုရ်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုလိမ့်မည်။ လာကြလော့ ဝါသေဋ္ဌတို့၊ လာကြလော့ ဝါသေဋ္ဌတို့၊ 'ငါတို့၏ နယ်ပယ်ဒေသ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသည် ဖြစ်ပါလျက် ငါတို့ နောက်ဆုံးကာလ၌ မြတ်စွာဘုရားကို ဖူးမြော်ခွင့် မရလိုက်ကြ' ဟု နောင်အခါ နှလုံးမသာ မဖြစ်ကြစေကုန်လင့်"

ဘုရားရှင်အား ဖူးမြော်ရန်အလို့ငှာ မလ္လမင်းများ၊ မလ္လတို့၏ ဇနီးမယားများ၊ သားသမီးချွေးမများသည် လာရောက်ကြသည်။ အားလုံးပင် ဝမ်းနည်းကြေကွဲခြင်း ဖြစ်နေကြကုန်၏။ စိတ်ထိခိုက်ကြလေကုန်၏။ အချို့မှာ ဆံပင်များဖြန့်ပြီး ငိုကြွေးနေကြလေကုန်၏။ အချို့က လက်မောင်းကိုမြှောက်ပြီး ငိုကြွေးနေကြလေကုန်၏။

ထိုအချိန်သမယ၌ နေ့ည၌အချိန်ကာလကို ပဟိုရ် ခြောက်ပဟိုရ်ရှိ၏ဟု အသိအမှတ်ပြုကြလေသည်။ တတိယယာမ်၏ ဆိုလိုရင်းမှာ ညဉ့်၏ နောက်ဆုံးလေးနာရီ ဖြစ်လေသည်။ ကဆုန်လညမှာ ညတာတိုသည်။ ပထမယာမ်–သို့မဟုတ် ညဆယ်နာရီအထိ မလ္လ

mgyoe.com

mgyoe.com


တို့သည် မြတ်စွာဘုရားအား ဖူးမြော်ကြသည်။ ရှိခိုးဝတ်ပြုကြသည်။

ကုသိနာရုံပြည်၌ သုဘဒ္ဒအမည်ရှိ ပရိဗိုဇ်တစ်ဦး ရှိလေသည်။ သုဘဒ္ဒပရိဗိုဇ်သည် ထိုသတင်းကိုကြားသိရသည့်အခါ အခွင့်ကို အလွတ်မပေးသင့်ဟု အကြံရလေ၏။ သူသည် အင်ကြင်းတောသို့ လာခဲ့သည်။ အာနန္ဒာအား ဗုဒ္ဓကို ဖူးမြော်လိုကြောင်း ခွင့်တောင်း၏။ ဘုရားရှင်အား ဒုက္ခမပေးချင်ပါနှင့်ဟု ပြောပြီး အာနန္ဒာက ငြင်းဆန်နေသည်။ သူတို့နှစ်ဦး၏ စကားပြောသံကို ဗုဒ္ဓက ကြားရသည်။ ဗုဒ္ဓက မိန့်တော်မူလေ၏။ "အာနန္ဒာ၊ မတားမြစ်ပါလင့်။ သုဘဒ္ဒကို မတားမြစ်ပါလင့်။ သုဘဒ္ဒအား ဘုရားရှင်ကို ဖူးမြော်ခွင့်ပေးလိုက်ပါလော့။ သုဘဒ္ဒ ငါ့ကိုမေးလျှင် မေးသမျှသည် ဒုက္ခပေးလို၍ မဟုတ်ဘဲ သိလို၍ တတ်လို၍ မေးခြင်းသာလျှင် ဖြစ်ပေလိမ့်မည်။ သူမေးသည်ကို ငါဖြေလိုက်လျှင် သူ ဆုတ်ဆိုင်းခြင်းမရှိဘဲ သိမြင်နားလည်သွားပေလိမ့်မည်"

သုဘဒ္ဒသည် ဗုဒ္ဓ၏ရှေ့မှောက်ရောက်သောအခါ မိမိ၏ မရှင်းလင်းသည့်အချက်များကို တင်ပြလေသည်။ ဗုဒ္ဓက ရှင်းလင်းဟောပြတော်မူသည်။ သုဘဒ္ဒသည် ဗုဒ္ဓ၏ နောက်ဆုံးမျက်မှောက်တပည့် ဖြစ်လေ၏။

ဗုဒ္ဓသည် အာနန္ဒာအား ဤသို့ မိန့်တော်မူသည်။

"အာနန္ဒာ၊ (၁) တရားအဆုံးအမသည် ဟောကြားသော ဆရာမှ ကင်းခဲ့ပြီ ဟူ၍လည်းကောင်း၊ ယခု ငါတို့၏ ဆရာမရှိတော့ပြီ ဟူ၍လည်းကောင်း၊ သင်တို့ မထင်မှတ်ကြလေနှင့်။ အကြင်တရားဓမ္မနှင့် ဝိနည်းကို ငါသည် ဟောကြားခဲ့၏။ ပညတ်ခဲ့၏။ ထိုတရားဓမ္မနှင့် ဝိနည်းတို့သည် ငါကွယ်လွန်ပြီးသည့်နောက်၌ သင်တို့၏ ဆရာပင် ဖြစ်ပေ၏။ (၂) အာနန္ဒာ၊ ယခုအခါ၌ ရဟန်းတို့သည် တစ်ဦးနှင့်တစ်ဦး "အာဝုသော" (ငါ့ရှင်)ဟူသော စကားလုံးဖြင့် ခေါ်ဝေါ်ကြ၏။ ငါကွယ်လွန်သွားပြီးသည့်နောက်၌ ထိုကဲ့သို့ မခေါ်အပ်ပေ။ အာနန္ဒာ၊

mgyoe.com

mgyoe.com


မထေရ်ကြီးဖြစ်သော ရဟန်းသည် သီတင်းငယ်ရဟန်းကို အမည်ဖြင့် ဖြစ်စေ၊ အနွယ်ဖြင့်ဖြစ်စေ၊ "အာဝုသော"(ငါ့ရှင်)ဟူသော စကားလုံးဖြင့်ဖြစ်စေ၊ ခေါ်အပ်ပေသည်။ သီတင်းငယ် ရဟန်းကမူ မထေရ်ကြီး ရဟန်းအား "ဘန္တေ"(အရှင်ဘုရား)ဟူ၍လည်းကောင်း၊ "အာယသ္မာ" (အရှင်)ဟူ၍လည်းကောင်း၊ ခေါ်ဝေါ်အပ်ပေသည်။ (၃) အာနန္ဒာ၊ ငါ ကွယ်လွန်သွားပြီးသည့်နောက်၌ သေးငယ်သော သိက္ခာပုဒ်များကို ပယ်လိုခဲ့သော် ပယ်ပစ်ကြကုန်လော့။ (၄) အာနန္ဒာ၊ ငါကွယ်လွန်သွားပြီးသည့်နောက်၌ ဆန္နရဟန်းအား ဗြဟ္မဒဏ်ပေးအပ်၏"

"အရှင်ဘုရား၊ ဗြဟ္မဒဏ်ဟူသည်မှာ အဘယ်အရာပါနည်း"

"အာနန္ဒာ၊ ဆန္နရဟန်းသည် တခြားရဟန်းများအား ပြောလိုရာ စကားကို ပြောဆိုနိုင်၏။ ရဟန်းများကမူ သူ့ကို မပြောဆိုအပ်၊ မဆုံးမအပ်၊ မကံမြစ်အပ် ..."

ထိုနောက် ဘုရားရှင်သည် ရဟန်းသံဃာများအား မိန့်တော်မူပြန်လေ၏ -

"ရဟန်းတို့၊ တစ်စုံတစ်ယောက်သော ရဟန်းသည် ဗုဒ္ဓ၌ ဖြစ်စေ၊ ဓမ္မ၌ဖြစ်စေ၊ သံဃာ၌ဖြစ်စေ၊ ယုံမှားသံသယ ဖြစ်ငြားအံ့။ မေးမြန်းလျှောက်ထားကြလော့။ ရဟန်းတို့၊ နောင်သောအခါကျမှ မြတ်စွာဘုရား ငါတို့မျက်မှောက်၌ ထင်ရှားရှိခဲ့ပါလျက် ငါတို့ မြတ်စွာဘုရားအား တစ်စုံတစ်ခု မမေးမလျှောက်လိုက်ရဟု နောင်တ တစ်ဖန် ပူပန်ခြင်း မဖြစ်ကြစေကုန်လင့်"

ဗုဒ္ဓ၏ နောက်ဆုံးပိတ် စကားမှာ ဤသို့ဖြစ်သည် -

"ပြုပြင်စီရင်အပ်သည့် အရာဝတ္ထုတို့သည် ပျက်စီးတတ်သော သဘောရှိ၏။ မပျင်းမရိ မမေ့မလျော့သော သတိဖြင့် ဘဝ၏ရည်မှန်းချက်ကို ပြည့်ဝအောင် ပြုလုပ်ကြလော့ ..."

တရုတ် ပိဋကတ်သုတ်၏ ဘာသာပြန်၌လည်း ဤအတိုင်းပင် ဖြစ်သည် - "ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ ..."

mgyoe.com

mgyoe.com


မိမိ၏ ဤနောက်ဆုံး စကားဝါကျ၌ ဗုဒ္ဓသည် အချက်နှစ်ချက်ကို အလေးအနက် ပြုထားသည်။ ပထမအချက်မှာ လူ၏ အဓိကအဘိဓမ္မာဖြစ်သည့် "အရာဝတ္ထုဟူသမျှ ပျက်စီးတတ်သော သဘောရှိ၏" ဟူသော သဘောတရားဖြစ်၏။ ခဏိကဝါဒကို ဆိုလိုရင်းဖြစ်လေသည်။ ဒုတိယအချက်ကား မိမိရည်မှန်းချက် ပြည့်ဝရရှိရေး၌ မပျင်းမရိ သတိရှိကြစေရန် ညွှန်ကြားတိုက်တွန်းခြင်း ဖြစ်လေသည်။

လပြည့်နေ့ည ဖြစ်သည်။ လမင်းသည် ထွန်းလင်းတောက်ပနေသည်။ အင်ကြင်းပင်တို့သည် ဖြူဖွေးသောအပွင့်များဖြင့် တင့်တယ်လှပနေကြသည်။ ယခုခေတ်တွင်လည်း အင်ကြင်းပွင့်များပွင့်လျှင် ပန်းရနံ့များသည် အဝေးသို့အထိ ကြိုင်လှိုင်၍ နေလေသည်။ ဘိက္ခုနှင့် ဘိက္ခုနီတို့သည် အရေအတွက် များပြားစွာ ဗုဒ္ဓ၏အပါး၌ ထိုင်နေကြလေ၏။ ဗုဒ္ဓ၏အပြဋ္ဌာန်းဆုံး တပည့်ကြီးနှစ်ဦးဖြစ်သည့် သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့မှာမူ ထိုအချိန်မတိုင်မီကပင် ပရိနိဗ္ဗာန်ဝင်စံခဲ့ပြီးလေပြီ။ ထိုတပည့်ကြီး နှစ်ဦးပြီးလျှင် ရှင်မဟာကစ္စာယန (ရှင်မဟာကစ္စည်း)ရှိသည်။ ရှင်မဟာကစ္စာယနသည်လည်း ထိုအချိန်၌ အလှမ်းဝေးလှသော အဝန္တိ(ဥဇ္ဇေနီ) ဒေသ၌ ရှိနေဟန်တူသည်။ ထိုတပည့်ကြီးသုံးဦးပြီးလျှင် အခြားပြဋ္ဌာန်းသော တပည့်မှာ မဟာကဿပ ဖြစ်လေသည်။ မဟာကဿပ မထေရ်လည်း ထိုနေရာ၌ မရှိပေ။

ညဥ့်၏ တတိယ (နောက်ဆုံး) ပဟိုရ်၌ ဗုဒ္ဓသည် မိမိ၏ဘဝကို အဆုံးသတ်သွားခဲ့လေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုသောအခါ၌ ရာဂ မကင်းသေးသည့် ရဟန်းအချို့သည် လက်မောင်းကိုမြှောက်ချီပြီး "မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ"ဟု ငိုကြွေးမြည်တမ်းကြလေကုန်၏။ ပြတ်သောသစ်ပင်ကဲ့သို့ လဲကျကြလေကုန်၏။ မြေကြီးပေါ်၌ လူးလိမ့်ကြလေကုန်၏။ သို့ရာတွင် ရာဂကင်းသော ရဟန်းတို့သည်ကား သတိသမ္ပဇဉ်နှင့်ယှဉ်လျက် "ပြုပြင်စီရင်အပ်သော

mgyoe.com

mgyoe.com

## ဗုဒ္ဓ၏ ထူးခြားချက်များနှင့် အတွေးအခေါ်များ

ရာဇဝင်သမိုင်း၌ ထင်ပေါ်ကျော်ကြားခဲ့သည့် သမိုင်းဝင် မဟာပုရိသ ယောကျ်ားမြတ် တစ်ဦးဦးအား ရှေးဟောင်းနတ်ဒေဝတာများနှင့် နှိုင်းယှဉ်ခြင်းမှာ မသင့်လျော်ပေ။ သို့ရာတွင် အကယ်၍ ရှေးဟောင်းစကားလုံး သုံးရိုးသုံးစဉ်ကို အသုံးပြုရမည်ဆိုလျှင် ဗုဒ္ဓသည် တစ်ဆယ့်ခြောက်ပါးသော အင်္ဂါအစိတ်အပိုင်းနှင့် ပြည့်ဝသော ပုဂ္ဂိုလ်မြတ်ဖြစ်ပေသည်။ ကျွန်ုပ်တို့နိုင်ငံသည် ကြီးကျယ်သောပုဂ္ဂိုလ်များကို မွေးဖွားသည့် ကံကုသိုလ်ရရှိခဲ့သည့် နိုင်ငံဖြစ်သည်။ သို့ရာတွင် ဗုဒ္ဓ၌ ပြည့်စုံမှုကို တွေ့ရသလောက် တခြားတွင် တွေ့ရလိမ့်မည် မဟုတ်ပေ။ မဟာပုရိသ ယောကျ်ားမြတ်တွေထဲက ဦးနှောက် သို့မဟုတ် အသိဉာဏ်နှင့်ပတ်သက်ပြီး အဝေးသို့အထိ ထွင်းဖောက်နိုင်သည့်၊ အဝေးသို့အထိ ဆင်ခြင်စဉ်းစားနိုင်သည့် အလွန်တရာကြီးကျယ်သည့် ပုဂ္ဂိုလ်များ အမြောက်အမြား တွေ့ရှိရပေလိမ့်မည်။ သို့ရာတွင် စိတ်နှလုံးနူးညံ့ချိုသာမှုနှင့် ပတ်သက်၍မူ ထိုမျှလောက် ကြီးကျယ်သည်ကို တွေ့ရလိမ့်မည်မဟုတ်ပေ။ အချို့ပုဂ္ဂိုလ်များမှာ စိတ်နှလုံးနှင့်ပတ်သက်၍ အလွန်တရာ ပြည့်သူများဖြစ်သော်လည်း ဦးနှောက်နှင့် ပတ်သက်လာလျှင်မူ ချို့တဲ့နေသည်ကို တွေ့ရပေလိမ့်မည်။ ဗုဒ္ဓသည် စိတ်နှလုံးနှင့်

mgyoe.com

mgyoe.com


ဦးနှောက်နှစ်မျိုးလုံး၌ ကြီးကျယ်မြင့်မြတ်သူဖြစ်သည်။ ဗုဒ္ဓ၏ ပုဂ္ဂလဝိသေသ ထူးခြားချက်များမှာ နှစ်ပေါင်း နှစ်ထောင့်ငါးရာမျှသော အစဉ်အလာများနှင့် သဒ္ဓါတည်းဟူသော ပန်းတို့ဖြင့် ဖုံးလွှမ်းထားခြင်းခံရသဖြင့် တောအတွင်း၌ မြုပ်ကွယ်နေသယောင်ယောင် ထင်မှတ်ရလေသည်။ သို့ရာတွင် ယင်းသို့ဖြစ်လင့်ကစား အနည်းငယ်မျှ စဉ်းစားဆင်ခြင်လိုက်လျှင် မြူမှုန်လိမ်းကပ်နေသည့် ကိုဟီးနိုးစိန်ကဲ့သို့ တလက်လက်တောက်ပလျက်ပင် ရှိလေသည်။

အနောက်တိုင်းမှ ပညာရှင်များ ဗုဒ္ဓအကြောင်းကို ကြားရခါစ သိရခါစ၌ ၎င်းတို့အနက် အမြောက်အမြားမှာ ဗုဒ္ဓအား ဟိန္ဒူတို့၏ အဝတာရ(ဘုရားကိုယ်ပွား) စိတ်ကူးယဉ်ကဲ့သို့သော စိတ်ကူးယဉ်ချက်တစ်ခုမျှလောက်သာ ထင်မှတ်ယူဆခဲ့ကြ၏။ သို့ရာတွင် နောက်ဆုံး၌မူ ခိုင်မာသော ရာဇဝင်အချက်အလက်များ၏ ရှေ့မှောက်၌ ဦးညွှတ်ပြီး ဗုဒ္ဓ၏ သမိုင်းဝင်အဖြစ်ကို လက်ခံကြရပေသည်။ ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီး နောက်အချိန်အနည်းငယ်မျှသောအခါ၌ ပိပရဟာဝါတွင်လည်းကောင်း၊ ထိုနောက်နှစ်ရာစု နှစ်ရာစုခွဲအကြာ တခြားသောနေရာများတွင် လည်းကောင်း၊ ရှေးဟောင်းအက္ခရာစာလုံးများဖြင့် ထွင်းထုထားသည့် ကြုတ်များအတွင်း၌ ထည့်ထားသော ဗုဒ္ဓ၏အရိုးတော် (ဓာတ်တော်)များ ကျွန်ုပ်တို့၏ရှေ့မှောက် ရောက်လာသောအခါ၌မူ ဗုဒ္ဓကိုယ်တော်တိုင် နှစ်ပေါင်းနှစ်ထောင့်ငါးရာ ကျော်လွန်လာပြီးနောက် ကျွန်ုပ်တို့၏ ရှေ့မှောက် ရောက်လာပြီး သမဏဂေါတမဟု ခေါ်ကြသူမှာ ငါပင် ဖြစ်သည်။ အိန္ဒိယမြောက်ပိုင်း(တော)ဆန်တာလာ ပရဂနာခရိုင်မှ ထာနေရွှရ်အထိ လည်းကောင်း၊ ဝိန်ဓယာတောင်မှ ဟိမဝန္တာတောင်ဝှမ်းအထိ လည်းကောင်း၊ ၄၅-နှစ်ပတ်လုံး လှည့်လည်သွားလာနေခဲ့သူမှာ ငါပင်ဖြစ်သည်ဟု မိန့်မြွက်သကဲ့သို့ပင် ထင်မှတ်ရလေ၏။

အစဉ်အလာ ယူဆချက်အရ ဗုဒ္ဓပရိနိဗ္ဗာန် စံသောနှစ်မှာ ဘီစီ ၅၄၄-ခုနှစ် ဖြစ်သည်ဟုလည်းကောင်း၊ မွေးဖွားသောနှစ်မှာ ထိုနှစ်

mgyoe.com

mgyoe.com


ထက် အနှစ် ၈၀ ရှေးကျသော ဘီစီ ၆၄၂ ဖြစ်သည်ဟု လည်းကောင်း၊ ကျွန်ုပ်ပြောပြခဲ့လေပြီ။ ယင်းသက္ကရာဇ်အရ ဆိုလျှင် ၁၉၅၆ ခုနှစ်၌ ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးသည်မှာ နှစ်ပေါင်း ၂၅၀၀ ရှိလေပြီ။ ရာဇဝင်သမိုင်းဆိုင်ရာ ရှာဖွေစူးစမ်းချက်များအရမူ ယင်းတွက်ကိန်း၌ နှစ်ပေါင်း ၆၀ ပိုနေသည်ဟု သိရပေသည်။ ပရိနိဗ္ဗာန် ဝင်စံသောနှစ်မှာ ဘီစီ ၄၈၃–၈၄ ဖြစ်လေသည်။ ယင်းကဲ့သို့ယူဆလျှင် အခြားသော ရာဇဝင်အမှတ်အသားများနှင့် ကိုက်ညီပေသည်။ အစဉ်အလာယူဆချက်အရ ဘီစီ ၆၂၄ ၌ သိဒ္ဓတ္ထသည် လုမ္ဗိနီ(နေပါလ်နယ်စပ်)၌ ဖွားမြင်လေသည်။ ၂၉–နှစ်အရွယ် (ဘီစီ ၅၉၅၊ ရာဇဝင်သမိုင်းဆိုင်ရာနည်းအရ ဘီစီ–၅၃၅)၌ တောထွက်တော်မူသည်။ ခြောက်နှစ်တိတိ ပြင်းထန်သော အကျင့်ကို ကျင့်ပြီးနောက် ထိုအကျင့်ကို အချည်းအနှီး အလဟဿဟု သိပြီးလျှင် ၃၅–နှစ် အရွယ်၌ (ဘီစီ ၅၈၉–၅၂၉)၌ သိဒ္ဓတ္ထသည် ကိုယ်တိုင်ကြိုးပမ်းအားထုတ်ပြီး ဗုဒ္ဓ၏အဘိဓမ္မာ၊ ယောဂ၊ အကျင့်စာရိတ္တတို့၏ အခြေခံအုတ်မြစ်ဖြစ်သော အသိဉာဏ်ကို အောင်မြင်စွာ ရရှိတော်မူခဲ့၏။ ထိုအသိဉာဏ်ကို မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ဟူ၍လည်းကောင်း၊ လေးပါးသော အရိယာသစ္စာတရားဟူ၍လည်းကောင်း၊ အနိစ္စခဏိက သဘောတရားဟူ၍ လည်းကောင်း၊ သို့မဟုတ် ပဋိစ္စသမုပ္ပာဒ် ဟူ၍လည်းကောင်း၊ ခေါ်ဝေါ်လေသည်။ ၃၅–နှစ် အရွယ်မှ ၈၀–အရွယ်အထိ ၄၅–နှစ် (ရာဇဝင်သမိုင်းအရ ဘီစီ ၅၂၈–၄၈၃ နှင့် အစဉ်အလာ ယူဆချက်အရ ဘီစီ ၅၈၄–၅၈၉–၅၄၅)အထိ ဗုဒ္ဓသည်အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်း၊ အားလုံးသော ကောင်းခြင်းနှင့်ပြည့်စုံသော တရားဓမ္မလမ်းကြောင်းကို လူများစွာတို့၏ အကျိုးအတွက်၊ လူများစွာတို့၏ ချမ်းသာမှုအတွက် ညွှန်ကြားဟောပြတော်မူခဲ့သည်။

ဗုဒ္ဓ သက်တော်ထင်ရှား ရှိစဉ်ကပင် ဗုဒ္ဓ၏ ဂုဏ်သတင်းသည် သူလှည့်လည်ကျက်စားနေတော်မူသည့် နယ်ပယ်မှ အပြင်ဘက်သို့

mgyoe.com

ပျံ့နှံ့ရောက်ရှိနေခဲ့ပြီး ဖြစ်လေသည်။ သုနာပရန္တတိုင်း ဂူဂျရတ် သမုဒ္ဒရာကမ်းခြေမှ သူဌေးသည် ရောက်ရှိလာပြီး သူ၏တပည့်အဖြစ် ခံယူသည်။ တက္ကသိလာဘုရင် ကပ္ပိနသည် သူ၏ခြေတော်ရင်းသို့ ဝပ်စင်းရောက်လာသည်။ မိမိနှင့် ခေတ်ပြိုင်ပညာရှိကြီးများနှင့် နာမ် ဝါဒီပုဂ္ဂိုလ်ကြီးများသည် ဗုဒ္ဓ၏ခြေတော်ရင်း၌ ဝပ်စင်း ဦးနှိမ့်ကြလေ သည်။ သာရိပုတ္တရာ၊ မောဂ္ဂလာန်၊ မဟာကဿပကဲ့သို့သော ထို ခေတ်က ကြီးမားသော ဩဇာတိက္ကမ ရှိကြသည့် အင်္ဂမဂဓတိုင်းက ထိပ်တန်းဗြာဟ္မဏ ပညာရှိကြီးများသည် ဗုဒ္ဓ၏တရားဒေသနာတော် မှ ငြိမ်းချမ်းမှုကိုရရှိကြကုန်သည်။ (ဥဇ္ဇေနီ)တိုင်း ဘုရင်စဏ္ဍပဇ္ဇောတ ၏ပုရောဟိတ် မဟာကစ္စာယနသည် ဗုဒ္ဓ၏ခြေတော်ရင်း၌ပင် ပျပ်ဝပ် ဦးနှိမ့်ပြီး ဇမ္ဗူဒိပ်ကျွန်း၌ အတုမဲ့နေတစ်စင်းထွက်ပြူလာပြီဟု ထုတ် ဖော်ခဲ့လေသည်။ လူဝတ်ကြောင် ဗြာဟ္မဏ ပညာရှိကြီးများအတွင်း၌ လည်း ဗုဒ္ဓအား ကြည်ညိုသူတို့၏ဦးရေမှာ မနည်းပေ။

ဉာဏ်ပဋိဘာန်နှင့် ဥပမိရုပ် နှစ်မျိုးလုံး၌ ဗုဒ္ဓသည် ဘယ်လောက် စိတ်ဝင်စားဖွယ် ကြည်ညိုဖွယ် ဖြစ်နေသနည်းဆိုလျှင် သူ၏ရှေ့ မှောက်သို့ရောက်လာလျှင် လူအပေါင်းတို့မှာ ကြည်ညိုလေးစားသွား ကြသည်သာလျှင် ဖြစ်ကြ၏။ ဒုက္ကရစရိယာအကျင့်ကို ကျင့်နေစဉ် ခြောက်နှစ်ပတ်လုံး အတူနေပြီး ဒုက္ကရစရိယာအကျင့်ကို စွန့်ပစ်လိုက် သောအခါ ဗုဒ္ဓအား အကျင့်ဖောက်ဖျက်လိုက်ပြီဟု အထင်ရှိသူ ကောဏ္ဍည၊ အဿဇိ စသည့် ပဥ္စဝဂ္ဂီ ရဟန်းငါးဦးတို့သည် ဗုဒ္ဓအား စွန့်ခွာပြီး ဗာရာဏသီ ဣသိပတန မိဂဒါဝုန်တော (ဆာရနတ်)သို့ ထွက်သွားကြလေသည်။ ဗုဒ္ဓသည် ထိုစိတ်ပျက်အားလျော့သွားကြ သည့် ရဟန်းငါးပါးအား မိမိ၏ အသစ်ရှာဖွေတွေ့ရှိချက်ဖြင့် ပထမ ဦးဆုံး အကျိုးရှိအောင်ပြုလုပ်လိုသည်။ ပဥ္စဝဂ္ဂီ ရဟန်းငါးဦးသည် ဗုဒ္ဓအား အဝေးမှလာသည်ကို တွေ့ရသောအခါ "ဟောဟိုမှာ အကျင့် ဖောက်ဖျက်ပစ်သည့် သမဏ ဂေါတမ လာနေပြီ။ သူ့ကို ရှိခိုးရိုသေ

mgyoe.com

mgyoe.com

ခြင်း မပြုလုပ်ကြစတမ်း။ ခရီးဦးကြိုမပြုလုပ်ကြစတမ်း”ဟု အချင်းချင်း တိုင်ပင်ထားကြ၏။ သို့ရာတွင် ဗုဒ္ဓအနီးသို့ရောက်လာသောအခါ တစ်ဦးက ရှေ့တိုးပြီး ဗုဒ္ဓ၏သပိတ်၊ သင်္ကန်းကို လှမ်းယူသည်။ အခြားတစ်ဦးက နေရာထိုင်ခင်းကိုပေးသည်။ အခြားတစ်ဦးက ခြေဆေးရန်ရေယူလာသည်။

ဗုဒ္ဓသည် မည်မျှလောက် ကြည်ညိုဖွယ် မြတ်နိုးဖွယ်ကောင်းသနည်းဆိုလျှင် လူပေါင်းများစွာတို့က သမဏ ဂေါတမ၏အထံ၌ လူကို ညို့သည့်၊ လူကိုပြုစားသည့် “စိတ်ညှို့အတတ်” ရှိသည်ဟု ထင်မှတ်ကြသည်။ နာလန္ဒာမှ သူဌေး ဥပါလိသည် ယင်းပြုစားချက်ခံရသည့်အခါ တစ်စုံတစ်ဦးက သရော်သည်တွင် ဤသို့ပြန်ပြောလေသည်– “ပြုစားချက်မှာ ကောင်းလှပေသည်။ ပြုစားချက်မှာ မွန်မြတ်လှပေသည်။ အကယ်၍ ကျွန်ုပ်၏ ချစ်သောမျိုးနွယ်များလည်း ဤပြုစားချက်ခံရလျှင် ရှည်လျားကြာမြင့်စွာသော အချိန်ကာလအထိ သူတို့၏အကျိုး သူတို့၏ချမ်းသာသုခ ဖြစ်နေပေလိမ့်မည် ...”

စိတ်နှလုံးနှင့် အသိဉာဏ်၏အပေါ်၌ ဗုဒ္ဓသည် အလွန်ဩဇာလွှမ်းနိုင်စွမ်း ရှိလေသည်။

ဗုဒ္ဓ၏ အဘိဓမ္မာသည် ပဋိစ္စသမုပ္ပာဒ် ဖြစ်လေသည်။ အတွင်းအပြင်လောကရှိ ကြီးကြီးငယ်ငယ် အရာဝတ္ထုဟူသမျှသည် ခြွင်းချက်မရှိ ပျက်စီးခြင်း သဘောရှိသည်။ မမြဲသော သဘောရှိသည်။ ခဏမပြတ် အမြစ်အရင်းကနေပြီး ပြောင်းလဲလေ့ သဘောရှိသည်။ ယင်းအချက်ကို သိရှိနားလည်ရန်မလွယ်ကူပေ။ သို့ရာတွင် ဗုဒ္ဓ ဟောပြသောနည်းမှာ အလွန် လွယ်ကူလှပေသည်။ အသိဉာဏ် အတော်အတန်ရှိသူပင် ဖြစ်စေကာမူ ကောင်းစွာနားလည်သဘောပေါက်သွားနိုင်လောက်အောင် ချည်ခင်ချည်ထုံးများကို ရှင်းရန်အတွက် ဥပမာပေးပြီး ဟောပြတော်မူလေသည်။ ဉာဏ်ပညာထက်သူများ အဖို့မှာမူ နှစ်ပုဒ်နှစ်ကြောင်းဖြင့်ပင် ဗုဒ္ဓ၏ခက်ခဲနက်နဲသော အဘိဓမ္မာကို နားလည်

mgyoe.com

mgyoe.com


သွားနိုင်လေသည်။ အဿဇိရဟန်း၏ ငြိမ်သက်သော အပြုအမူများ ကိုတွေ့ရ၍ ပရိဗိုဇ်သာရိပုတ္တရာသည် အဿဇိရဟန်းအား စိတ်ဝင်စား သွားသည်။ သူသည် အဿဇိ၏ အတွေးအခေါ်အယူအဆကို မေး ကြည့်သည်။ အဿဇိက ပြန်ပြော၏။ "ငါသည် ဤတရားဓမ္မနှင့် ပတ်သက်ပြီး အသစ်ဖြစ်သည်။ အကျယ် ဝိတ္ထာရကို ပြောမပြတတ်"

"ကောင်းပါပြီ။ နည်းနည်းဖြစ်ဖြစ်၊ များများဖြစ်ဖြစ်၊ သိသမျှ ပြောပြပါ"

အဿဇိသည် ဂါထာတစ်ပုဒ်ကို ဟောပြလိုက်သည်။ ထိုဂါထာ မှာ မဇ္ဈိမဒေသ အိန္ဒိယပြည်တွင်း၌ လည်းကောင်း၊ ပြည်ပ၌လည်း ကောင်းအကြိမ်ပေါင်းကုဋေကုဋာမက ကျောက်၊ ဓာတ်သတ္တု၊ စက္ကူ၊ မြေကြီးပေါ်၌ ရေးထိုးထားသည့် ဂါထာဖြစ်လေသည်။ ဗုဒ္ဓဘာသာ တိုင်းပြည် ဟူသမျှ ထိုဂါထာကို ရေးထိုးထားသည့် မြေကြီးနှင့် ပြုလုပ် ထားသော တံဆိပ်ပြားများကို သိန်းသန်းမက တွေ့ရှိရလေသည်။ ဂါထာကား ဤသို့ဖြစ်သည် –

ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ၊ တေသံ စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။

[အရာဝတ္ထုတို့သည် အကြောင်းကြောင့် ဖြစ်ပေါ်လာကြကုန် သည်။ ထိုအရာဝတ္ထုတို့၏ အကြောင်းကိုလည်းကောင်း၊ ထို အကြောင်းတို့၏ ချုပ်ငြိမ်းခြင်းကိုလည်းကောင်း၊ ဘုရားရှင်သည် ဟောကြားတော်မူ၏။ ဤသို့ ပြောပြသော သူသည် မဟာသမဏ ဖြစ်လေသည်။]

ဗုဒ္ဓသည် အားလုံးသော ဓမ္မကို–မျက်မှောက်မျက်ကွယ် အရာ ဝတ္ထုဟူသမျှကို အကြောင်းနှင့်တကွ ဖြစ်ပေါ်ကြသော အရာများဟု ပြောပြတော်မူသည်။ ယင်းအမြင် (အဘိဓမ္မာ) တစ်ခုသည် ဗုဒ္ဓ၏ အနိစ္စဝါဒ၊ အနတ္တဝါဒကို ပညာရှိ သာရိပုတ္တရာ၏ ရှေ့၌ လှစ်ပြလိုက် လေသည်။

mgyoe.com

ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒီတို့သည် အိန္ဒိယ အဘိဓမ္မာနယ်ပယ်၌ အခါခပ်သိမ်း ရှေ့သွားခေါင်းဆောင် ဖြစ်ခဲ့လေသည်။ သူ့ခေတ်သမယ၌သာ လျှင်မက ခေတ်အဆက်ဆက်၏ အတုမရှိသော အိန္ဒိယ အဘိဓမ္မာ ဆရာဖြစ်သည့် နာလန္ဒာမှ မဟာအဘိဓမ္မာဆရာဖြစ်သော ဓမ္မကိတ္တိနှင့် ပတ်သက်ပြီး သူ့ဆန့်ကျင်ဘက်ပုဂ္ဂိုလ်များက "ဒုရာဗာခ ဣဝ ဓမ္မကိတ္တေပန္ထာ၊ တတ် အတြအဝဟိတေန ဘာဗျ"(ဓမ္မကိတ္တိ၏ အယူအဆသည် ထွင်းဖောက်နိုင်ခဲသည်။ သတိနှင့်သာနေကြ ...)ဟု ပြောဆိုလေ့ရှိကြသည်။

ဗုဒ္ဓ၏ချိုသာသော နှစ်သက်ဖွယ်ကောင်းသော ထူးခြားချက်များကို ဖော်ပြမည့်အဖြစ်အပျက်များ အမြောက်အမြားရှိလေသည်။

(၁) ဗုဒ္ဓသည် မဟာကရုဏာတော်နှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်ဖြစ်သည်။ ဗုဒ္ဓနှင့် ဗုဒ္ဓ၏တပည့်သာဝကတို့သည် ကရုဏာတရားကို အလေးအနက်အပြုဆုံး ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း(ဂေါန်ဒါဒီစကြိတ်ဆဟက်မဟက်)၌ ထိုအချိန်က သီတင်းသုံးနေထိုင်တော်မူ၏။ ကျောင်းတိုက်အတွင်း လှည့်လည်ရင်း ဘုရားရှင်သည် အခန်းဆောင်တစ်ခု အနီးသို့ ရောက်သွား၏။ ရဟန်းတစ်ပါး ဝမ်းသွားသည့် ရောဂါဖြစ်ပြီးလျှင် သူ၏ ကျင်ကြီးကျင်ငယ်များအကြား၌ လဲနေသည်ကို တွေ့မြင်ရသည်။ မိမိ၏ အလုပ်အကျွေး အာနန္ဒာအား "အာနန္ဒာ၊ ရေယူခဲ့လော့။ ဒီရဟန်းကို ရေချိုးပေးရမည်"ဟု မိန့်တော်မူလိုက်၏။ အာနန္ဒာက ရေယူလာသည်။ ဘုရားရှင်သည် ရဟန်းအား ရေချိုးပေးသည်။ ဆေးကြောပေးသည်။ ဘုရားရှင်က ခေါင်းမှလည်းကောင်း၊ အာနန္ဒာက ခြေထောက်မှလည်းကောင်း၊ ဝေဒနာသည် ရဟန်းအား ခုတင်ပေါ်၌ တင်လိုက်သည်။ ထိုနောက် ဘုရားရှင်သည် ရဟန်းများအား မိန့်တော်မူလေ၏။ "သင်တို့မှာ ပြုစုမည့် အမိလည်းမရှိပေ။ အဖလည်း မရှိပေ။ အကယ်၍ သင်တို့တစ်ဦးနှင့်တစ်ဦး မပြုစုကြဘူးဆိုလျှင် အဘယ်သူ ပြုစုမည်

mgyoe.com

mgyoe.com


နည်း။ အကြင်သူသည် ရောဂါဝေဒနာသည်ကို ပြုစုစ၏။ ထိုသူသည် ငါ့ကို ပြုစုသည် မည်၏"

ရောဂါသည်အား ပြုစုခြင်းနှင့်တကွ ဆေးပေါင်းများစွာကို အသုံးပြုရန်လည်း ဘုရားရှင်က ညွှန်ပြတော်မူလေသည်။ ထို့ကြောင့် ဘုရားရှင်အား ဘေသဇ္ဇဂုရု(ဆေးဆရာ)ဟု ခေါ်တော်မူလေသည်။ ဘေသဇ္ဇဂုရုကြောင့် သူအသက်ထင်ရှားရှိစဉ်တွင် ရောဂါဝေဒနာသည်များ အကျိုးရှိခြင်းထက် သူပရိနိဗ္ဗာန်ပြုပြီးသည့်နောက်တွင် အဆထောင်ပေါင်းများစွာ ပိုပြီးအကျိုးရှိလေသည်။ အသောကဘုရင်သည် တိရစ္ဆာန်ဆေးဝါးကုသခြင်း၊ လူ ဆေးဝါးကုသခြင်းများကို မိမိတိုင်းပြည်၌သာလျှင်မက ခရီးအလှမ်းဝေးလှသည့် ဂရိ(က်)တိုင်းပြည်၌လည်း စီစဉ်ခဲ့လေသည်။ ကမ္ဘောဇ၊ တရုတ် စသည့်တိုင်းပြည်များ၌ တရားဓမ္မကို အကြောင်းပြုပြီး ကုသိုလ်ဖြစ်ဆေးရုံများကို ထောင်ပေါင်းများစွာ ဖွင့်ကြလေသည်။

ဗုဒ္ဓသည် ဒုက္ခခံစားနေရသူများကို ကရုဏာသက်လှပေသည်။ ထိုပုဂ္ဂိုလ်များအား ဒုက္ခခံစားနေရခြင်းမှ ပျောက်သွားအောင် ကြိုးပမ်းတော်မူသည်။ ဒုက္ခသည် ကိသာဂေါတမီ၏နမူနာသည် အထင်အရှားရှိနေပေသည်။ ကိသာဂေါတမီသည် မိမိအကြောင်းနှင့် ပတ်သက်ပြီး ဤသို့ ပြောလေသည် –

"လူမွဲအမှတ်ဖြင့် အားလုံးက ငါ့အား ဝိုင်းပယ်ကြသည်။ ငါ သားကလေးမွေးသောအခါ အားလုံးက ချစ်ကြသည်။ ကလေးသည် လှပသည်။ နူးညံ့ ပျော့ပျောင်းသော ကိုယ်လက်အင်္ဂါရှိသည် ... ချမ်းသာစွာ မွေးမြူခြင်းခံရသည်။ ကလေးကို ငါ အသက်တမျှ ချစ်သည်။ ကလေးငယ်သည် ကွယ်လွန်သွားပြန်သည်။ ထိုအခါ ငါသည် ကိုယ်ခန္ဓာ ကြုံလှီနွမ်းလျပြီး မျက်ရည်များ သွန်ကျလာသည်။ ကလေးငယ်အလောင်းကိုပိုက်ပြီး

mgyoe.com

mgyoe.com


တငိုငိုတရှိုရှိုနှင့်လှည့်လည်နေသည်။ "အမြတ်ဆုံးဆေးဆရာ ဗုဒ္ဓ၏အထံသို့ သွားချေ" ဟု တစ်ယောက်သော သူက ပြော သည်။ ငါ ဗုဒ္ဓ၏အထံသို့သွားပြီး 'သား အသက်ပြန်ရှင်မည့် ဆေးကို ပေးသနားပါလော့' ဟုပြော၏။

ဗုဒ္ဓက ပြန်ပြောသည်–'အကြင်အိမ်၌ သေသူ မည်သူမျှမရှိ၊ ထိုအိမ်မှ မုန်ညင်းစေ့ကို ယူခဲ့လော့'

ငါသည် သာဝတ္ထိမြို့တွင် လည်ပြီးရှာသည်။ ထိုကဲ့သို့သော အိမ်မျိုး တစ်အိမ်မျှ မတွေ့။

ဘယ်က မုန်ညင်းစေ့ကို ယူလာရမည်နည်း။ ထိုအခါ ငါ သတိ ရလာသည် ..."

အရှုံးတစ်ပိုင်း ဖြစ်နေသော ကိသာဂေါတမီသည် သေခြင်းမှ မည်သည့်အိမ်မျှ မလွတ်ကင်းဟု နားလည်သွားသည်။ သေမင်းသည် ငါ၏သားငယ်တစ်ဦးမျှကိုသာလျှင် လုယူသွားခြင်း မဟုတ်။ ကိသာ ၏ အရှုံးစိတ်သည် ပျောက်ကွယ်သွားပေပြီ။ သူ၏ အက်ကွဲနာကျင် နေသော နှလုံးသည် အကောင်းပကတိ ဖြစ်လာသည်။

အမြင်အယူအဆ၌ မိုးကြိုးထက်ပင် ထက်မြက်ခိုင်မြဲသော ဗုဒ္ဓ သည် ကိုယ်ချင်းစာနာမှုနှင့် ငဲ့ညှာထောက်ထားမှုများ၌ ထောပတ်ဆီ ဦးကဲ့သို့ပင် နူးညံ့တော်မူသည်။ သာရိပုတ္တရာသည် ဗုဒ္ဓ၏ အရည် အချင်း အပြည့်အဝဆုံး၊ အချစ်ဆုံးတပည့် ဖြစ်လေသည်။ မောဂ္ဂလာန် သည်လည်း ထိုသို့သဘောရှိသော ဒုတိယတပည့်ဖြစ်လေသည်။ သူတို့ နှစ်ဦးသည် အမြွှာညီနောင်ကဲ့သို့ပင် ဖြစ်လေသည်။ သူတို့နှစ်ဦး ကွယ် လွန်သွားကြ၏။ သာရိပုတ္တရာသည် သူ့ဇာတိရပ်ရွာဖြစ်သော နာလန္ဒာ ၌၊ မောဂ္ဂလာန်သည် ရာဇဂြိုဟ်၌ အသီးသီးကွယ်လွန်သွားကြသည်။ ဤကြီးစွာသော ဆုံးရှုံးမှုကြောင့် အားလုံးပင် ထိခိုက်နေကြ၏။ ပါတလိပုတ် (ပဋ္ဌနား) ၏ရှေ့ဘက် ဂင်္ဂါကမ်းခြေ ဥက္ကာစေလ

mgyoe.com

mgyoe.com


သဲသောင်ပြင်၌ ရဟန်းများအား နှလုံးမသာမယာဖြစ်ပြီး တိတ်ဆိတ်ငေးမှိုင်နေကြသည်ကို တွေ့ရသောအခါ ဗုဒ္ဓက မိန့်တော်မူသည် –

"ရဟန်းတို့၊ ဤအသိုင်းအဝန်း ဤပရိသတ်သည် ငြိမ်းငွေ့ဖွယ်ကောင်းသလိုပင် ငါထင်သည်။ သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ ပရိနိဗ္ဗာန် မပြုခင်က ဤအသိုင်းအဝိုင်း ဤပရိသတ်သည် ငြိမ်းငွေ့ဖွယ်ကောင်းသည်ဟု ငါမထင်ခဲ့။ အကြင်အရပ်၌ သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ လှည့်လည်ကြ၏။ ထိုအရပ်သည် စိတ်ချရလေသည်။ သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ ကွယ်လွန်သွားခြင်းမှာ ငါဘုရားအတွက် ပင်စည်၊ ပင်လုံးကြီးက စိုက်ထူလျက်ရှိပြီး အကိုင်းကြီးများ ကျိုးကျသွားသကဲ့သို့ပင် ဖြစ်လေသည်"

ယင်းစကားဝါကျများ၌ ဗုဒ္ဓ၏ ထိခိုက်နေသောနှလုံး ပေါ်လွင်နေပေသည်။ အနှစ်တစ်ရာကြာလွန်ပြီးသည့်နောက်မှ ဤအရှင်မြတ်နှစ်ပါးတို့၏ဓာတ်တော်များ ကျွန်ုပ်တို့ လက်ဒန်မှ ပြန်လည် ရရှိပေသည်။

နောက် အကြောင်းအရာတစ်ခုရှိသေးသည်။ ကဆုန်လပြည့်နေ့ဖြစ်သည်။ ကုသိနာရုံ(ယခု ကဆိယာ)၌ အင်ကြင်းပင်နှစ်ပင်အကြား၌ လဲလျောင်းနေသော ဗုဒ္ဓသည် ပရိနိဗ္ဗာန်ပြုရန် အချိန်ကို ငံ့လင့်လျက်ရှိသည်။ တစ်လောကလုံး၏ ကြည်ညိုလေးစားအပ်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ထာဝစဉ် ကွယ်ပျောက်သွားတော့မည်မှာ နာရီပိုင်းလောက်သာ ကျန်တော့သည်။ အာနန္ဒာသည် နှစ်ပေါင်းများစွာ အရိပ်ပမာဗုဒ္ဓ၏နောက်က တကောက်ကောက်လိုက်နေခဲ့သူဖြစ်သည်။ ဤနောက်ဆုံးပိတ် ခွဲခွာရမည့်အရေးကို ခံနိုင်ရည် သူ့တွင်မရှိပေ။ သူသည် အခန်းထဲသွားပြီးလျှင် သစ်ငုတ်ကိုင်ပြီး ငိုနေ၏။ ဗုဒ္ဓက မေးလေသည် –

"အာနန္ဒာ ဘယ်မှာလဲ ..."

"အခန်းထဲသွားပြီး ငိုနေတယ် ..."

ဗုဒ္ဓသည် အာနန္ဒာအား အခေါ်ခိုင်းပြီး မိန့်တော်မူလေ၏ –

mgyoe.com

"မဟုတ်ဘူး အာနန္ဒာ၊ ပူပန်ခြင်းကို မပြုနှင့်။ ငိုကြွေးခြင်းကို မပြုနှင့်။ အားလုံးသော ချစ်ခင်နှစ်သက်အပ်သူများနှင့် ခွဲခွာရမည်မှာ မချွတ်ဖြစ်ရမည့်အရာ ဖြစ်၏ဟု ငါမဆွကပင် ဟောထားခဲ့သည် မဟုတ်လော။ ဖြစ်သည့်အရာသည် ပြုသည့်အရာသည် ပျက်စီးရမည်သာ ဖြစ်သည်။ "ဒီဟာ ပျက်စီးမသွားပါစေနှင့်" ဟု တောင့်တခြင်းမှာ မသင့်လျော်ပေ ..."

ပရိနိဗ္ဗာန်စံမည့်ဆဲဆဲဖြစ်သော နောက်ထပ် အဖြစ်အပျက် တစ်ခုရှိသေးသည်။ အဘိုးအို သုဘဒ္ဒသည် ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော့မည်ဟုသိရ၍ ဗုဒ္ဓဆိုသည်မှာ တစ်ခါတစ်ရံ ခဲခဲယဉ်းယဉ်းပွင့်တော်မူခြင်း ဖြစ်သည်ဟု တွေးမိလေ၏။ သူသည် ဗုဒ္ဓအနီးသို့ ချဉ်းကပ်ပြီး မိမိမရှင်းမလင်းဖြစ်နေသည့် ယုံမှားသံသယများကို လျှောက်ထားလိုသည့် ဆန္ဒကို အာနန္ဒာအား ပြောပြလေသည်။

အာနန္ဒာက "မဟုတ်ဘူး သုဘဒ္ဒ၊ ဘုရားရှင်ကို ဒုက္ခမပေးပါနှင့်။ ဘုရားရှင် ပင်ပန်းနွမ်းလျနေပါသည်" ဟု သုဘဒ္ဒအား ပြောပြလေသည်။ သုံးကြိမ်တိတိ တောင်းပန်လျှောက်ထားသော်လည်း အာနန္ဒာ ငြင်းဆန်မြဲ ငြင်းဆန်နေလေသည်။ သုဘဒ္ဒ တောင်းပန်လျှောက်ထားနေသည့်အသံသည် ဘုရားရှင်၏နားသို့ ရောက်သွားသည်။ ဗုဒ္ဓက မိန့်တော်မူလိုက်၏။ "အာနန္ဒာ၊ သုဘဒ္ဒကို မပိတ်ပင် မတားမြစ်ပါနှင့်။ သုဘဒ္ဒကို တထာဂတအား ဖူးတွေ့ခွင့်ပေးလိုက်ပါ။ သူသည် အသိဉာဏ်ရရှိလိုသည့် ဆန္ဒဖြင့်သာလျှင် မေးလျှောက်ပေလိမ့်မည်။ ဒုက္ခပေးလိုသည့် သဘောဖြင့် မေးလျှောက်လိမ့်မည် မဟုတ် ..."

သုဘဒ္ဒသည် သက်တော် ၈၀–အရွယ်ရှိ တန်ခိုးအရှိန်အစော်ရှိသည့် ဗုဒ္ဓ၏ကိုယ်ခန္ဓာကို ဖူးတွေ့ရသည်။ ဗုဒ္ဓ၏နှုတ်တော်မှ ကြားသိရသော တရားစကားကြောင့် သူသည် ကျေးဇူးရှိသွားလေသည်။ ယုံမှားသံသယ ကင်းရှင်းသွားလေသည်။ **မိဂဒါဝုန်၌ ကောဏ္ဍညသည် ဗုဒ္ဓ၏ပထမအဦးဆုံး တပည့်ဖြစ်ခွင့်ကိုလည်းကောင်း၊**

mgyoe.com

mgyoe.com


ကုသိနာရုံ၌ သုဘဒ္ဒသည် ဗုဒ္ဓ၏ နောက်ဆုံးတပည့်ဖြစ်ခွင့်ကို လည်းကောင်း၊ အသီးသီး ရရှိကြလေသည်။

ဗုဒ္ဓသည် တူညီမျှတမှုကို ဖြန့်ဖြူးသူ ဖြစ်သည်။ နှစ်ပေါင်းနှစ်ထောင့် ငါးရာ အလွန်က သူသည် ဇာတ်ထုံးစံ စနစ်အား တော်လှန်ဆန့်ကျင်ပြီး မိမိ၏ စွမ်းအားထက်မြက်လှသော အသံတော်ကို ထုတ်ဖော်ခဲ့လေသည်။ အကယ်၍ ယင်း တော်လှန်ဆန့်ကျင်မှု၏ အခြေခံသည် ပစ္စည်းဥစ္စာဖြစ်ခဲ့လျှင် ဇာတ်နိမ့်ဇာတ်မြင့် စနစ်သည် အမြစ်ပါ မကျန် ပျောက်ပျက်သွားသည်မှာ ယုံမှားသံသယဖြစ်ဖွယ် မရှိပေ။

သို့ပင် ဖြစ်စေကာမူ ဗုဒ္ဓ၏ အသံတော်သည် ဇာတ်နိမ့်ဇာတ်မြင့် စနစ်အား အလွန်တရာပင် အားအင်နည်းပါး ယုတ်လျော့သွားစေခဲ့သည် ဖြစ်ရကား နောင်သောအခါ၌ ဘုရင်များ ဗြာဟ္မဏများသည် အမျိုးဇာတ်စနစ်ကို ပြန်လည်ခေတ်စားအောင် လုပ်ကြရလေသည်။

အမ္ဗပါလီသည် ဝေသာလီမှ ပြည့်တန်ဆာဖြစ်သည်။ ဇာတ်နိမ့် မဟုတ်ပေ။ ပြည့်တန်ဆာသည် ဇာတ်နိမ့်မဟုတ်သော်လည်း လူ့လောက၌ အဆင့်အတန်း အလွန်နိမ့်ကျပေ၏။ သို့ရာတွင် ပြည့်တန်ဆာကို ပထမဦးဆုံးအဆင့်အတန်း မြှင့်ပေးလိုက်သူမှာ ဗုဒ္ဓဖြစ်လေသည်။ ဗုဒ္ဓသည် ဂဏ (ဒီမိုကရေစီ)တိုင်းပြည်တို့၏ မိခင်ဖြစ်သည့် ဝေသာလီသို့ ဆိုက်ရောက်လာလေသည်။ အမ္ဗပါလီသည် ဗုဒ္ဓအား ဖူးတွေ့ရန်အလို့ငှာ မြင်း၊ကသောရထားနှင့် ဝေသာလီမှ ထွက်လာခဲ့လေ၏။ ဗုဒ္ဓအား နောက်တစ်နေ့ဆွမ်းဘုဉ်းပေးရန် ပင့်ဖိတ်လေ၏။ ဗုဒ္ဓက ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံထားလိုက်လေသည်။ အမ္ဗပါလီသည် အတိုင်းထက်အလွန် ဝမ်းသာလွန်းမက ဝမ်းသာပြီး ပြန်လာခဲ့လေ၏။ ဩဇာတိက္ကမပြည့်ဝသည့် လိစ္ဆဝီတို့သည် ဗုဒ္ဓအားဖူးမြော်ရန် ယာဉ်ရထားဖြင့် ထိုဥယျာဉ်ဘက်သို့ ထွက်လာခဲ့ကြလေသည်။ အမ္ဗပါလီ ပြည့်တန်ဆာမသည် လုလင်လိစ္ဆဝီတို့၏ရထားကို မိမိ ရထားဖြင့် ဝင်ရိုး၊ ဝင်ရိုးချင်း၊ ဘီး၊ ဘီးချင်း၊ ထမ်းပိုး ထမ်းပိုးချင်း တိုက်စေသည်။

mgyoe.com

mgyoe.com

လိစ္ဆဝီတို့က အံ့အားသင့်ပြီး "ဘယ့်နှယ်လဲ အမ္ဗပါလီ၊ ဘာ့ကြောင့် ဝင်ရိုး၊ ဝင်ရိုးချင်းတိုက်အောင် လုပ်ရသနည်း" ဟု မေးကြလေ၏။

အမ္ဗပါလီက ပြန်ပြောသည်– "အရှင်သားတို့၊ ကျွန်ုပ်နက်ဖြန် ဆွမ်းအတွက် ဘုရားရှင်ကို ပင့်ဖိတ်ခဲ့ပြီ ..."

လိစ္ဆဝီတို့က နောက်တစ်နေ့အတွက် ဗုဒ္ဓအား ဆွမ်းလုပ်ကျွေးခွင့်ကို သူတို့အားပေးရန် အမ္ဗပါလီအား တောင်းကြလေ၏။ သို့ရာတွင် အမ္ဗပါလီက လက်မခံ။ ပြန်ပြောလိုက်လေသည် – "အရှင့်သားတို့၊ အကယ်၍ ဝေသာလီတစ်ပြည်လုံး ပေးဦးတော့၊ ဤကြီးကျယ်သည့် ဆွမ်းလုပ်ကျွေးခြင်းကိုမူ သင်တို့ကို ကျွန်ုပ် မပေးနိုင် ..."

ဗုဒ္ဓသည် လိစ္ဆဝီတို့အား ဤပထဝီမြေပေါ်၌ရှိသော နတ်ဒေဝတာများသံဖွယ် ထင်မှတ်လေသည်။ အကြောင်းမူကား သူသည် ပြည်သူ့အုပ်ချုပ်ရေးစနစ်နှင့် ဂဏအုပ်ချုပ်ရေးစနစ်ကို ထောက်ခံအားပေးသူဖြစ်သောကြောင့်တည်း။ သံဃာတို့၏ အတွင်း၌ဗုဒ္ဓသည် သာတူညီမျှရေးဝါဒကို အပြည့်အဝပုံသွင်းလိုသည့် ဆန္ဒရှိခဲ့သည်။ ဝေသာလီသည် ထိုခေတ်က စံပြဖြစ်သော ဂဏအုပ်ချုပ်ရေး နိုင်ငံဖြစ်လေသည်။ သို့ဖြစ်၍ လိစ္ဆဝီတို့ကို တွေ့ရသောအခါ ဗုဒ္ဓသည် ရဟန်းများအား မိန့်တော်မူလေ၏။ "ရဟန်းတို့၊ လိစ္ဆဝီတို့ကို ကြည့်ကြလော့။ ရဟန်းတို့၊ လိစ္ဆဝီတို့ကို ကြည့်ကြလော့။ လိစ္ဆဝီပရိသတ်ကို နတ်ဒေဝတာပရိသတ်ဟုမှတ်ကြလော့ ..."

ယင်းမြေအပြင်ရှိ နတ်ဒေဝတာများက ဗုဒ္ဓအား ဆွမ်းဘုဉ်းပေးရန် ပင့်လျှောက်ကြသည်။ ဗုဒ္ဓက ပြန်လည်မိန့်ကြားတော်မူ၏။ "ငါ အမ္ဗပါလီ၏ ပင့်ဖိတ်ချက်ကို လက်ခံပြီးပြီ"

ဗုဒ္ဓသည် ရိုးရိုးနေ၊ ရိုးရိုးစား၊ ရိုးရိုးဝတ်ခြင်းကို နှစ်သက်တော်မူသည်။ သူ၏တပည့် ကဿပ၏ ကိုယ်ပေါ်၌ ကောင်းမွန်သည့်အဝတ်ဖြင့် ပြုလုပ်ထားသည့် ဒုကုဋ္ဋသင်္ကန်း ရှိနေသည်။ ကဿပသည် ထိုင်ရန်အတွက် ထိုဒုကုဋ္ဋသင်္ကန်းကို ခေါက်ပြီး ခင်းလိုက်သည်။ ဗုဒ္ဓ

mgyoe.com

mgyoe.com


က မိန့်တော်မူ၏ "ကဿပ၊ သင်၏ဒုကုဠ်သင်္ကန်းသည် နူးညံ့လှသည် ..."

ဘုရားရှင်သည် ထိုဒုကုဠ်သင်္ကန်းကို နှစ်သက်သဘောကျသည်ဟု ကဿပက အထင်ရှိသွားသည်။ ဘုရားရှင်အား ပေးလှူရန် ဟန်ပြင်၏။ ဘုရားရှင်က မိန့်တော်မူသည် – "ဒီလိုဆိုရင် သင်ဘာကို ဝတ်ရုံမည်နည်း"

"အရှင်ဘုရား၊ အကယ်၍ အရှင်ဘုရား၏ အဲဒီသင်္ကန်းကိုရလျှင် ဝတ်ရုံပါမည်"

ဗုဒ္ဓက မိန့်တော်မူသည် – "သင် ... ဒီဟောင်းနွမ်းနေသည့် ပံ့သကူသင်္ကန်းကို ဝတ်ရုံနိုင်မည်လော။ ဒီသင်္ကန်းမျိုးကို တစ်သက်ပတ်လုံး ပံ့သကူဆောင် (ပံသုကူလိက)ပုဂ္ဂိုလ်မှသာ ဝတ်ရုံနိုင်ပေသည်"

ကဿပက ဝတ်ရုံနိုင်ပါသည်ဟု လျှောက်ထားလေသည်။ ထိုနောက် အဝတ်ကောင်းနှင့် ပြုလုပ်ထားသည့် သင်္ကန်းကိုပေးပြီး ပံ့သကူသင်္ကန်းကိုယူလျက် ကဿပသည် တစ်သက်ပတ်လုံး ပံ့သကူသင်္ကန်းဆောင် ပုဂ္ဂိုလ်ဖြစ်ခဲ့လေသည်။ ဗုဒ္ဓပေးသော ထိုသင်္ကန်းကို ကဿပသည် တစ်သက်လုံး ဝတ်ရုံနေခဲ့သည်။

ယဉ်ကျေးဖွယ်ရာ လောကဝတ်နှင့် ပတ်သက်၍ကော၊ သောရ (သောရေယ)နှင့် မထုရာအကြား၌ ဝေရဉ္ဇာအမည်ရှိ မြို့ငယ်တစ်ခုရှိသည်။ ဗုဒ္ဓသည် ထိုမြို့၌ ဝါဆိုမည်ဖြစ်သည်။ ဥတ္တရပထ(ပန်ဂျပ်)တိုင်းမှ မြင်းကုန်သည်ငါးရာတို့လည်း ထိုဒေသ၌ မိုးကာလအတွင်း စတည်းချနေကြသည်။ ဝေရဉ္ဇာမှ ဗြာဟ္မဏသည် ဗုဒ္ဓအား ဝါကပ်ရန် ပင့်ဖိတ်ထားသူဖြစ်သည်။ သို့ရာတွင် ထိုဗြာဟ္မဏသည် သတိမေ့နေ၏။ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်ရောက်နေသည့် အခါသမယ ဖြစ်လေ၏။ လူတို့တွင် ဆန်ရေစပါး အလွန်ရှားပါးလျက်ရှိ၏။ စေတနာကောင်းသော ဥတ္တရပထတိုင်းသား ကုန်သည်တို့သည် လက်တစ်ခုပ်စာ လက်တစ်ခုပ်စာမျှ ဆန်ကိုပေးကြလေသည်။ ဘုရားရှင်သည်လည်း ယာဂု

mgyoe.com

ကျဲကျဲလောက်သာလျှင် ဘုဉ်းပေးတော်မူရသည်။ ဝါကျွတ်သွားလေ၏။ ခရီးထွက်ရမည့်အချိန် ကျရောက်လာ၏။ ဝေရဉ္စာကဗြာဟ္မဏသည် သတိမေ့နေသည်။ သို့ရာတွင် ဗုဒ္ဓသည် သူ့ကို အကြောင်းမကြားဘဲ ဘယ်မှာ ကြွတော်မူမည်နည်း။ ဗုဒ္ဓသည် ဗြာဟ္မဏအိမ်သို့ ကြွသွားပြီး မိန့်တော်မူလေ၏။ "ဗြာဟ္မဏ၊ သင်သည် ပင့်ဖိတ်သူဖြစ်သည်။ ဝါဆိုပြီးပြီဖြစ်၍ တွေ့ရန်လာခဲ့သည်။ အခု ငါတို့ ဒေသစာရီ ဖြန့်ချိရန် အလို့ငှာ ထွက်ခွာသွားလိုကြသည် ..."

အရှင်ဘုရားသည် လောကဝတ်ကို လိုက်နာဖို့ လိုအပ်သည်ဟု ယူဆတော်မူသည်။ ဝေရဉ္စာမှ သောရေယျ၊ သံကဿ(ဆန်ကိဆာဝဆန်ပူ)၊ ကဏ္ဏကုဇ္ဇ (ကန်နောက်ဂျ်)တို့ကို ဖြတ်ပြီး ပယာ ဂပတိဋ္ဌာနသို့ ကြွတော်မူလေသည်။

စိတ်ထား ဘယ်လောက် မြင့်မြတ်သနည်း။ ဝေသာလီတိုင်းပြည်၏ သေနာပတိချုပ် သီဟသည် အစပထမတွင် ဂျိန်းဘာသာခေါင်းဆောင် မဟာဝီရ၏တပည့် ဖြစ်လေသည်။ ထိုနောက် သူသည် ဗုဒ္ဓ၏ 'အပြုစား' ခံရလေ၏။ သီဟသည် ဂျိန်းဘုန်းကြီးများအား ဆွမ်းလှူလိုစိတ် ရှိချင်မှရှိတော့မည်ဟု ဗုဒ္ဓတွေးမိလေသည်။ သို့ဖြစ်၍ သီဟအား မိန့်တော်မူလေ၏ – "သီဟ၊ သင်၏ အမျိုးအနွယ်သည် ကြာမြင့်စွာသောအခါကာလကစပြီး နိဂဏ္ဌ (ဂျိမ်းဘုရားကြီး)တို့၏ ဒါယကာများ ဖြစ်လာခဲ့ကြသည်။ သူတို့လာလျှင် ဆွမ်းပေးလှူခြင်းကို မပိတ်ပင်ပါနှင့် ..."

ဗုဒ္ဓသည် ဘယ်လောက် အကြောက်အရွံ့ ကင်းသနည်း။ လူသတ်သမား အင်္ဂုလိမာလသည် လူတွေကိုသတ်ဖြတ်ပြီး ပီတိဖြစ်နေသည်။ အသတ်ခံရသူ၏ လက်တစ်ချောင်းစီကို သီကုံးပြီးလည်ပင်းတွင် ဆွဲထားသည်။ ထိုအကြောင်းကြောင့်ပင်လျှင် သူ၏အမည်နာမသည်လည်း အင်္ဂုလိမာလဟု တွင်နေခြင်းဖြစ်သည်။ သူ့ကို ကြောက်သောကြောင့် ခရီးအသွားအလာရပ်သွားကြသည်။ လူတို့သည်

mgyoe.com

ထိုနေရာသို့ ခြေဦးမျှပင် မလှည့်ပေ။ လူ့နှလုံးသည် ပင်ကိုအားဖြင့် ပျော့ပျောင်း နူးညံ့သည်ဟု ဗုဒ္ဓက ယုံကြည်တော်မူသည်။ ထိုနေရာသို့ ဗုဒ္ဓသွားသည်ကို တွေ့ရသောအခါ လူတွေကပြောကြသည်–"သမဏ၊ ဒီလမ်းကို မသွားနှင့်။ ဒီလမ်းမှာ ဓားပြ အင်္ဂုလိမာလရှိသည် သူသည် လူအများကိုသတ်သတ်ပြီး လက်ချောင်းပန်းကုံးကို ဆင်မြန်းထားသည်။ လူနှစ်ဆယ်၊ သုံးဆယ်၊ လေးဆယ်၊ ငါးဆယ် စုစုပြီးသွားသော်လည်း အင်္ဂုလိမာလ၏လက်ထဲ ရောက်ရောက်သွားကြသည်"

ဗုဒ္ဓသည် သူ၏ 'စိတ်ညို့အတတ်' ကို ယုံကြည်စိတ်ချသည်။ ဓားပြ အင်္ဂုလိမာလသည် ဗုဒ္ဓ၏ရဲရင့်လှပုံကို တွေ့ရသည့်အခါ အံ့အားသင့်သွား၏။ သို့သော်လည်း မိမိ၏သဘာဝအရ လက်ချောင်းပန်းကုံးတွင် လက်ချောင်းတစ်ချောင်းထပ်တိုးလိုသည့် လောဘကိုမူ မတားမြစ်မပိတ်ပင်နိုင်။ သို့ဖြစ်စေကာမူ ဤပုဂ္ဂိုလ်မြတ်ကား လူတစ်မျိုးတည်း။ သတ်ဖြတ်ရန် နောက်ကလိုက်သော်လည်း မီအောင်မလိုက်နိုင် ဖြစ်နေသည်။ ဗုဒ္ဓသည် ခြေလှမ်းရိုးရိုးဖြင့်သာ လှမ်းနေသည်။ အင်္ဂုလိမာလကမူ နောက်မှ အဟုန်ဖြင့် ပြေးလိုက်၏။ သို့ရာတွင် ဗုဒ္ဓကို မမီပေ။ ဓားပြက ပြောလေ၏။

"ရပ်လိုက်၊ သမဏ–"

"ရပ်နေတာပဲ၊ အင်္ဂုလိမာလ ..."

ဓားပြသည် နောက်ဆုံး၌ အရှုံးပေးလိုက်ရ၏။ ယဉ်ပါးသော တိရစ္ဆာန်တစ်ကောင်ကဲ့သို့ အင်္ဂုလိမာလသည် ဗုဒ္ဓ၏နောက်မှ ဇေတဝန်ကျောင်းတော်သို့ လိုက်လာခဲ့လေသည်။ ကောသလဘုရင် ပသေနဒီက မေးလျှောက်သည်ဖြစ်၍ ဗုဒ္ဓက မိန့်တော်မူလေသည် – "မြတ်သော မင်းကြီး၊ ဒါ အင်္ဂုလိမာလလေ ..."

ဘုရင်မင်းကြီးသည် ကြောက်လွန်းလှသဖြင့် တုန်လှုပ်သွားသည်။ ကြက်သီးမွေးညင်း ထလာသည်။ ဘုရားရှင်က မိန့်တော်မူ၏–"မကြောက်ပါနှင့် အရှင်မင်းကြီး၊ သူ့ဆီမှာ ဘေးအန္တရာယ် မရှိတော့ပါ ..."

mgyoe.com

mgyoe.com

ဘုရင်မင်းကြီးသည် ဓားပြဟောင်းကြီးအား မေးလိုက်လေ၏–

"အင်္ဂုလိမာလ၊ ဟုတ်ပါသလား ..."

"ဟုတ်ပါတယ်၊ အရှင်မင်းကြီး ..."

"အသင်၏အဖေ မည်သည့်အနွယ် ဖြစ်သနည်း။ အသင်၏ အမိ မည်သည့်အနွယ် ဖြစ်သနည်း"

"ဖခင်က ဘဂ္ဂဝအနွယ်ပါ။ မိခင်က မန္တာနီ အနွယ်ပါ ..."

ဘဂ္ဂဝ၊ မန္တာနီတို့၏သားအား ပြုစုထောက်ပံ့ခြင်းသည် မိမိအတွက် ကုသိုလ်ကံထူးသည်ဟု ပသေနဒီက အောက်မေ့လေသည်။ သို့ရာတွင် အင်္ဂုလိမာလကား အရှည်ကင် ရှုတင်ဆောင်ပံသုကူလိက ရဟန်းဖြစ်နေပြီ။ သူ့အတွက် ဘုရင်၏ အထောက်အပံ့ မလိုတော့ပေ။

ဗုဒ္ဓသည် ခွက်ထိုးခွက်လန် ရယ်သူမဟုတ်ပေ။ သို့ရာတွင် ရွှင်ပြုံးသော နှလုံးမရှိလည်း မဟုတ်။ ပသေနဒီမင်းကြီး၏ မိဖုရားများထဲတွင် သောမာနှင့် သကုလာအမည်ရှိ ညီအစ်မနှစ်ဦး ရှိလေသည်။ ပွဲတော်တည်ချိန်တွင် သူတို့နှစ်ဦးသည် ဘုရင်မင်းကြီးအနီးသို့ ရောက်လာကြ၏။ ဘုရင်မင်းကြီးသည် ဘုရားရှင်ကို ဖူးတွေ့ရန်အလို့ငှာ သွားမည်လုပ်နေသည်။ ညီအစ်မနှစ်ဦးက မှာလိုက်ကြ၏။ "အရှင်မင်းကြီး၊ ဘုရားကျွန်မတို့၏ စကားဖြင့်လည်း ဘုရားရှင်၏ ခြေတော်အစုံမှာ ဦးညွှတ်ရှိခိုးခဲ့ပါ ..."

ရိုးသားသော မင်းကြီးက သွားပြီး ဘုရားအား လျှောက်ထားလေ၏။

"သောမာနှင့် သကုလာ ညီအစ်မ နှစ်ဦးကလည်း ဘုရားရှင်၏ ခြေတော်အစုံမှာ ဦးညွှတ်ရှိခိုးလိုက်ကြပါသည် ..."

ဘုရားရှင်က ကျီစားလိုသည့် သဘောဖြင့် မိန့်တော်မူ၏–

"ဘယ့်နဲ့လဲ အရှင်မင်းကြီး၊ သောမာနှင့် သကုလာ ညီအစ်မနှစ်ဦးတို့က တခြားစေတမန်ကို မရကြတော့ဘူးလား။ သောမာနှင့် သကုလာ ညီအစ်မတို့ ချမ်းသာကြပါစေ ..."

mgyoe.com

mgyoe.com


"ဆတ်တယံ ဗြူယတ်၊ နဗြူယတ် ဆတ္တယမ ပရိယံ" (အမှန်ကို ပြောပါ။ သို့ရာတွင် နှစ်သက်လိုလားဖွယ် ဖြစ်ပါစေ။ မနှစ်သက် မလိုလားအပ်သည့် အမှန်ကို မပြောပါနှင့်) အကယ်၍ အားလုံးက မနှစ်သက် မလိုလားအပ်သည့် အမှန်ကိုပြောဆိုခြင်း မပြုကြလျှင် အမှားအတွက် နည်းလမ်းရရှိနိုင်လိမ့်မည် မဟုတ်ပေ။ ဗုဒ္ဓသည် အခွင့်သင့်လာလျှင် လိုအပ်လာလျှင် မနှစ်သက် မလိုလားအပ်သော အမှန်ကို မပြောဘဲ မနေပေ။ ထိုကဲ့သို့သော အခါမျိုး၌ ဗုဒ္ဓသည် လူတို့အား မောဃပုရိသ (ပိုသော အချည်းနှီးသောလူ) ဟူ၍ခေါ်ပြီး ပြောတော်မူလေ့ရှိသည်။

မနှစ်သက် မလိုလားဖွယ် အမှန်ကိုပြောသော ပုံစံနမူနာတစ်ခုကို ဗုဒ္ဓနှင့် ဗြာဟ္မဏလုလင် အမ္ဗဋ္ဌတို့အချေအတင်ပြောသော စကားများ၌ တွေ့ရှိရပေသည်။ ဗုဒ္ဓသည် ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်ရင်း ဣစ္ဆာနင်္ဂလအမည်ရှိသော ဗြာဟ္မဏ ရွာကြီးတစ်ရွာသို့ ရောက်သွားလေ၏။ ထိုရွာမှာ ကောသလဘုရင်က ပညာရှိကြီး ပေါက္ခရသာတိဗြာဟ္မဏအား အပိုင်စားပေးသနားထားသည့် ရွာဖြစ်လေသည်။ ဗုဒ္ဓကြွလာတော်မူသည့်သတင်းကို ကြားရသည့်အခါ ဗြာဟ္မဏကြီးသည် မိမိ၏အတော်ဆုံးတပည့် အမ္ဗဋ္ဌအား ဗုဒ္ဓ၏အထံသို့ စုံစမ်းရန် လွှတ်လိုက်လေသည်။ အမ္ဗဋ္ဌသည် ဗြာဟ္မဏမာန်တက်၍နေသည်။ သူသည် ဦးပြည်းရဟန်းများအား အပေါ်စီးဖြင့်ကြည့်သည်။ သကျတို့အား အာဃာတထားသည်။ ဗုဒ္ဓထံသို့ ရောက်သောအခါ လောကဝတ်ကို စိုးစဉ်းမျှမပြုဘဲ စင်္ကြံကြွတော်မူသော ဗုဒ္ဓ၏အနီး၌ ထိုင်ပြီး စကားပြောလေ၏။ လောကဝတ်ကို ထိုကဲ့သို့ချိုးဖောက်သည်ကို တွေ့ရသောအခါ ဗုဒ္ဓက မေးလိုက်၏ –

"အမ္ဗဋ္ဌ၊ အသက်အရွယ်ကြီးသည့် ဗြာဟ္မဏဆရာကြီးများနှင့် ယခု လိုပဲ စကားပြောသလား ..."

အမ္ဗဋ္ဌက ပြန်ပြောသည် – "ယခုလို မပြောပါ။ အခု သင်

mgyoe.com

mgyoe.com


ဂေါတမနှင့် စကားပြောသလို ဇာတ်နိမ့်ဖြစ်ကုန်သော၊ မည်းညစ်ကုန်သော၊ ဗြာဟ္မဏ၏ခြေမှ ပေါက်ဖွားကုန်သော ဦးပြည်းရဟန်းတို့နှင့်တော့ စကားပြောပါသည် ...”

ဗုဒ္ဓက မိန့်တော်မူ၏။ “အမ္ဗဋ္ဌ၊ သင်သည် ဆရာသမားတို့၏ အထံမှာ မနေဖူးပေ။ ဆရာသမားတို့၏ အထံမှာ မနေဖူးပါဘဲလျက် ဆရာသမားအထံမှာနေရခြင်း မာန်မာနတက်နေပေသည်”

ထိုစကားကြောင့် အမ္ဗဋ္ဌအား ထိခိုက်သွားသည်။ သူသည် စိတ်ဆိုးသွားပြီးလျှင် ဗုဒ္ဓအား ပြန်လှန်ပြောလေ၏ –

“ဂေါတမ၊ သကျမျိုးနွယ်သည် ခက်ထန်၏။ ကြမ်းတမ်း၏။ စကားများ၏။ ဇာတ်ညံ့သော သကျတို့သည် ဗြာဟ္မဏတို့ကို ပူဇော်သက္ကာ မပြုကြကုန်။ ဇာတ်ညံ့သကျများ ဗြာဟ္မဏတို့အား ပူဇော်မြတ်နိုးမှု မပြုခြင်းသည် မသင့်လျော် မလျောက်ပတ်ပေ ...”

ဘုရားရှင်က မေးလိုက်၏။ “အမ္ဗဋ္ဌ၊ သကျသာကီဝင်တို့က သင့်ကို ဘယ်လိုအမှားမျိုး ပြုလုပ်ထားလို့နည်း ...”

အမ္ဗဋ္ဌကပြန်ဖြေသည် “ဂေါတမ၊ တစ်ခါတုန်းက ကျွန်ုပ်သည် ဗြာဟ္မဏဆရာကြီးပေါက္ခရသာတိ၏ ကိစ္စတစ်ခုနှင့် ကပိလဝတ်ကို ရောက်သွားခဲ့သည်။ သန္ထာဂါရ(လွှတ်တော်ခန်းမဆောင်)မှာ များစွာသော သကျသာကီဝင်မင်းနှင့် သကျသာကီဝင်မင်းသားတို့သည် မြင့်သောနေရာ၌ ထိုင်နေကြကုန်၏။ သူတို့သည် ကျွန်ုပ်ကို ရယ်သလိုလိုနှင့် တစ်ယောက်နှင့်တစ်ယောက် ပြောင်နောက်နေကြသည်။ မည်သူကမျှ ကျွန်ုပ်အား နေရာပေါ်မှာထိုင်ဖို့ မပြောကြပေ။ ဇာတ်နိမ့်သကျများ ဗြာဟ္မဏတို့အား ရိုသေပူဇော်မှု မပြုခြင်းသည် မသင့်လျော် မလျောက်ပတ်ပါ ...”

ဗုဒ္ဓက မိန့်တော်မူ၏ –

“အမ္ဗဋ္ဌ၊ ဘီလုံးငှက်မသည်ပင်လျှင် မိမိ၏ အသိုက်ထဲ၌ လွတ်လွတ်လပ်လပ် မြည်နိုင်သေး၏။ ကပိလဝတ်မှာ သကျတို့၏ ကိုယ်ပိုင်

mgyoe.com

mgyoe.com


တိုင်းပြည်ဒေသဖြစ်သည်။ အမ္ဗဋ္ဌ၊ ဒီမပြောပလောက်သည့် အကြောင်းအရာမျှလောက်ဖြင့် သင်သည် အာဃာတ မထားသင့်ပါ"

ထိုသို့ပင် ပြောသော်လည်း အမ္ဗဋ္ဌသည် အခဲမကျေသေးဘဲ ယခင် စကားကိုသာ ထပ်ပြောလေ၏။ ဗုဒ္ဓက မေးလိုက်သည် –

"အမ္ဗဋ္ဌ၊ သင်၏အနွယ်ကား အဘယ်နည်း ..."

"ကျွန်ုပ် ကဏှာယန အနွယ်ဖြစ်ပါသည် ..."

ဗုဒ္ဓက မိန့်တော်မူသည် –

"အမ္ဗဋ္ဌ၊ မျိုးနွယ်အရဆိုလျှင် သကျသာကီဝင်တို့သည် သင်၏ အရှင်သခင်သားများ ဖြစ်ကြကုန်၏။ သင်ကမူ သကျသာကီဝင်တို့၏ ကျွန့်သား ဖြစ်လေသည်"

ဗုဒ္ဓသည် ရှေးအစဉ်အလာ ဆိုရိုးစကားတစ်ရပ်ကို ပြောပြလေသည်။ ထိုအစဉ်အလာ ဆိုရိုးစကားမှာ ဤသို့ဖြစ်သည်။ ဩက္ကာကု (ဩက္ကာကရာဇ်)မင်းသည် မိမိ၏ချစ်သူမိဖုရားကြီး၏စကားကို နားယောင်ပြီး မိမိ၏ သားတော်လေးဦးကို တိုင်းပြည်မှ နှင်ထုတ်လိုက်လေ၏။ ထိုသားတော်လေးဦးတို့သည် ဟိမဝန္တာအနီး ကျွန်းတောကြီး တစ်ခုသို့သွားပြီး နေထိုင်ကြလေ၏။ ၎င်းတို့၏ သားသမီး အဆက်အနွယ်များသည် သကျသာကီဝင်များဖြစ်လာကြလေသည်။ ဩက္ကာကု(ဩက္ကာက) မင်း၏ ဒိသာအမည်ရှိ ကျွန်မတစ်ယောက် ရှိသည်။ ထိုကျွန်မသည် သားငယ်တစ်ယောက်ကို ဖွားမြင်၏။ ထိုသားငယ်၏ အမည်မှာ ကဏှ (ကရိရှန)ဟု ခေါ်သည်။ သူ့သားသမီး အဆက်အနွယ်များသည် ကဏှာယန ဗြာဟ္မဏများ ဖြစ်ကြသည်။ အမ္ဗဋ္ဌသည် ယင်းအစဉ်အလာ စကားများကို သိရှိလေသည်။ အဘယ်မှာလျှင် ငြင်းဆန်နိုင်တော့မည်နည်း။ အမ္ဗဋ္ဌနှင့်အတူပါလာကြသည့် ကျောင်းသားလုလင်တို့ကလည်း "အမ္ဗဋ္ဌဟာ ကျွန်မ သားတဲ့" ဟု ဟစ်အော်ပြောဆိုကြကုန်၏။ ဗုဒ္ဓက ရှင်းလင်းပြောပြတော်မူသည် –

"လုလင်တို့၊ အမ္ဗဋ္ဌကို ကျွန်မသားဟု ပြောဆိုပြီး မကဲ့ရဲ့ကြကုန်

mgyoe.com

လင့်။ အဲဒီ ကဏှာသည် တန်ခိုးကြီးသော ရှင်ရသေ့ဖြစ်၏။ သူ၏ အတတ်ပညာနှင့် တန်ခိုးရှိန်စော်၏ ရှေ့မှောက်တွင် ဦးညွတ်ပြီး ဩက္ကာကု(ဩက္ကာက) မင်းကြီးသည် မိမိ၏ အလွန်တရာလှပသော ခုဒ္ဒရူပီ(မဒ္ဒရူပီ)သမီးကညာကို ပေးဆက်ရလေသည် ...”

ဗုဒ္ဓသည် မလိုလား မနှစ်သက်ဖွယ် ဖြစ်သည့်မှန်သော စကားကိုလည်း ဆိုတော်မူ၏။ သို့ရာတွင် တစ်စုံတစ်ယောက်အား ဒုက္ခရောက်စေရန်အတွက် မဟုတ်ပေ။

ဗုဒ္ဓသည် ငြိမ်းချမ်းရေးဝါဒရှိသူ ဖြစ်သည်။ ငြိမ်းချမ်းသော အကျင့်တရားကို လက်ကိုင်ထားသူ ဖြစ်သည်။ သကျသည် ဗုဒ္ဓအမျိုးအနွယ်တော်၏ နိုင်ငံဖြစ်သည်၊ ကောလိယ၌ သူ၏အမိဘက်မှ ဆွေတော် မျိုးတော်များရှိလေသည်။ သကျနှင့် ကောလိယ၏အကြား၌ ရောဟိဏီမြစ်ရှိလေသည်။ ယနေ့လည်း နေပါလ်နယ်စပ်နှင့် ဂေါရစ်ပူအကြား၌ ထိုမြစ်သည် ထိုအမည်ဖြင့်ပင်လျှင် စီးဆင်းနေသည်။ သကျနှင့်ကောလိယ ဂဏနိုင်ငံနှစ်ခုလုံးသည် ရောဟိဏီမြစ်ရေကို လယ်ယာများအတွက် သွင်းယူကြသည်။ နယုန်လအခါ စပါးပင်များ နွမ်းခြောက်နေသည်ကို တွေ့ရ၍ မြို့နှစ်မြို့လုံးမှ လူများသည် စုရုံးကြလေသည်။ တစ်ဖက်က ပြောကြသည် – “ဒီရေကို နှစ်ဖက်လုံးက ယူလျှင် သင်တို့လည်း ပြည့်ပြည့်ဝဝ ရကြမှာမဟုတ်။ ငါတို့လည်း ပြည့်ပြည့်ဝဝ ရကြမှာမဟုတ်။ ငါတို့၏ လယ်တစ်ခုတည်းအတွက်သာလျှင် ဒီရေလောက်ငပေလိမ့်မည်။ ဒီရေကို ငါတို့ယူပါရစေ”

တစ်ဖက်ကလည်း ထိုစကားကိုပင် ဆိုကြသည် – “ငါတို့ မပေးနိုင်ဘူး။ ငါတို့ မပေးနိုင်ဘူး”

ပြောရင်းပြောရင်းနှင့် ပဋိပက္ခသည် ပြင်းထန်လာလေ၏။ နှစ်ဖက်စလုံးသည် စစ်တိုက်ရန်အတွက် လာကြလေ၏။ ထိုအကြောင်းကို ဗုဒ္ဓကြားရသောအခါ စစ်တပ်နှစ်တပ်၏အကြားသို့သွားပြီး ပြောလေ၏။ “ဘယ်အတွက်ကြောင့် ပဋိပက္ခဖြစ်နေကြသနည်း၊ ဘုရင်မင်းကြီးတို့ ...”

mgyoe.com

mgyoe.com


ရေအတွက် ရန်ဖြစ်နေကြခြင်းဖြစ်ကြောင်း သိရှိရသည်။ ဗုဒ္ဓက မေးလေသည်–"ဘုရင်မင်းကြီးတို့၊ ရေက ဘာအဖိုးတန်သနည်း ..."

"ဘာမျှ အဖိုးမတန်ပါ ..."

"ခတ္တိယနွယ်များကော ဘာအဖိုးတန်သနည်း ..."

"အဖိုးမဖြတ်နိုင်ပါ၊ အရှင်ဘုရား ..."

ဗုဒ္ဓက မိန့်တော်မူသည် –

"ဘာမျှ အဖိုးမတန်တဲ့ရေအတွက် အဖိုးမဖြတ်နိုင်တဲ့ ခတ္တိယတို့ကို အဘယ်ကြောင့် သတ်ဖြတ် ဖျက်ဆီးပစ်နေကြသနည်း ..."

နှစ်ဖက်စလုံးမှ ဓားများသည် ဓားအိမ်များအတွင်းသို့ ပြန်ဝင်သွားကြသည်။ ငြိမ်းချမ်းရေး ရရှိသွားကြလေသည်။

ပသေနဒီမင်းကြီး၏ သားဖြစ်သူ ဝိဋူဋပ (ဝိဋ္ဋူဘ)သည် သကျတို့၏ မြေးဖြစ်သည်။ သူ့မိခင်သည် သကျမျိုးနွယ် စစ်စစ်မဟုတ်။ ကျွန်,မ သမီး ဖြစ်လေသည်။ တစ်စုံတစ်ဦးက "ကျွန်,မသား"ဟု ခေါ်ပြီး ဝိဋူဋပ (ဝိဋ္ဋူဘ)ကို သရော်လေသည်။ ငါ၏ဖခမည်းတော်ကို လိမ်လည်လှည့်စားပြီး သကျတို့သည် မိမိတို့၏ သမီးကညာကို မပေးဘဲ ကျွန်,မသမီးကို ပေးသည်ဟု အိမ်ရှေ့မင်းသားသည် သိရှိသွားသည်။ သို့ဖြစ်၍ သူသည် မခံမရပ်နိုင်ဖြစ်သွား၏။ မာန်မာနကြီးလှသည့် သကျတို့ကို အမြစ်ဖြုတ်ပစ်မည်ဟု ဆုံးဖြတ်ချက်ချလိုက်၏။ ဖခမည်းတော် ကွယ်လွန်သွားသောအခါ ဝိဋူဋပ (ဝိဋ္ဋူဘ)သည် ထီးနန်းအရိုက်အရာကို ဆက်ခံလေသည်။

တစ်နေ့သ၌ ဝိဋူဋပ (ဝိဋ္ဋူဘ)သည် မိမိ၏စစ်တပ်နှင့်တကွ သကျတို့ကို မျိုးဖြုတ်ပစ်ဖို့ရန်အတွက် လာခဲ့လေ၏။ ထိုအကြောင်းကို ဗုဒ္ဓ သိရှိသောအခါ သကျနှင့် ကောသလနယ်စပ်သို့ လာခဲ့လေသည်။ နွေကာလဖြစ်သည်။ နေပူရှိန်မှာ ပြင်းလှသည်။ နယ်စပ်၌ ကောသလတိုင်းပြည်ဘက်တွင် အရိပ်အာဝါသကောင်းသော ညောင်ပင်ကြီးတစ်ပင်ရှိသည်။ သကျတို့၏ဘက်တွင်မူ နေပြောက်ထိုးနေသော

mgyoe.com

mgyoe.com


အရိပ်ရှိသည့် သစ်ပင်တစ်ပင်ရှိလေသည်။ ဘုရားရှင်သည် နေပူကို အကာအကွယ်မပေးနိုင်သည့် နေပြောက်ထိုးနေသည့် သစ်ပင်အောက်သို့သွားပြီး ထိုင်နေတော်မူ၏။ ဝိဒူဍဘ (ဝိဋူဍဘ)သည် အနီးသို့ ချဉ်းကပ်သွားပြီး ရှိခိုးလျက် လျှောက်ထားလေ၏။

"အရှင်ဘုရား၊ ဒါလောက် နေပူတဲ့အချိန်မှာ ဒီနေပြောက်ထိုးနေသည့် သစ်ပင်အောက် ဘာကြောင့် ထိုင်နေရသနည်း။ ဒီအရိပ်ကောင်းသည့် ညောင်ပင်အောက်မှာ ထိုင်တော်မူပါလား ..."

ဘုရားရှင်က ပြန်လည် မိန့်ကြားတော်မူ၏ –

"မှန်သည် အရှင်မင်းကြီး၊ အဆွေအမျိုးတို့၏ အရိပ်မှာ အေးမြလှပေသည် ..."

ဝိဒူဍဘ (ဝိဋူဍဘ)သည် ဘုရားရှင်၏ ဆိုလိုရင်းကို သိရှိရိပ်မိသွားသည်။ သူ့အကြံကို ရုပ်သိမ်းလိုက်လေသည်။

ဗုဒ္ဓသည် လွတ်လပ်သော တွေးခေါ်မှုရှိသူဖြစ်သည်။ လွတ်လွတ်လပ်လပ် တွေးခေါ်သူဖြစ်သည်။ တခြားပုဂ္ဂိုလ်များအားလည်း သိုးသတ္တဝါ မဖြစ်စေလိုပေ။ ကိုယ့်လမ်းကို ကိုယ်တိုင်ဆုံးဖြတ်သတ်မှတ်စေလိုသည်။ သို့ဖြစ်သောကြောင့် ဗုဒ္ဓအဘိဓမ္မာသည် ကျမ်းစာများနှင့် မုခပါဌ် စကားများကို ပမာဏ သို့မဟုတ် ယုံကြည်စိတ်ချအပ်သော အချက်အလက်ဟု မယူဆပေ။ ဗုဒ္ဓဝါဒီတို့သည် ပစ္စက္ခ (လက်တွေ့) ကိုသာလျှင် ပမာဏ သို့မဟုတ် ယုံကြည်စိတ်ချအပ်သော အချက်အလက်ဟု ယူဆလေသည်။ အနုမာန (မှန်းဆခြင်း) ကိုလည်း ပစ္စက္ခ (လက်တွေ့) အပေါ်၌အခြေခံသည့် အစိတ်အပိုင်းထိမူ လက်ခံလေသည်။

ကောသလတိုင်း၌ တောကြီးတစ်ခု၏ အစွန်အဖျားတွင် ကေသပုတ္တ(မုတ္တ)ရွာ ရှိလေသည်။ ခရီးသွားကုန်သည်များ၏ သွားရာလမ်းသည် ထိုရွာမှဖြတ်သွားသည်။ ကုန်သည်ကြီးများသည် ကုန်စည်အပြည့် လှည်းများဖြင့်လည်းကောင်း၊ နွားများဖြင့် လည်းကောင်း၊ ထိုအရပ်သို့ ရောက်ရောက်လာကြ၏။ သူတော်စင် ပုဂ္ဂိုလ်များသည်လည်း

mgyoe.com

ထိုနေရာသို့ ရောက်ရောက်လာကြ၏။ သူတော်စင်ပုဂ္ဂိုလ်တို့၏ အဆုံးအမ ဥပဒေသတို့မှာ တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်ဘက်ဖြစ်နေကြ၏။ အားလုံးက ကိုယ့်အယူ ကိုယ့်ဝါဒကို လက်ခံစေချင်ကြသည်။ အဘယ်ပုဂ္ဂိုလ်၏တရားသည် အမှန်ဖြစ်သနည်း။ အဘယ်ပုဂ္ဂိုလ်၏ တရားသည် အမှားဖြစ်သနည်း။ ဤသို့ နှစ်လုံးနှစ်ခွ ဖြစ်ကြလေသည်။ သံသယ ဖြစ်ကြရလေသည်။

ဒေသစာရီ ကြွချီရင်းနှင့် ဗုဒ္ဓလည်း ထိုအရပ်သို့ ရောက်ရှိသွား၏။ ကာလာမတို့က မိမိတို့၏ ယုံမှားသံသယကို ဗုဒ္ဓ၏ ရှေ့မှောက်တွင် တင်ပြကြသည်။ ဗုဒ္ဓက မိန့်တော်မူလေသည် –

"ကာလာမတို့၊ သင်တို့ ယုံမှားသံသယ ဖြစ်ကြခြင်းမှာ မှန်ကန်လှပေသည်။ ကာလာမတို့၊ သင်တို့သည် တစ်စုံတစ်ခုသောအကြောင်းအရာကို ပြောသံကြားကာမျှဖြင့် လည်းကောင်း၊ အစဉ်အဆက် ဆင်းသက်လာကာမျှဖြင့် လည်းကောင်း၊ လေးစားအပ်သည့် ကျမ်းဂန်များနှင့် ညီညွတ်ကိုက်ညီကာမျှဖြင့်လည်းကောင်း၊ ပြောသူမှာ တင့်တယ်လှပသော အချိုးအစား ရှိကာမျှဖြင့်လည်းကောင်း၊ ငါတို့ ကြာမြင့်စွာကာလက တွေးတောစဉ်းစားပြီး ကြာမြင့်စွာ ကာလကစပြီး ကျင့်သားရလာခဲ့သည့် အကြောင်းအရာဖြစ်ကာမျှဖြင့် လည်းကောင်း၊ ဆရာ့ဆရာကြီးများက ဤကဲ့သို့သော ပြောကြားခဲ့သည့် အကြောင်းအရာဖြစ်ကာမျှဖြင့်လည်းကောင်း၊ မယုံကြည်ကြနှင့်။ လက်မခံကြနှင့်။ ကာလာမတို့၊ သင်တို့သည် ဤအကြောင်းအရာကို လက်ခံလိုက်လျှင် အကျိုးမဲ့ဖြစ်မဖြစ်၊ ဒုက္ခဖြစ်မဖြစ်၊ ကိုယ်တိုင်ကိုယ်ကျ သိအောင်လုပ်ပြီးမှ ယုံကြည်ကြလော့။ လက်ခံကြလော့"

ဗုဒ္ဓသည် သဘာဝကို နှစ်သက်သူဖြစ်လေသည်။ မြို့များတွင်လည်း မြို့အပြင်ဘက်ရှိ ခြံဥယျာဉ်တစ်ခုခု၌ သီတင်းသုံးနေထိုင်တော်မူသည်။ အကယ်၍ ဝေသာလီကဲ့သို့ အနီးအနားပတ်ဝန်းကျင်၌ တောင်ရှိလျှင် ထိုနေရာမျိုး၌ သီတင်းသုံးနေထိုင်တော်မူသည်။

mgyoe.com

mgyoe.com

အရာဝတ္ထုဟူသမျှ အနိစ္စဖြစ်၏ဟူသော ဗုဒ္ဓ၏ဟောပြောချက်၌ အရာဝတ္ထုများ၌ မည်သည့် တန်ဖိုးမျှမရှိဟု အဓိပ္ပာယ် ဆိုလိုရင်းမဟုတ်ပေ။ ဗုဒ္ဓသည် အနိစ္စသဘောအားဖြင့် အမှန်သဘောတရားကို ညွှန်ပြတော်မူသည်။ အမှန်စင်စစ်အားဖြင့် အလှဆိုသည်မှာ ခဏမပြတ် အသစ်အသစ်ဖြစ်နေသော အရာဝတ္ထု၌သာလျှင် ရှိလေသည်။ ပရိနိဗ္ဗာန်မပြုမီ လအနည်းငယ်ခန့်က ဝေသာလီရှိ စာပါလစေတီ၌ ဗုဒ္ဓရှိတော်မူသည်။ ဥယျာဉ်၏ သာယာမွေ့လျော်ဖွယ်သည် ဗုဒ္ဓအား ဆွဲဆောင်ခဲ့လေသည်။ တင့်တယ်သာယာသော နေရာများကို သတိရပြီး ဗုဒ္ဓသည် ဤသို့မိန့်တော်မူ၏ –

"အာနန္ဒာ၊ ဝေသာလီသည် မွေ့လျော်ဖွယ်ကောင်း၏။ ဥဒနယ (ဥဒေန)စေတီသည် မွေ့လျော်ဖွယ်ကောင်း၏။ ဂေါတမကစေတီသည် မွေ့လျော်ဖွယ်ကောင်း၏။ သတ္တာမက (သတ္တမ္ဗ) စေတီသည် မွေ့လျော်ဖွယ်ကောင်း၏။ အာနန္ဒာ (ရာဇဂြိုဟ်)၌ ဂိဇ္ဈကုဋ်သည် မွေ့လျော်ဖွယ်ကောင်း၏။ (ကပိလဝတ်)၌ နိဂြောဓာရုံသည် မွေ့လျော်ဖွယ်ကောင်း၏။ ရာဇဂြိုလ် စောရပပါတသည် မွေ့လျော်ဖွယ်ကောင်း၏။ ဝေဘာရတောင်စောင်း၌ ကာဠသိလာသည် မွေ့လျော်ဖွယ်ကောင်း၏။ သီတဝနတော၌ သပ္ပသောဏ္ဍိကတောင်သည် မွေ့လျော်ဖွယ်ကောင်း၏။ တပေါဒါရုံသည် မွေ့လျော်ဖွယ်ကောင်း၏။ ရှဥ့်စာကျွေးရာ ဝေဏုဝန (ဝေဠုဝန်)သည် မွေ့လျော်ဖွယ်ကောင်း၏။ ဇီဝက၏ သရက်ဥယျာဉ်သည် မွေ့လျော်ဖွယ်ကောင်း၏။ မဒ္ဒကုစ္ဆိ မိဂဒါဝုန်သည် မွေ့လျော်ဖွယ်ကောင်း၏ ..."

ဗုဒ္ဓသည် အကြောင်းအရာဟူသမျှကို လူမှုရေးအမြင်ဖြင့် ကြည့်ရှုတော်မူသည်။ ရဟန်းတစ်ဦးအား တာဝန်မဲ့နေသည်ကို တွေ့ရသည့်အခါ၌ "မောဃံသရဋ္ဌ ပိဏ္ဍံ ဘုဉ္ဇတိ...." (အချည်းနှီးအလဟဿတိုင်းပြည်၏ ထမင်းဟင်းကို စားနေသည်)ဟု မိန့်ဆိုတော်မူသည်။ မည်သည့်အပြုအမူမျိုးကိုမဆို ဗုဒ္ဓသည် ပစ္စုပ္ပန်နှင့် အနာဂတ်လူတို့၏

mgyoe.com

mgyoe.com


အကျိုးရှိမရှိ ဟူသောအမြင်ဖြင့် ကြည့်တော်မူသည်။ သုသုမာရဂိရိ (ကျူနာ)၌ ဝသဘုရင် ဥဒယန(ဥဒေန)မင်းကြီး၏ အိမ်ရှေ့မင်းသား ဗောဓိကုမာရ နေထိုင်သည်။ သူသည် ဗုဒ္ဓအား ဆွမ်းလုပ်ကျွေးရန် ပင့်ဖိတ်လေသည်။ အသစ်ဆောက်လုပ်ထားသည့် နန်းပြာသာဒ်ပေါ်၌ အထည်အဝတ်အသစ်များကို ခင်းထားလေသည်။ ဘုရားရှင်သည် အထည်အဝတ်အသစ်များ အနီးသို့ရောက်သောအခါ ရပ်တန့်သွားလေသည်။ မင်းသားက လျှောက်လေ၏ – "အရှင်ဘုရား ... အထည်အဝတ်အသစ်များပေါ် ကြွတော်မူပါ။ တပည့်တော်၏ အရှည်တည်တံ့နေမည့် အကျိုးစီးပွား ချမ်းသာသုခအတွက် ဖြစ်ပါလိမ့်မည်"

ဘုရားရှင်က ရပ်မြဲရပ်တန့်နေတော်မူ၏။ ထိုအခါ အာနန္ဒာက ပြောလေ၏။

"ဘုရင့်သားတော်၊ အထည်အဝတ်အသစ်များကို ရုပ်သိမ်းလော့။ ဘုရားရှင်သည် အထည်အဝတ် အသစ်များအပေါ် တက်လိမ့်မည် မဟုတ်။ ဘုရားရှင်သည် လာမည့်လူအပေါင်းတို့၏အကျိုးကို ထောက်ထားငဲ့ညှာတော်မူသည် ..."

မိမိတို့၏တောက်ပြောင်ဝင့်ဝါမှုကို ပြလို၍ ပြုလုပ်သော အခြားလူများ ဒုက္ခရောက်စေမည့် ဓလေ့ထုံးစံနှင့် အပြုအမူများကို လူများအား ဘုရားရှင်သည် မပြုလုပ်စေချင်ပေ။

ပြည်သူလူထု၏ အကျိုးစီးပွားကို လိုလားတော်မူသည့် နောက်ထပ် ပြယုဂ်ပုံစံတစ်ခု ရှိသေးသည်။ ဗုဒ္ဓ၏တရားဒေသနာကို လူအပေါင်းတို့သည် မိမိတို့၏ဘာသာစကားဖြင့် ပြန်ယူပြောဆိုကြသည်။ ကောသလ တိုင်းသားတို့သည် ကောသလီ(ပါဠိ) ဘာသာဖြင့်လည်းကောင်း၊ မာဂဓတိုင်းသားတို့သည် မာဂဓီဘာသာဖြင့်လည်းကောင်း၊ အဝန္တီတိုင်းသားတို့သည် အဝန္တီ(မာလဝိ)ဖြင့်လည်းကောင်း၊ ကုရု တိုင်းသားတို့သည် ကောရဝီဘာသာဖြင့်လည်းကောင်း၊ ပြန်ယူပြောဆိုကြသည်။ ထိုအကြောင်းကြောင့် ဘာသာစကား၏ ညီညွတ်မှု

mgyoe.com

mgyoe.com

မှာ မဖြစ်ပေ။ ထိုအချိန်၌ ယမေဠုကေကုဋ္ဌာ ဘာသာစကားပြောသည့် ပညာရှိ ဗြာဟ္မဏရဟန်းနှစ်ပါးရှိကြ၏။ သူတို့သည် ထိုဘာသာစကားကွဲပြားခြားနေမှုကို ပယ်ဖျောက်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ဗုဒ္ဓအား လျှောက်ထားလေ၏။ –

"အရှင်ဘုရား၊ ယခုအချိန်အခါမှာ အမျိုးမျိုးသောအနွယ်၊ အမျိုးမျိုးသော အမျိုးဇာတ်မှ ရဟန်းများသည် မိမိတို့၏ ဘာသာစကားများဖြင့် ဗုဒ္ဓတရားတော်ကို ပြောဆိုနေကြသည်။ ဗုဒ္ဓတရားတော်ကို ညစ်နွမ်းအောင်ပြုနေကြသည်။ အရှင်ဘုရား၊ တပည့်တော်တို့သည် ဗုဒ္ဓတရားတော်ကို ဆန္ဒဘာသာဖြင့် သင်ကြားရလျှင် ကောင်းလိမ့်မည်ထင်ပါသည် ..."

ဘုရားရှင်သည် ထိုရဟန်းများအား မာန်မဲပြီး ရဟန်းအပေါင်းအား ဤသို့ မိန့်တော်မူ၏။ "ရဟန်းတို့၊ ဗုဒ္ဓတရားတော်ကို ဆန္ဒဘာသာဖြင့် မသင်ကြားအပ်ပေ။ လူအပေါင်းတို့သည် မိမိ မိမိတို့၏ ဘာသာစကားဖြင့် ဗုဒ္ဓတရားကို သင်ကြားအပ်ပေသည်"

ဗုဒ္ဓတရားအား ဆန္ဒ (ဝေဒနှင့် ဗြာဟ္မဏတို့၏ဘာသာ) ဖြင့် သင်ကြားရမည်ဟု သတ်မှတ်ထားလျှင် လက်တစ်ဆုပ်စာမျှသော လူနည်းစုသာလျှင် ဗုဒ္ဓတရားတော်ကို သိရှိနားလည်မည်ဟု ဗုဒ္ဓသိရှိတော်မူသည်။ မိမိ မိမိတို့၏ ဘာသာစကားဖြင့် သင်ကြားလေ့လာနိုင်ခြင်း၏ အကျိုးအာနိသင်ကြောင့် ဗုဒ္ဓဘာသာ ရောက်ရှိသည့် နိုင်ငံဟူသမျှ၌ ဗုဒ္ဓတရားဒေသနာကို ကိုယ့်ဘာသာဖြင့် စိတ်အားထက်သန်စွာဖြင့် ဘာသာပြန်ဆိုထားကြခြင်း ဖြစ်လေ၏။

ဗုဒ္ဓသည် စည်းစိမ်ခံလွန်းသော လူနေမှုဘဝကို ဆန့်ကျင်သူဖြစ်သည်။ ကိုယ်ကာယအား ခြောက်ခန်းစေခြင်းကိုလည်း မိုက်မဲမှုဟု ယူဆတော်မူသည်။ ဘာသာရေး အစွဲအလမ်းကြီးခြင်း၊ ယုံကြည်ကိုးကွယ်ခြင်းများထက် အသိဉာဏ်ပညာဘက်သို့ ဗုဒ္ဓသည် ပိုမိုတိမ်းညွတ်တော်မူသည်။ ထိုအကြောင်းကြောင့် ပညာရှင်များ၊ သူဌေး

mgyoe.com

mgyoe.com


သူကြွယ်များ၊ ဘုရင်များ ဗုဒ္ဓ၏တပည့်ဖြစ်လာကြခြင်း ဖြစ်လေသည်။ ထိုခေတ်က တိုင်းငယ်ပြည်ငယ်ကလေးများသည် မည်သို့မည်ပုံပြုလုပ်လျှင် ရန်သူတစ်ပါးတို့ လာရောက်မသိမ်းပိုက်နိုင်ဟူသော အကြောင်းနှင့်ပတ်သက်ပြီး ဗုဒ္ဓက အချက်ခုနစ်ချက်ကို ပြောပြတော်မူသည်–

(၁) အစဉ်မပြတ် စုဝေးပြီး ညီညီညွတ်ညွတ် သတ်မှတ်ဆုံးဖြတ်ခြင်း၊ (၂) သတ်မှတ်ဆုံးဖြတ်သည့်အတိုင်း အလုပ်လုပ်ခြင်း၊ (၃) စည်းကမ်းဥပဒေကို လေးစားခြင်း၊ (၄) လူကြီးသူမများအား ရိုသေလေးစားခြင်း၊ (၅) မိန်းမများအား နိုင်ထက်စီးနင်း အတင်းဗလက္ကာရ မပြုလုပ်ခြင်း၊ (၆) အမျိုးဇာတ်၏ဘာသာတရားကို စောင့်ရှောက်ခြင်း၊ (၇) ဘာသာတရားခေါင်းဆောင်များအား ရိုသေလေးစားခြင်း။

ဗုဒ္ဓ၏အဘိဓမ္မာသည် ခဏိကဝါဒီ အဘိဓမ္မာ ဖြစ်သည်။ ဗုဒ္ဓသည် မည်သည့်အရာဝတ္ထုကိုမျှ ခဏတစ်ခုထက် ပိုပြီးတည်တံ့နေသည့်အရာဟု မယူဆပေ။ သို့ရာတွင် ဗုဒ္ဓသည် ယင်းသဘောတရားကို လူ့လောက လူ့အဖွဲ့အစည်း၏ စီးပွားရေးစနစ်နှင့်ပတ်သက်ပြီး ကျင့်သုံးသည့်ဆန္ဒ ရှိတော်မမူပေ။ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသည့် အုပ်ချုပ်သူ ခြယ်လှယ်သူ လူ့လောကနှင့် ယင်းသို့ နားလည်မှုယူလိုက်သည့်အခါဗုဒ္ဓကဲ့သို့သော တန်ခိုးရှိန်စော်ကြီးမားသည့် အဘိဓမ္မာဆရာများ၏ အပေါ်ဘက်အလွှာ၌ ဂုဏ်သိက္ခာတိုးတက်လာသည်မှာ ဓမ္မတာပင်ဖြစ်တော့၏။ ကုဋ္ဌဒန္တ၊ သောဏဒဏ္ဍကဲ့သို့သော ပစ္စည်းရှင်ဗြာဟ္မဏပုရောဟိတ်များသည် ဗုဒ္ဓ၏တပည့်ဖြစ်လာကြသည်။ ဘုရင်များသည် ဗုဒ္ဓအားကြိုဆိုရန် အဆင်သင့်ဖြစ်နေကြသည်။ ထိုခေတ်က သူဌေးသူကြွယ်များဖြစ်ကြသော ကုန်သည်လုပ်ငန်းစားတို့မှာမူ ဗုဒ္ဓအတွက် သူတို့၏အိတ်ကို အစဉ်မပြတ် ဖွင့်ထားကြကုန်သည်။ သာဝတ္ထိ (ယခုဆဟက်မဟက်–ဂေါန်ဒါဒိစတြိတ်) မှ သူဌေးသုဒတ္တ (အနာထပိဏ်) သည် ငွေအသပြာပြားများခင်းပြီး ဥယျာဉ်ကြီး (ဇေတဝန်) တစ်ခုကိုဝယ်လျက် ဗုဒ္ဓနှင့် တပည့်ရဟန်းများ နေထိုင်သီတင်းသုံးရန်

mgyoe.com

ပေးလှူခဲ့လေသည်။ ထိုမြို့မှ သူဌေးကတော် ဝိသာခါသည်လည်း ငွေကြေးအမြောက်အမြားအကုန်အကျခံပြီးလျှင် ဗုဒ္ဓအတွက် ပုဗ္ဗာရုံ အမည်ရှိ ကျောင်းကို ဆောက်လုပ်လှူဒါန်းလေသည်။

အိန္ဒိယတောင်ပိုင်းနှင့် လည်းကောင်း၊ အိန္ဒိယ အနောက်တောင် ပိုင်းနှင့်လည်းကောင်း ကူးသန်းရောင်းဝယ်မှု ပြုလုပ်ရာ အချက်အချာ ဗဟိုဌာနကြီးဖြစ်သည့် ကောသမ္ဗီ(ယခုခေတ် ကောဆန်–အေလဟာ ဘတ်ဒိစတြိတ်)မှ ရောမ သူဌေးကြီးသုံးဦးတို့သည် ဗုဒ္ဓအတွက် အပြိုင် အဆိုင် ကျောင်းတိုက်ဆောက်လုပ်လှူဒါန်းကြသည်။ ဗုဒ္ဓတရားကို ပြန့်ပွားအောင်ပြုလုပ်ရာ၌ ဘုရင်မင်းများထက် ကုန်သည်များက ပိုပြီး အကူအညီပေးကြလေ၏။ ဘုရင်များ သူဌေးများနှင့် ဆန့်ကျင်ဘက် သွားလျှင် ဗုဒ္ဓသည် ယင်းအဆင်ပြေမှုများကို ရရှိလိမ့်မည်မဟုတ်ပေ။

ဗုဒ္ဓခေတ်က လူ့လောက လူ့အဖွဲ့အစည်း၌ ကျေးကျွန်များနှင့် အလုပ်သမားများ အမြောက်အမြားပင် ရှိကြလေသည်။ ဘုရင်များ၊ သူဌေးသူကြွယ်များ၊ ပုရောဟိတ်များသည် ကျေးကျွန်များနှင့် အလုပ် သမားများအပေါ် ခေါင်းပုံဖြတ်နေကြ၏။ ဝေဒနှင့် ဥပနိသျှဒ်တို့သည် ယင်း အပြုအမူများ၏ ဆန့်ကျင်ဘက် မဟုတ်ပေ။ ဆင်းရဲသူ ဆင်းရဲ သားများသည် မိမိတို့၏ ဆင်းရဲခြင်းကို ဘုရားသခင်ပေးဟု အမှတ် ထားကြလေ၏။ ခေါင်းပုံဖြတ်ခြင်း ခြယ်လှယ်ခြင်းကို တည်မြဲနေစေ ရန်အတွက် ကိုယ်ကျိုးကြည့်သမားများသည် ဗြဟ္မဝါဒနှင့် နောင်ဘဝ တွင် တစ်ဖန် မွေးဖွားခြင်းသဘောတရားကို ဖြန့်ဖြူးကြလေသည်။

ယင်းအယူအဆများနှင့် ဆန့်ကျင်ဘက်ဖြစ်သော ဗုဒ္ဓ၏ ခဏိက ဝါဒသည် တော်လှန်ရေးဝါဒ ဖြစ်လေသည်။ ကမ္ဘာလောက၊ လူ့အဖွဲ့အစည်း၊ လူ၊ အားလုံးသော အရာဝတ္ထုများကို ဗုဒ္ဓ၏ခဏိက ဝါဒက ခဏမပြတ် ပြောင်းလဲနေသော အရာများဟု ယူဆသည်။ ဗုဒ္ဓသည် အယူအဆဝါဒများကို မြစ်ကိုဖြတ်ကူးရန်အတွက်ဖြစ်သော ဖောင်ပမာသာလျှင် ထင်မှတ်ယူဆသည်။ ဦးခေါင်းပေါ်တွင် ရွက်ထား

mgyoe.com

ဖို့ရန်အတွက် မဟုတ်ပေ။ သို့ဖြစ်လင့်ကစား ဗုဒ္ဓသည် အခြားအသွင် တစ်မျိုးဖြင့် ပရလောကနှင့် နောက်ဘဝတွင် တစ်ဖန်မွေးဖွားမှုသဘော ကို လက်ခံလိုက်လေသည်။ ကမ္မဝါဒ–ကံသဘောတရားကို ဗုဒ္ဓက အင်အားတောင့်တင်းစေခဲ့သည်။ လူ့လောက လူ့အဖွဲ့အစည်း၌ စီးပွား ရေး မညီမျှမှုမမျှတမှုကို ဖယ်ရှားမပစ်ဘဲနှင့် ဗုဒ္ဓသည် အရောင်အသွေး ခွဲခြားမှုစနစ်၊ ဇာတ်နိမ့်ဇာတ်မြင့်စနစ်ကို ဖယ်ရှားပစ်လိုသည်။ ယင်း သို့ ပြုလုပ်ခြင်းအားဖြင့် စီးပွားရေး မညီမျှမှု မမျှတမှုများသည် ပျောက် ပျက်မသွားခဲ့ပေ။ သို့ရာတွင် ဆင်းရဲသားများသည် ဗုဒ္ဓဘာသာ၏ အပေါ်၌ ယုံကြည်မှု၊ လေးစားမှု ပေါ်ပေါက်လာခဲ့ကြ၏။

ဗုဒ္ဓသည် ဆင်းရဲခြင်း မွဲခြင်းနှင့် ကျေးကျွန်စနစ်ကို ဖျောက်ဖျက် ပစ်သည့် အစီအစဉ်ကို ပြုလုပ်တော် မမူခဲ့ပေ။ ဆင်းရဲခြင်းနှင့် ကျေး ကျွန်စနစ်၏ပြင်းထန်မှုကို အထိုက်အလျောက်လျော့နည်းသွားအောင် ပြုလုပ်လိုသည့်ဆန္ဒသည် အစပထမ၌ ဗုဒ္ဓ၏ သံဃအဖွဲ့အစည်းတွင် ရှိခဲ့ပေသည်။ ထိုအချိန်က ကြွေးမြီကိုမဆပ်လျှင် ကြွေးရှင်သည် ကြွေး တင်သူအား ဝယ်ယူလေသည်။ သို့ဖြစ်၍ ကြွေးတင်သူပေါင်း မြောက် မြားစွာတို့သည် ရဟန်းပြုကြလေကုန်၏။ ယင်းသို့ ပြုလုပ်ခြင်းအား ဖြင့် ကြွေးရှင်သူဌေးများသည် ထိခိုက်နစ်နာကြ၏။ သို့ဖြစ်၍ ဗုဒ္ဓက မိန့်တော်မူလေသည်– "ကြွေးမကင်းသူအား ရဟန်းပြု မပေးရ ..." (မဟာဝဂ္ဂပါဠိတော်)။ ထိုနည်းအတိုင်း ကျေးကျွန်များ ရဟန်းပြုကြ သည်ဖြစ်၍ ကျေးပိုင်ရှင် ကျွန်ပိုင်ရှင် အရှင်သခင်များလည်း ထိခိုက် နစ်နာကြသည်။ သို့ဖြစ်သောကြောင့် ဗုဒ္ဓက မိန့်တော်မူ၏ – "ကျေး ကျွန်ကို ရဟန်းပြုမပေးရ ..." (မဟာဝဂ္ဂ ပါဠိတော်)။ ဗုဒ္ဓ၏တပည့် မဂဓဘုရင်ဗိမ္ဗိသာရ၏ စစ်သားများသည် စစ်တိုက်မထွက်ကြဘဲ ရဟန်းပြုလုပ်ကြလေကုန်၏။ ဗိမ္ဗိသာရသည် ဗုဒ္ဓ၏အထံသို့ သွားပြီး အပြစ်တင်လေသည်။ ထိုအခါ ဗုဒ္ဓက မိန့်တော်မူ၏–"ဘုရင့်စစ်သည် တပ်သားကို ရဟန်းပြုမပေးရ" (မဟာဝဂ္ဂ ပါဠိတော်)

mgyoe.com

mgyoe.com


ယင်းချို့တဲ့ချက်များ ရှိစေကာမူ ဗုဒ္ဓ၏အတွေး၊ ဗုဒ္ဓ၏တရားများသည် စာပေ၊ အဘိဓမ္မာ၊ အနုပညာများကို ကြွယ်ဝအောင် ဖွံ့ထွားအောင် ပြုလုပ်ခဲ့လေသည်။ ဗုဒ္ဓ၏တရားသည် ယနေ့မှစ၍ ရေလျှင် ရာစုနှစ်များစွာအလွန်က အိန္ဒိယနိုင်ငံမှ ပျောက်ကွယ်သွားခဲ့လေသည်။ သို့ရာတွင် ဗုဒ္ဓတရားသည် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အရှေ့တောင်အာရှ၊ သီဟိုဠ်၊ အာဖဂန်နစ္စတန် စသော ဒေသများသို့ ပြန့်ပွားသွားပြီးလျှင် ထိုဒေသများ၌ နိုးကြားမှု အသစ်ကို ဖြစ်ပေါ်စေခဲ့လေသည်။ ဗုဒ္ဓတရား၏အကူအညီဖြင့် ထိုဒေသများနှင့် အိန္ဒိယနိုင်ငံသည် ဆက်သွယ်မှု ရရှိခဲ့လေသည်။ လွန်ခဲ့သည့် နှစ်တစ်ရာလောက်ကစပြီး ကျွန်ုပ်တို့သည် ဗုဒ္ဓ၏အမည်ကို ပြန်လည်ကြားသိရပေသည်။ ယနေ့ ဗုဒ္ဓ၏အမည်နာမမှာ ပြည်သူလူထုအထိ ရောက်ရှိနေပြီး ဗုဒ္ဓ၏ ငြိမ်းချမ်းရေးတရားစကားများသည် ကမ္ဘာကြီးတွင် တစ်ဖန် ကျယ်လောင်လာလေပြီ။

✿ ✿ ✿

mgyoe.com

mgyoe.com

# ဗုဒ္ဓခေတ် ပြဇာတ်

ဗုဒ္ဓခေတ် သို့မဟုတ် ဘီစီခြောက်-ငါးရာစုနှစ်လောက်က နောက်ခေတ် လူများအနက် အဓိပ္ပာယ် ကောက်ယူသည့် ပြဇာတ်မျိုး ရှိလိမ့်မည်မဟုတ်ပေ။ သို့ရာတွင် ဘဝနှင့်ဘဝ၏အဖြစ်အပျက်များကို ကလေးသူငယ်များ အတုယူပြုလုပ်ခြင်း သို့မဟုတ် ကပြသရုပ်ဖော်ခြင်းမျိုးကဲ့သို့သော အပြုအမူများမှာမူ ကလေးသူငယ်အဆင့်၌သာ ရှိသေးသည့် လူတို့တွင်လည်း ရှိနိုင်ပေသည်။ ထိုအချိန်၌ ကန့်လန့်ကာ မရှိသေးပေ။ အဝတ်အစား အဆင်အပြင်တို့ကိုလည်း ပန်းချီ ဆေးရေး စုတ်တံဖြင့် ပုံတူခြယ်မှုန်းခြင်း မရှိပေ။ သို့ရာတွင် လူတို့၏စိတ်နှလုံး ပျော်ရွှင်မှုအတွက် ပြဇာတ်ကဲ့သို့သော တစ်စုံတစ်ခုမှာမူ အမှန်မုချရှိခဲ့လေသည်။

အဿဃောသမှစပြီး ဟိန္ဒူခေတ်တစ်ခေတ်လုံး၌ ကျွန်ုပ်တို့၏ တိုင်းပြည်တွင် ပြဇာတ်များကို ရေးသားခဲ့ကြသည်။ ထိုပြဇာတ်များ အနက် အချို့မှာ ဖတ်ရန်အတွက် သက်သက်သာလျှင် အသုံးဝင်ကြသည်။ သို့ရာတွင် အဿဃောသ၊ ဘာသ၊ ကာလိဒါသတို့သည် ပြဇာတ်များကို ဖတ်ရန်အတွက်သက်သက် မဟုတ်ဘဲ ကပြစင်တင်ရန် အတွက်လည်း ရေးသားစီရင်ကြကြောင်းမှာကား ယုံမှားသံသယ

mgyoe.com

ဖြစ်ဖွယ်မရှိပေ။

ပြာကရိုက်ခေတ် (ခရစ် သက္ကရာဇ် ၁–၅၅၄) အထိ သသ်ကရိုက်ဘာသာကို မူလစစ်စစ်မှ ပြုပြင်ပြောင်းလဲသုံးစွဲကြသည်ဖြစ်၍ အလွယ်တကူဖြင့်ပင် နားလည်ကြပေသည်။ သို့ဖြစ်၍ သသ်ကရိုက်၊ ပြာကရိုက် ဘာသာနှစ်ခု ရောနှောထားသည့် ပြဇာတ်များကို နားလည်ရန်အတွက် ထိုခေတ်က ပြည်သူလူထုအများစု သို့မဟုတ် သသ်ကရိုက်ပညာတတ်လူတန်းစားများအတွက် မခဲယဉ်းပေ။ ပြာကရိုက်ခေတ်နောက်ပိုင်း၌ ရေးသားကြသည့် ပြဇာတ်များကို စင်တင်ကပြသောအခါ လူနည်းစုလောက်သာလျှင် ပြဇာတ်၏အရသာကို ခံစားနိုင်ကြပေသည်။ သို့ဖြစ်၍ ထိုခေတ်က ပြဇာတ်များသည် များသောအားဖြင့် စင်တင်ကပြရန်အတွက် မဟုတ်ဘဲ ကဗျာအဖွဲ့ကဲ့သို့ ဖတ်ရန်အတွက်သာလျှင် ရေးသားအပ်သည့် ပြဇာတ်များဖြစ်ကြ၏ဟု ယူဆရပေ၏။

ပါဠိစာပေ၌ နောက်ခေတ်တွင် ရေးကြ ကကြသည့်ပြဇာတ်မျိုး မရှိသော်လည်း ကခြင်း၊ ပွဲခံခြင်းများကားရှိလေသည်။ ၎င်းတို့ကို ပါဠိဘာသာဖြင့် သမဇ္ဇာဟု ခေါ်လေသည်။ ထိုခေတ်အခါက မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၏ အင်အားအတောင့်အတင်းဆုံးနိုင်ငံဖြစ်သည့် မဂဓ၏ နေပြည်တော်မှာ ရာဇဂြိုဟ်ဖြစ်လေသည်။ ရာဇဂြိုဟ်၌ အလွန်တရာ ကြီးကျယ်စည်ကားသော ပွဲသဘင်(သမဇ္ဇာ)ကြီးတစ်ခု ကျင်းပပြုလုပ်လေ့ရှိကြသည်။ ထိုပွဲသဘင်ကြီးကို ဂိရဂ္ဂသမဇ္ဇာဟု ခေါ်လေသည်။ တောင်၏ထိပ်သို့မဟုတ် အစွန်း၌ ကျင်းပခြင်းဖြစ်သောကြောင့် ဂိရဂ္ဂသမဇ္ဇာဟုခေါ်ခြင်း ဖြစ်တန်ရာသည်။

ဗုဒ္ဓ၏လက်ထက်တော်က တောင်များ၏အတွင်း၌ ရှေးဟောင်းရာဇဂြိုဟ်၏နေရာ၌ ရာဇဂြိုဟ်မြို့ကို တည်ထောင်ကြလေသည်။ သစ်သားအိမ်များ ဆောက်လုပ်ထားခြင်း ဖြစ်သောကြောင့် မကြာခဏ မီးလောင်သည်ဖြစ်ရကား မြို့၏ အစိတ်အပိုင်း တော်တော်များများမှာ မီးလောင်မြေ ဖြစ်သွားလေသည်။ သို့ဖြစ်၍ စည်းကမ်းဥပဒေတစ်ခု

mgyoe.com

mgyoe.com


ထုတ်ထားရလေ၏။ မီးစတင် လောင်သည့်အိမ်သည် တောင်၏အပြင်ဘက်သွားပြီး နေရမည်ဟူသော စည်းကမ်းဥပဒေ ဖြစ်လေသည်။ မဖျော်လင့်ဘဲနှင့် ဘုရင့်နန်းတော်တွင် မီးစတင် လောင်ကျွမ်းလေ၏။ သို့ဖြစ်၍ အဇာတသတ်သည် မိမိ၏နန်းတော်ကို တောင်၏အပြင်ဘက်၌ ဆောက်ရလေသည်။ ထိုနန်းတော်နှင့်အတူတကွ ရာဇဂြိုဟ်မြို့သစ်၏အုတ်မြစ်ကို ချလေ၏။ ထိုမြို့သစ်မှာ အဇာတသတ်လက်ထက်၌ပင် အတော်ပြီးစီးနေလေပြီ၊ အဇာတသတ်၏ ထီးနန်းအရိုက်အရာကို ဆက်ခံကြသူများက နေပြည်တော်ကို တောင်ရှိသည့်နေရာမှ ဂင်္ဂါမြစ်ကမ်း ပါတလိပုတ် (ပတ္တနား)သို့ ရွှေ့ပြောင်းလာခြင်းကို သင့်တော်သည်ဟု ယူဆကြသည်။ သို့ဖြစ်၍ ရာဇဂြိုဟ်မှာ တိမ်ကောသွားသလို ဖြစ်ရခြင်းဖြစ်လေသည်။

ဗိမ္ဗိသာရ ဘုရင်၏ လက်ထက် (ဘီစီ ၄၉၃–မတိုင်မီ)၌ ဂိရဂ္ဂသမဇ္ဇာ (တောင်ထိပ်ပွဲ)ကို ကြီးကျယ်စွာကျင်းပပြုလုပ်ကြသည်။ လေဟာပြင်နေရာ၌ ပွဲများကပြကြသည်။ ထိုပွဲများကိုကြည့်ရန်အတွက် ပရိသတ်တို့သည် တစ်စုတစ်ဝေးကြီးရောက်ရှိကြသည်။ အဝေးမှ အလွယ်တကူဖြင့် ကြည့်၍ရအောင် သာမန်ရိုးရိုးလူများလည်းထိုင်စရာ စင်များကို ပြုလုပ်ကြသည်။ မှူးမတ်များနှင့် မင်းညီမင်းသားများ အတွက်မူ ထိုစင်များပေါ်၌ နေရာထိုင်ခင်းများကို ခင်းကျင်းထားသည်။ ထိုနေရာများ၌ သိုးမွေးများ၊ အဝတ်စုတ်များ၊ သစ်ခေါက်များ၊ မြက်များ၊ သစ်ရွက်များ၊ သွတ်ထားသည့်အခင်းများ၊ ဖုံများရှိလေသည်။ ပွဲပြီးသည့်အခါတွင် ထိုပစ္စည်းများ ဖုံများထဲမှ ထုတ်ပြီးယူသွားကြ၏။ ပွဲသဘင်ကျင်းပသည့်နေရာ၌ သိုးမွေးများ၊ အဝတ်အစအနများ၊ သစ်ခေါက်များ၊ မြက်သစ်ရွက်များကို အမြောက်အမြား ဖုံများထဲမှ ထုတ်ပြီး လွှင့်ပစ်ထားသည်ကို တွေ့ရှိရပေ၏။ အပိုဖြစ်နေသည့်ယင်းပစ္စည်းများကို အသုံးပြုနိုင်လေသည်။ ထိုအကြောင်းနှင့် စပ်လျဉ်းပြီး ဗုဒ္ဓအား ရဟန်းများက မေးလျှောက်သည်ဖြစ်၍ ဗုဒ္ဓသည် ဤသို့

mgyoe.com

mgyoe.com


မိန့်တော်မူ၏။

"သိုးမွေး၊ အဝတ်အစအန၊ သစ်ခေါက်၊ မြက်၊ သစ်ရွက်–ဤ ငါးမျိုးဖြင့် ပြုလုပ်သော နေရာအခင်းကို ငါခွင့်ပြုသည်–ထိုပစ္စည်း များဖြင့် နေရာထိုင်ခင်း ချုပ်ခြင်းကို ငါခွင့်ပြုသည် –" (ဝိနည်း ပိဋကတ်)

ဝိနည်းပိဋကတ်၏အလိုအရ ဂိရဂ္ဂသမဇ္ဇာ(တောင်ထိပ်ပွဲ)၌ အက၊ အဆို၊ အတီးအမှုတ်များပြုလုပ်ကြကြောင်းလည်း သိရှိရလေသည်။

ရာဇဂြိုဟ်မြို့၏ဂိရဂ္ဂသမဇ္ဇာ(တောင်ထိပ်ပွဲသဘင်)၌ အက၊ အဆို၊ အတီး အမှုတ်များအပြင် ၎င်းတို့နှင့်အတူတကွ တစ်မျိုးတစ်ဖုံ ဇာတ်ကပြသော ပွဲသဘင်လည်း ကြီးကျယ်စွာ ကျင်းပပြုလုပ်ကြလေ သည်။ ထိုပွဲအတွက် နေရာနှင့် ထိုင်စရာ နေရာမြင့်မြင့်ကို ပြုလုပ်ဖို့ရန် မခဲယဉ်းပေ။ သို့ရာတွင် ပရိသတ်ထောင်များစွာ စုဝေးရောက်ရှိလာ သောအခါ၌မူ ထိုပရိသတ်များအထိ အသံရောက်ရှိဖို့ရန်မှာလည်း ကောင်း၊ အဝေးမှ သရုပ်ဖော်ကပြနေသည်ကို မြင်ရဖို့ရန်မှာလည်း ကောင်း၊ မလွယ်ကူတော့ပေ။

သို့ဖြစ်၍ ပြဇာတ်ကပြမှုမှာ သတ်မှတ်ပိုင်းခြားထားသော လူ တစ်စုအတွက်သာလျှင် ဖြစ်နိုင်လေသည်။ ပရိသတ်ထိုင်ရန်နေရာကို လည်း ချဲ့ထား၍မဖြစ်ပေ။ ဘုရင်များနှင့် အထက်တန်းလွှာမှ ပုဂ္ဂိုလ် များ၏ စိတ်ပျော်ရွှင်မှုအတွက် အရေအတွက် သတ်မှတ်ပိုင်းခြားထား သည့်ပရိသတ်၏အလယ်၌ ဇာတ်ကပြမှုများလည်း ဖြစ်နိုင်လေသည်။ သို့ရာတွင် ထိုအကြောင်းရေးသားထားခြင်းကို ကျွန်ုပ်တို့သည် ပါဠိ စာပေ၌ မတွေ့ရပေ။

အကသည်လည်း အကနှင့် သရုပ်ဖော်မှုတစ်မျိုးပင်ဖြစ်သည်။ သို့ရာတွင် အက၌ အလွန်အဆင့်အတန်းမြင့်သည့် အဓိပ္ပာယ်ညွှန်ပြ ချက်ရှိနေသည်။ မြွေအက၊ ခြသေ့်(တိုးနယား)အက စသည်များမှာ အရင်းစစ်လိုက်လျှင် အတုပြုခြင်း မဟုတ်လျှင် မည်သည့်အရာ ဖြစ် သနည်း။ အတုပြုခြင်းသည် သရုပ်ဖော်အက (အဘိနယ)ပင် ဖြစ်လေ

mgyoe.com

သည်။ ကျွန်ုပ်တို့၏တိုင်းနိုင်ငံ၌ နောက်ပိုင်းတွင် ပြဇာတ်များ ထွန်းကားပြန့်ပွားလာခြင်း၌ ယွန်း(ဂရိတ်)လူမျိုးတို့နှင့် နီးနီးကပ်ကပ် ပေါင်းသင်းဆက်သွယ်မှုကြောင့် အရာဝတ္ထုများစွာ ပေါင်းစပ်ရောနှောမှု ရှိလာလင့်ကစား အစပထမ၌ သရုပ်ဖော်အက (အဘိနယ) လုံးဝမရှိဟူသောအဓိပ္ပာယ်ကား မဟုတ်ပေ။ ရဟန်းတို့သည် "နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန"မှ ရှောင်ကြဉ်ရလေသည်။ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းအပြင် "ဝိသုက ဒဿန"၏ အဓိပ္ပာယ်မှာ သရုပ်ဖော်ပြခြင်း တစ်စုံတစ်ရာကို ဆိုလိုခြင်း ဖြစ်လေသည်။

လူထုအမြောက်အမြား ကြည့်ရှုနိုင်ရန်အတွက် ဂိရဂ္ဂသမဇ္ဇာ (တောင်ထိပ်ပွဲသဘင်)ကဲ့သို့ လေးဖက်လေးတန်တွင် စင်ထိုးပြီး၍သော်လည်းကောင်း၊ ကြည့်ရသည်။ သို့တည်းမဟုတ် သဘာဝအားဖြင့် တည်ရှိနေသောတောင် သို့မဟုတ် ကုန်းမြင့်ကိုသော်လည်း ဇာတ်စင်အဖြစ် အသုံးပြုရလေသည်။ ပွဲသဘင်တို့၌ ယခုခေတ်တွေ့မြင်ရသကဲ့သို့ အရက်သေစာသောက်စားခြင်း၊ ကြွေအန်လောင်းကစားခြင်းနှင့် အခြား အကျင့်စာရိတ္တပျက်စီးစေသည့် အပျော်အပါးများလည်း ရှိလေသည်။ ထိုအလောင်းအစား အပျော်အပါးများသည် ထိုခေတ်ကလည်း ရှိခဲ့လေသည်။ သို့ဖြစ်၍ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်းနှစ်ရာ့အစိတ် အလွန်တွင် ပေါ်ပေါက်ခဲ့သည့် အသောကဘုရင့်သည် သမဇ္ဇာ (ပွဲသဘင်)၌ အပြစ်အမျိုးမျိုး တွေ့မြင်သိရှိရသည်ဖြစ်၍ ပွဲလမ်းသဘင်များကို မကျင်းပ မပြုလုပ်ရန် အမိန့်အာဏာ ထုတ်ပြန်ကြေညာခဲ့လေသည်။

❁ ❁ ❁

mgyoe.com

mgyoe.com

# အဝန္တိ၌ တရားဓမ္မဖြန့်ဖြူးခြင်း

ဗုဒ္ဓဘာသာသည် ယခုခေတ် အရှေ့ဥတ္တရာပရဒေရှ်နှင့် ဗီဟာ-ဟူသောအမည်နာမဖြင့် ထင်ရှားနေသော ကာသိ၊ ကောသလ၊ မဂဓ၊ မလ္လ၊ ဝဇ္ဇီ၊ ဝိဒေဟ ဇနပုဒ်တို့၌ အစပြုခဲ့လေသည်။ သို့ရာတွင် ဗုဒ္ဓဘာသာကို ဖြန့်ဖြူးရာ၌ အဝန္တိတိုင်းသည် အရေးကြီးသော အခန်းကပါဝင်ခဲ့ပေသည်။ ယခုခေတ် ကျွန်ုပ်တို့ မာလဝဟုခေါ်သော ဒေသကို ဗုဒ္ဓလက်ထက်တော်အခါက အဝန္တိဟုခေါ်လေသည်။ လေးနှင့်ငါးရာစုနှစ်၌ ပန်ဂျဗ်မှပြေးလာကြသော မာလဝဂဏမှ လူများသည် အဝန္တိနယ်မြေပေါ်၌ ခြေချလိုက်သောအခါ အဝန္တိ၏အမည်သည်လည်း မာလဝဟု တွင်သွားလေ၏။ အဝန္တိတိုင်းသားတို့သည် ဗုဒ္ဓဘာသာကို ဖြန့်ဖြူးရာ၌ ကိုယ်ထိလက်ရောက် ပါဝင်ကြသည်။ ထိုမျှသာမက ၎င်းတို့၏ ဘာသာသည်လည်း ပါဠိအပေါ်၌ ကြီးစွာသောထင်ဟပ်မှုလွှမ်းမိုးမှုရှိလေသည်။

ပါဠိသည် အစမူလက မာဂဓိဘာသာ ဖြစ်သည်။ ပါဠိဟူသည်မှာ ပံတိ(အစဉ်အတန်း)ကို ဆိုလိုသည်။ ဗုဒ္ဓ၏ မုခပါဠ်တော်စကားအစဉ်အတန်းအတွက်သာလျှင် အစပထမတွင် ပါဠိဟူသော စကားလုံးကို အသုံးပြုခြင်းဖြစ်သည်။ သို့ရာတွင် ဥရောပ ပညာရှင်များသည်ယင်းဘာသာစကားကို အမည်နာမ တစ်ခုခုပေးရန် လိုလာကြ၏။

mgyoe.com

သို့ဖြစ်၍ သူတို့သည် ယင်းဘာသာစကားကို ပါဠိဟု စတင်ခေါ်ဝေါ်ကြခြင်းဖြစ်လေ၏။ ယခုအခါတွင် ထေရဝါဒ၏ ပိဋကတ်၊ အဋ္ဌကထာနှင့် အခြားကျမ်းဂန်များ၌ အသုံးပြုသည့် ဘာသာစကားကိုသာလျှင် ပါဠိဟုခေါ်ခြင်း မဟုတ်တော့ဘဲ အသောကခေတ်နှင့် အသောကခေတ်နောက်ပိုင်း အသုံးပြုသည့် ပြာကရိုက်ဘာသာထက်စောသော ဘာသာစကားများကိုလည်း ပါဠိတွင် ပေါင်းလိုက်ကြပေသည်။ ပါဠိခေတ်၌ (ဘီစီ ငါးရာစုနှစ်၌) အိန္ဒိယမြောက်ပိုင်း တစ်ခုလုံးရှိ ဘာသာစကားအားလုံးတို့၏ စုပေါင်းအမည်ကို ပါဠိဟု ခေါ်နိုင်လေသည်။ သို့ရာတွင် ထိုဘာသာစကားများ၌ ဒေသအလိုက် ကွဲပြားခြားနားမှုရှိလေသည်။ ယင်းအချက်မှာ အသောက၏ကျောက်စာများအရလည်း သိရှိရပေသည်။

အဝန္တီသည်လည်း မိမိပိုင်ဘာသာစကား ရှိလေသည်။ ယင်းဘာသာစကား၏ တိုးတက်သော အသွင်သည်ပင်လျှင် ယခုခေတ်မာလဝိဘာသာစကားဖြစ်လေသည်။ အဝန္တီအနီး၌ပင် ဒသာဏ္ဏဇနပုဒ်ရှိလေသည်။ ထိုဇနပုဒ်၏ အမည်နာမကို ဒဆာန်မြစ်၌ ယခုခေတ်တွင်လည်း တွေ့မြင်သိရှိရသည်။ ထိုအမည်သည် ယခုခေတ် ဗုန္ဒေလခန်ဒေသ၏ ကြီးစွာသော အစိတ်အပိုင်း၏ အမည်နာမ ဖြစ်လေသည်။ ဒသာဏ္ဏနှင့် အဝန္တီတို့၏ ဘာသာစကားများ၌ ထိုခေတ်က ဘယ်လိုဆက်သွယ်မှုရှိခဲ့သည် ဆိုသည်ကိုမူ ပြောပြဖို့ရန် ခဲယဉ်းလှပေသည်။ တစ်ခါတစ်ရံ၌ တစ်ခုတည်းသော ဘာသာစကားသည် ရာစုပေါင်းများစွာ ဒေသတစ်ခု၌ တိုးတက်ပြန့်ပွားနေပြီးအနီးအနား ပတ်ဝန်းကျင်ရှိဒေသများ၌လည်း အရိပ်ထင်ဟပ် လွှမ်းမိုးမှုရှိလေသည်။ အရိပ်ထင်ဟပ် လွှမ်းမိုးမှု ခံရသည့်ဒေသမှ ဘာသာစကားများမှာမူ မိမိတို့၏ သြဇာတန်ခိုးအချို့ကိုစွန့်လွှတ်ရပြီး ကွယ်ပျောက်သွားတတ်လေသည်။ ဒသာဏ္ဏသည် အဝန္တီ၏ အိမ်နီးနားချင်းဖြစ်၍ ဒေသနှစ်ခုလုံး၏ ဘာသာစကား၌ အကယ်၍ တူညီမှုရှိနေသည်ဆိုလျှင် ဒသာဏ္ဏ

mgyoe.com